ဒါနဥ္စ ဇတံ မင်္ဂလ မုတ္တမံ၊ ပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၂၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်မြို့တွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

စည်းလုံးညီညွတ်သည့် အစဉ်အလာကောင်းထိန်းသိမ်း



သမိုင်းစဉ်တစ်လျှောက် ညီညွတ်ခဲ့သည့်အစဉ်အလာ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုများတွင် တစ်ဦးအပေါ်တစ်ဦး နားလည်မှုအပြည့်အဝဖြင့် စည်းလုံးညီညွတ်ကြသည့် အစဉ်အလာကောင်းတို့ကို ဆက်လက်ထိန်းသိမ်းရေးသည် ကျွန်ုပ်တို့ ပြည်ထောင်စုတိုင်းရင်းသားတစ်ဦးချင်း၏ အရေးအကြီးဆုံးသော မြင့်မားမွန်မြတ်သည့် တာဝန်ကြီးတစ်ရပ်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၄၆)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုဒုတိယဝန်ကြီးချုပ်ခေါင်းဆောင်သောချစ်ကြည်ရေးအဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်တာဗီဘော့ဟီစိမ်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

အမျိုးသားစည်းလုံးညီညွတ်ရေးဦးစားပေးဆောင်ရွက် မှုဝါဒလမ်းစဉ် အောင်မြင်ရေး အင်တိုက်အားတိုက်ပါဝင်

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် "မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲ"(Seminar on Understanding Myanmar)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ၂၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park)၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာသံအမတ်ကြီးများ၊ အငြိမ်းစားမြန်မာသံအမတ်ကြီးများ၊ မြန်မာ့သမိုင်းပညာရှင်ကြီးများ၊ စီးပွားရေး ပညာရှင်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ ဘရူနိုင်း၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ ကိုရီးယား သမ္မတနိုင်ငံ၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ သုတေသနကျွမ်းကျင်ပညာရှင်များ၊ စာတမ်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင်–

"ယခုဆိုလျှင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အခြေခံလုပ်ငန်းရပ်များ ပြီးပြတ်သွားသည့်နှင့် လုပ်ငန်းစဉ်များကို ရှေ့ဆက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်ကြီး အောင်မြင် စေရန်အတွက် မိမိအနေနှင့် တရားဥပဒေဘောင်အတွင်းကို ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့ အနက် ၁၃ဖွဲ့ကို တွေ့ဆုံပြီး ဖြစ်ကြောင်း၊ ကျန်အဖွဲ့များနှင့်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားမှာ ဖြစ်ကြောင်း၊ ထို့အပြင် တရားဥပဒေဘောင်ထဲကို မဝင်ရသေးသည့် အဓိကအုပ်စုဖြစ်သော ကရင်အမျိုးသားညီညွတ်ရေးအဖွဲ့(ကေအင်န်ယူ)နှင့်လည်း စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း"

ပြောကြားသွားသည်။

သိပ္ပံနှင့်နည်းပညာ လျင်မြန်တိုးတက်မှုနှင့်အတူ ပြည်သူများ၏ စီးပွားရေးတိုးတက်မှု၊ လူနေမှု အဆင့်အတန်း ပိုမိုမြင့်မားလိုမှုဆန္ဒများကြောင့် ကမ္ဘာ့နယ်ပယ်အသီးသီးတွင် ပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း ခေတ်ရေစီးကြောင်းနှင့်အတူ လိုက်ပါလျက်ရှိသည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ပြန်လည်တည်ဆောက်နိုင်သည့်အတွက် ယခုအခါ နိုင်ငံတကာ၌ ဝင်ဆံ့သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

စည်းကမ်းကျနပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် ပြောင်းလဲဖြစ်ပေါ်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ကို ထုတ်ပြန်ကြေညာခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ရေးဆွဲရေးတွင် ပါဝင်ရမည့် အခြေခံမူများကို ချမှတ်ပေးသည့် အမျိုးသားညီလာခံ ပြန်လည် ကျင်းပခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွတ်လပ်ပြီး မျှတသော ရွေးကောက်ပွဲများကျင်းပခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်က နိုင်ငံကို ရှေ့ဆက်ဦးဆောင် သွားမည့် နိုင်ငံတော်အကြီးအကဲများ ရွေးချယ်တင်မြှောက်ခြင်း၊ အစိုးရနှင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းတို့ ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် မှီတင်းနေထိုင်ရာနိုင်ငံ ဖြစ်သည့်အတွက် အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပေသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးစုများ အားလုံး ချစ်ကြည် ရင်းနှီးမှု ခိုင်မာစေရေးနှင့် ၎င်းတို့မှီတင်းနေထိုင်ရာ ဒေသများ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု မြင့်မားရေးအတွက် အစွမ်းကုန် ကြိုးပမ်း အားထုတ်လျက်ရှိသည်။ ယနေ့အထိ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားစေရေးနှင့် ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းများ မြင့်မားလာစေရေးလုပ်ငန်းများအတွက် ကျပ်ငွေ ဘီလီယံ ၅၀ကျော်နှင့် အမေရိကန်ဒေါ်လာ သန်း၅၀၀ကျော်ကို သုံးစွဲခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးတွင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးသည် အဓိကကျသည့်အလျောက် နိုင်ငံတော်အစိုးရက အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်နေသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြောက်ဥက္ကလာပမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းက ဦးစီး၍ ကျောင်း ကြက်ခြေနီအသင်းများဖွဲ့စည်းခြင်း၊ အဆိုပြုလွှာပေးအပ်ခြင်းနှင့် တာဝန် ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ရက်က မြို့နယ်ခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းထံ ကြက်ခြေနီအသင်းဝင်အဆိုပြုလွှာ ၄၀၀၀ များကို မြို့နယ်ပညာရေးမှူး ဒေါ်အမရာဒေဝီက ပေးအပ်စဉ်။ (က–ပ)

သောကြာနေ့တိုင်း ထုတ်ဝေသည့် Star Sports ဂျာနယ် အမှတ် (၈၆) မျက်နှာဖုံး။ (က–ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ၂၀၀၂–၂၀၀၃ခုနှစ် ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သောဝန်ထမ်းသားသမီးတစ်ဦးအား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (လဝက)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပညာရည်ချွန်ဆုနှင့်ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပညာရည်ချွန်ဆုနှင့်ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ဂုဏ်ပြု အမှာစကားပြောကြားပြီး ၂၀၀၂–၂၀၀၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ထမ်းမိသားစုများမှ ငါး ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ငါးဦး၊ လေးဘာသာ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ လေးဦး၊ သုံးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူသုံးဦးအပါအဝင် ထူးချွန်စွာ အောင်မြင်ခဲ့ကြ သူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်သိ ထူးချွန် ဝန်ထမ်းသုံးဦး၊ ၂၀၀၂ခုနှစ်နှင့် ၂၀၀၃ခုနှစ်အတွင်း ရုံးတက် ပျက်ကွက်ရက်မရှိသော ဝန်ထမ်းများ၊ ရွှေတံခါးမှူး မဂ္ဂဇင်း ထုတ်ဝေရေးကော်မတီဝင်များနှင့် မဂ္ဂဇင်းမျက်နှာဖုံးရှင် ဝန်ထမ်းများ၊ ၂၀၀၃ ခုနှစ် အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် ဝန်ကြီးဌာန အမျိုးသားဘော်လီဘောအသင်းတို့အား ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါ လျက် ပြည်သူ့အင်အားဦးစီးဌာန ကွန်ပျူတာခန်းသို့ သွားရောက်ကာ ခေတ်မီကွန်ပျူတာများအသုံးပြု၍ လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် လျှပ်စစ်မီးအသုံးပြုမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီလက်ထရွန်နစ် သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

ဝါရင့်ကျွမ်းကျင် လက်ရွေးစင် အင်ဂျင်နီယာများဦးစီးသင်ကြားမည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စာတွေ့လက်တွေ့၊ အသုံးချလက်တွေ့ သင်တန်း၊ (ဝါယာရင်း၊ မော်တာ၊ ထရန်စဖော်မာ) လက်တွေ့အသုံးချ အီလက်ထရွန်နစ်သင်တန်း (ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို) Programmable Logic Controls (P.L.C) ရေးဆွဲနည်းကို Omronစက်ဖြင့် Onlineချိတ်ဆွဲပြီး လေ့ကျင့်ခြင်းသင်တန်းများကို ဖေဖော်ဝါရီ ၃ရက်တွင် သင်တန်းသစ်များ ဖွင့်လှစ်မည်ဖြစ်ရာ Elite Engineering Group အမှတ်၅၁ (မြေညီထပ်) ၃၈ လမ်း ကမ်းနားလမ်း ဘလောက် ရန်ကုန်မြို့ ဖုန်း–၂၄၂၂၂၆ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဇန်နဝါရီ ၂၅ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မီးဘေးကြိုတင်တားဆီး ကာကွယ်ရေး စီမံချက်အရ မီးရထားရပ်ကွက်ရှိ လူနေအိမ် အဆောက်အအုံ များအား မြို့နယ်ဥက္ကဋ္ဌဦးချစ်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယ ဦးစီးမှူးဦးနိုင်ဦး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်မြင့်တို့ပါဝင်သော မီးဘေးကြိုတင် တားဆီးကာကွယ်ရေးအဖွဲ့က လိုက်လံစစ်ဆေးပြီး ပြည်သူများအား မီးဘေး ကြိုတင်ကာကွယ်ရေး ရှင်းလင်းအသိပေးနှိုးဆော်မှုများ ကွင်းဆင်းဆောင် ရွက်ကြစဉ်။ (က–ပ)

ဇန်နဝါရီ ၂၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်မြို့တွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန် ဆီဆူလစ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမတွင် နှုတ်ဆက်စဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြန်မာအကြောင်းသိနားလည်မှုဆိုင်ရာဆွေးနွေးပွဲ နောက်ဆုံးနေ့ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာဆွေးနွေးပွဲ (Seminar on Under Standing Myanmar) ကို နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ စတင်လျက် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ဒုတိယ ဝန်ကြီး ဦးခင်မောင်ဝင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၊ မြန်မာသံအမတ်ကြီးများ၊ အငြိမ်းစား မြန်မာသံအမတ်ကြီးများ၊ မြန်မာ့သမိုင်းပညာရှင်ကြီးများ၊ စီးပွားရေးပညာရှင်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပြည်ပနိုင်ငံများဖြစ်သော ဘရူနိုင်း၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ သုတေသနကျွမ်းကျင် ပညာရှင်များ၊ စာတမ်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းက 'မြန်မာနိုင်ငံခြားရေးဝါဒ၏ ဦးစားပေး အစီအစဉ်များ' (Priorities in Myanmar Foreign Policy) စာတမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြက 'ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေး' (Co-operation with the United Nations)စာတမ်း၊ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက 'မြန်မာနိုင်ငံရှိ အမျိုးသမီးများ' (Women in Myanmar) စာတမ်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မောင်ညွန့်က 'သမိုင်းရေးရာနှင့် ယဉ်ကျေးမှုရေးရာ ရှုမြင်သုံးသပ်ချက်'(Historical and Cultural Aspects)စာတမ်းနှင့် ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာကျော်ဝင်းက 'မြန်မာနိုင်ငံ၏လူ့အခွင့်အရေးဆိုင်ရာ' (Human Rights in Myanmar) စာတမ်းတို့ကို ဖတ်ကြားကြရာ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် သုတေသီများက သက်ဆိုင်ရာ စာတမ်း အလိုက် တက်ကြွစွာ ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က နိဂုံးချုပ်အမှာစကား ပြောကြားကာ မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး တက်ရောက်သူများသည် ဇန်နဝါရီ ၂၉ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ဦးဆောင်လျက် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန် မြန်မာနိုင်ငံအထက်ပိုင်းသို့ လေ့လာရေးခရီး ထွက်ခွာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ဆည်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၈

ကျောက်ဆည်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က ရွှေတိဂုံစေတီတော် တောင်ဘက် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်ခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အစီအစဉ်အရ ရှေးဦးစွာ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မမြတ်မွန်ဇင်သိန်းအား အသင်း နာယက ဒေါ်ကြည်ခင်ကလည်းကောင်း၊ သုံးဘာသာ ဂုဏ်ထူးရှင် မကြည်လဲ့လဲ့ခိုင်အား မြဘုရင်နို့ ချက်စက်ရုံပိုင်ရှင်ဦးဝင်းမောင်ကလည်းကောင်း၊ နှစ်ဘာသာ ဂုဏ်ထူးရှင် မချယ်ရီဝင်းမြင့်အား နာယက ဦးထွန်းသာ(မောင်ရဲဝင်း)က လည်းကောင်း ပညာရည်ချွန်ဆုများ ချီးမြှင့်ကြသည်။ **(က-ပ)**

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာရက်သတ္တပတ်-၂၀၀၄ ကြည့်ရှုအားပေးသူ ပြည်သူများဖြင့်စည်ကား

ရန်ကုန် ဇန်နဝါရီ ၂၈

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ အဋ္ဌမနေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပသည်။ ပြပွဲသို့ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ၊ ရဟန်းရှင်လူ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြရာ အထူးစည်ကားလျက်ရှိသည်။

ကမ္ဘာနှင့်အဝန်း ITနည်းပညာများ လျင်မြန်စွာ တိုးတက်လျက်ရှိရာ ပြပွဲတွင် တိုးတက်ဖြစ်ထွန်းလျက်ရှိသော IT နည်းပညာများကို ပြသထားပြီး Success Copier Group Ltd.တွင် အရည်အသွေးမြင့် Canon မိတ္တူကူးစက်နှင့်အပိုပစ္စည်းမျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်း၊ တစ်နှစ်လက်ခမဲ့ ပြုပြင်ပေးခြင်း၊ နှစ်လတစ်ကြိမ် ပုံမှန် Servicing လုပ်ပေးခြင်း၊ နှစ်လအတွင်း စက်များပျက်လျှင် အသစ်လက်ခမဲ့ ပြန်လည်တပ်ဆင်ပေးခြင်း စသည့် ဝန်ဆောင်မှုများပေးလျက်ရှိသည်။

Myanmar Technology Gateway Co.,Ltd. တွင် Software Products များ၊ Hardware Computer Set များကို Discount ဖြင့် ရောင်းချပေးလျက်ရှိပြီး Application Software များ အခမဲ့ ထည့်သွင်းပေးခြင်း၊ တစ်နှစ်အတွင်း ပျက်စီးမှုအတွက် ပစ္စည်းတန်ဖိုးနှင့် လက်ခမဲ့ လဲလှယ်ပြင်ဆင်ပေးခြင်း၊ Networking Installationများ ပြုလုပ်ပေးခြင်း၊ ဝယ်ပြီးကွန်ပျူတာများ Virus ဝင်ရောက်မှုမှ ကာကွယ်ရန် Autivirus Update Definition များ အခမဲ့ဆောင်ရွက်ပေးခြင်း၊ MTG ၏ Service Team မှလည်း End User Customer များအတွက် On Call Service များ၊ စီးပွားရေးကုမ္ပဏီများနှင့် ချိတ်ဆက်ရန် Service Contract များကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိသည်။

TECH Training Centre တွင် အင်ဂျင်နီယာသင်တန်းများ၊ Computer သင်တန်းများ၊ General Business Management သင်တန်းများ ဖွင့်လှစ်ထားရှိပြီး နွေရာသီကျောင်းပိတ်ရက်တွင် အင်္ဂလိပ်စာနှင့်ကွန်ပျူတာသင်တန်းများ တက်ရောက်မည့် ကလေးများအတွက် ကြိုပို့ကား စီစဉ်ပေးကြောင်း သိရှိရသည်။

Micro Computer Co., Ltd. မှ Micro တံဆိပ် ကွန်ပျူတာများ၊ Liberta တံဆိပ် Laptop PC Notebook၊ Toplat PC၊ Digital Camera များ၊ Soyo တံဆိပ် Motherboard ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ Network ပစ္စည်းများကို After Sale Service Warranty ပေး၍ အထူးနှုန်းဖြင့်ရောင်းချပေးလျက်ရှိပြီး ရုံးဌာနများတွင် အသုံးပြုလျက်ရှိသော များ ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်း၊ Networking ဝန်ဆောင်မှုလုပ်ငန်းများကို စာချုပ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရှိရသည်။

Win Win War Co.,Ltd. မှ Website များ ရေးဆွဲတည်ဆောက်ပေးခြင်း၊ ကိုယ်ပိုင် Domain Name များ မှတ်ပုံတင်ပေးခြင်း၊ Mail 4 U e-Mail Account နှင့် Access Card များ ရောင်းချခြင်း၊ Design Printing Services Co., Ltd. (DPS) အနေနှင့် မြန်မာပြည်နှင့် ရန်ကုန်မြို့နယ်မြေပုံများ၊ မြို့တော်ရန်ကုန်စီဒီများ ရောင်းချပေးလျက်ရှိပြီး မြန်မာပြည်နှင့် ရန်ကုန်မြေပုံများတွင် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်း၏ Data များ ထည့်သွင်းပြီး လိုအပ်သည့် အရွယ်အစားများ မှာယူနိုင်ကြောင်း သိရှိရသည်။

ပြပွဲကို ရက်တိုးမြှင့်ပြီး ဇန်နဝါရီ ၃၁ ရက် (စနေနေ့) အထိ နံနက် ၉ နာရီ မှ ညနေ ၅ နာရီအတွင်း ပြည်သူများအား အခမဲ့ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

ရေဝတီတိုင်း အင်္ဂပူမြို့နယ် ယဉ်ကျေးမှုမင်္ဂလာတရားတော် ပြန့်ပွားရေးအသင်းကြီးနှင့် ရန်ကုန်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)တို့ ပူးပေါင်း၍ မင်္ဂလာဘွဲ့ဂုဏ်ပြုပူဇော်ပွဲနှင့် ယဉ်ကျေးမှုမင်္ဂလာ ဆုနှင်းပွဲကို ဖေဖော်ဝါရီ ၄ ရက်တွင် ပရိယတ္တိစံကျောင်းတော်၌ ကျင်းပပြုလုပ်မည်ဟု သိရသည်။ **(က-ပ)**



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၂၄)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် ပဉ္စမအကြိမ် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်း (FDI)နှင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ပူးတွဲအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျောဖုံးမှ

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြားရာတွင် သွားဘက်ဆိုင်ရာ ဆရာဝန်များ၏ နှစ်ပတ်လည်ညီလာခံများကို ယခုကဲ့သို့ (၂၄)ကြိမ်မြောက်သည် အထိ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် စုစည်းညီညွတ်ခိုင်မာသည့် တိုင်းကျိုးပြည်ဆောင် အသင်းကြီးအဖြစ် အမျိုးသားရေးမျက်နှာစာမှာ ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်မှုကို ဖော်ညွှန်းပြသနေခြင်းဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

အပြည်ပြည်ဆိုင်ရာသွားဘက်ဆိုင်ရာအဖွဲ့အစည်း(FDI)၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၀၀ပြည့်နှစ်မှစပြီး မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့်ယှဉ်တွဲပြီး အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့၏ ပညာရပ်ဆိုင်ရာ ပူးတွဲအစည်းအဝေး (FDI-MDA Joint Educational Meeting) များကို ယခုပဉ္စမအကြိမ်တိုင်အောင် နှစ်စဉ်မပျက် ကျင်းပလာခဲ့ခြင်းသည်လည်း မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ပြည်သူများ၏ သွားဘက်ဆိုင်ရာ ကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေးကဏ္ဍများတွင် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်းကြီးနှင့်တကွ နိုင်ငံတကာသွားဘက်ဆိုင်ရာ ဆေးပညာရှင်များနှင့်ပါ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေမှုကို ဖော်ညွှန်းပြသနေခြင်းဖြစ်သည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

အခြေခံကောင်းတိုးပွား

ဤကဲ့သို့ နိုင်ငံတကာသွားဘက်ဆိုင်ရာ ဦးဆောင်အဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပူးတွဲအစည်းအဝေး ကျင်းပမှုများ ပြုလုပ်နိုင်သည့်အတွက် အမြဲတိုးတက်ပြောင်းလဲနေသော သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ၊ သွားဘက်ဆိုင်ရာ ကုထုံးနည်းစနစ်သစ်များ၊ သွားဘက်ဆိုင်ရာ ခေတ်မီဆေးပစ္စည်းကိရိယာများကို မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ရရှိအသုံးပြုနိုင်သကဲ့သို့ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များ အတွေ့အကြုံ ဆွေးနွေးဖလှယ်ပြီး ပိုမိုတိုးတက် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေခံကောင်းများလည်း တိုးပွားဖြစ်ထွန်းစေမှာ အမှန်ပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဂုဏ်သိက္ခာမြင့်မားစွာဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရန် မိမိတို့၏ကိုယ်ပိုင်အမျိုးသားရေးစွမ်းပကားနှင့် ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်သည့်အတွက် မိမိနိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးသည် အခြေခံအကျဆုံးသော အမျိုးသားရေးလိုအပ်ချက်ပင်ဖြစ်ကြောင်း။

ဘက်စုံကဏ္ဍစုံကြိုးပမ်း

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးဆိုသည့် မွန်မြတ်မြင့်မားသည့် ဦးတည်ချက်ကိုချမှတ်ပြီး တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းနှင့် အရည်အသွေးကို မြှင့်တင်ပေးနိုင်စေရန် ဘက်စုံကဏ္ဍစုံက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ တစ်မျိုးသားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းနှင့် အရည်အသွေးတိုးတက် လွှမ်းခြုံမြှင့်တင်ပေးနိုင်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသား ကျန်းမာရေးစီမံကိန်းများ ချမှတ်ပြီး စနစ်တကျကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် သွားနှင့်ခံတွင်းကျန်းမာရေး ကဏ္ဍကိုလည်း အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် တစ်ခန်းတစ်ကဏ္ဍထည့်သွင်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အထူးသဖြင့် ပဏာမသွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိရာတွင် ကျောင်းသူကျောင်းသားလူငယ်များ၊ လူရွယ်လူလတ်များနှင့် သက်ကြီးရွယ်အိုများ၏ ပဏာမ သွားနှင့်ခံတွင်း ကျန်းမာရေးတိုးမြှင့်စောင့်ရှောက်ပေးရန် သွားရောဂါကာကွယ်နည်းများ ထိထိရောက်ရောက် အသုံးပြုနိုင်စေရန်၊ ခံတွင်းကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ စားသုံးသည့် အလေ့အကျင့်ရှိလာစေရန်၊ မူလတန်းကျောင်းသူကျောင်းသားများ သွားနှင့်ခံတွင်း နည်းစနစ်မှန်ကန်စွာသန့်စင်တတ်စေရန်၊ ပြည်သူလူထုအတွင်း သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ မှန်ကန်သည့် အသိအမြင်နှင့် အလေ့အကျင့်ရရှိလာစေရန် ဘက်စုံကဏ္ဍစုံတွင် ဖြန့်ကြက်စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း။

အထူးအလေးထား

ထို့ပြင် သွားဘက်ဆိုင်ရာ ဆေးပညာကဏ္ဍတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သွားဘက်ဆိုင်ရာ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ အဆင့်မြင့်ပညာစဉ်ဆက်မပြတ် သင်ယူနိုင်ရေး၊ နိုင်ငံတကာမှာ တိုးတက်ဖြစ်ထွန်းနေသော သွားဘက်ဆိုင်ရာ ဆေးပညာဖွံ့ဖြိုးတိုးတက်မှုများ၊ သိပ္ပံနှင့်နည်းပညာတိုးတက် ဖြစ်ထွန်းမှုများနှင့် လိုက်လျောညီထွေစွာ မြန်မာနိုင်ငံ၏ သွားဘက်ဆိုင်ရာ ဆေးပညာနှင့် ကုသမှုဆိုင်ရာအရည်အသွေးများ တိုးတက်ဖြစ်ထွန်းစေရေး အစီအမံများကို နိုင်ငံတော်အစိုးရက အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသများ၊ ကျေးလက် အစွန်အဖျားအပါအဝင် တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးနိုင်စေရန်အတွက် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် ဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးမှု၊ ဆေးရုံများအဆင့်မြှင့်တင်ပေးမှုများ၊ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ ခေတ်မီဆေးရုံသုံးပစ္စည်းကိရိယာများ တပ်ဆင်ပေးမှုများကို ဆောင်ရွက်လျက်ရှိရာတွင် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးရေးအတွက်ပါ အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဆိုလျှင် ခရိုင်အဆင့်ဆေးရုံကြီးတိုင်းတွင် သွားဘက်ဆိုင်ရာ အထူးကုဌာနများ၊ အထူးကုသမားတော်ကြီးများ၊ သွားဘက်ဆိုင်ရာခေတ်မီပစ္စည်း ကိရိယာများတပ်ဆင်ပေးထားပြီးဖြစ်ကြောင်း။

ပိုမိုမွေးထုတ်နိုင်

သွားဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရေးတွင်လည်း ယခင်ခေတ်ကာလက သွားဘက်ဆိုင်ရာ တက္ကသိုလ်တစ်ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် ရန်ကုန်နှင့် မန္တလေးသွားဘက်ဆိုင်ရာ တက္ကသိုလ်နှစ်ခုရှိလာပြီဖြစ်သည့်အပြင် ကျောင်းသားဦးရေတိုးမြှင့် လက်ခံသင်ကြားပေးနေသည့်အတွက် သွားဘက်ဆိုင်ရာဆရာဝန်များ ယခင်ကထက် နှစ်ဆကျော် ပိုမိုမွေးထုတ်နိုင်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် ၁၉၈၇ခုနှစ်တွင် သွားဘက်ဆိုင်ရာ ဆရာဝန်ပေါင်း ၈၀၀ ခန့်သာရှိခဲ့ရာမှ ယခုဆိုလျှင် သွားဘက်ဆိုင်ရာဆရာဝန်ပေါင်း ၁၅၀၀ ခန့်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်သည့် သွားဘက်ဆိုင်ရာဆရာဝန်များအနေဖြင့်လည်း ယခင်ခေတ်ကာလက ၃၀၀ ခန့်သာရှိခဲ့ရာက ယခုဆိုလျှင် ၅၀၀ ခန့်အထိ တိုးတက်ခန့်ထားနိုင်ပြီဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

သို့ရာတွင် မြန်မာနိုင်ငံ၏လူဦးရေ ၅၂သန်းကျော်တွင် သွားဘက်ဆိုင်ရာ ဆရာဝန် ၁၅၀၀ ခန့်သာရှိသေးသည့်အတွက် ပြည်သူလူထု၏ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးတွင် သွားဘက်ဆိုင်ရာ ဆရာဝန်များအပါအဝင် သွားဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရဦးမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သွားဘက်ဆိုင်ရာ ဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားသည့် သွားဘက်ဆိုင်ရာပညာရှင်များ၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းလာစေရန် စနစ်တကျစီမံ ချမှတ်အားပေးဆောင်ရွက်လျက်လည်းရှိကြောင်း။

ယခုဆိုလျှင် ရန်ကုန်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှင့် ယှဉ်တွဲပြီး သွားနှင့်ခံတွင်းဆိုင်ရာ သင်ကြားရေးဆေးရုံသစ်ကြီးတစ်ခုကို စတင်တည်ဆောက်နေပြီဖြစ်သည့်အတွက် မဝေးလှသော အနာဂတ်ကာလတွင် နိုင်ငံတကာအဆင့်မီ သင်ကြားရေးဆေးရုံသစ်ကြီး ပေါ်ထွန်းလာတော့မည်ဖြစ်သည့်အပြင် အခြားသော နိုင်ငံတကာသွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ နည်းတူ ဤသင်ကြားရေးဆေးရုံသစ်ကြီးတွင် သွားနှင့်မျက်နှာ၊ မေးရိုး၊ ခံတွင်းရောဂါ ခွဲစိတ်ကုသမှုများ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုများကို အဆင့်အတန်းမြင့်မြင့်မားမားနှင့် ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း။

အဆင့်မြင့်သွားဘက်ဆိုင်ရာ ဆေးပညာရပ်များစဉ်ဆက်မပြတ် သင်ယူနိုင်ရေးအတွက်လည်း သွားဘက်ဆိုင်ရာ မဟာသိပ္ပံ(M.D.Sc)သင်တန်းများ၊ သွားဘက်ဆိုင်ရာဆေးပညာ ဒီပလိုမာဘွဲ့လွန်သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့သည့်အတွက် ယခုဆိုလျှင် သွားဘက်ဆိုင်ရာ မဟာသိပ္ပံ (M.D.Sc)ဘွဲ့ရ ၈၅ ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဒီပလိုမာဘွဲ့ရ ၄၉ ဦး ပေါ်ထွန်းလာခဲ့ပြီးဖြစ်ကြောင်း။

ကြိုးစားဆောင်ရွက်

ထို့အပြင် ရန်ကုန်ဆေးတက္ကသိုလ်(၁)တွင် ပထမဦးဆုံးအကြိမ် ဖွင့်လှစ်သည့် မျက်နှာ၊ မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုသမှုပါရဂူ(Ph.D)ဘွဲ့သင်တန်းတွင်လည်း သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး တက်ရောက်လျက်ရှိသကဲ့သို့ ၂၀၀၂-၂၀၀၃ပညာသင်နှစ်တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၏ ပထမဆုံးသောပါရဂူဘွဲ့သင်တန်းဖြစ်သည့် (Oral Medicine and Oral Pathology, Ph.D)သင်တန်းကို ဖွင့်လှစ်နိုင်ပြီဖြစ်သည်မှာ သွားဘက်ဆိုင်ရာ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားပေါ်ထွန်းရေးအတွက် အားရကျေနပ်ဖွယ် တိုးတက်ဖြစ်ထွန်းမှုများပင်ဖြစ်ကြောင်း၊ ဆက်လက်ပြီး သွားနှင့်ခံတွင်းဆေးပညာဘာသာရပ်ဆိုင်ရာ ပါရဂူဘွဲ့သင်တန်းများ တိုးတက် ဖွင့်လှစ်သွားရန် အစီအစဉ်များရှိသည်ဟု သိရသည့်အတွက် အကောင်အထည်ပေါ်ဖြစ်ထွန်းလာသည်အထိ ကြိုးစားဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးအနေဖြင့် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု အပါအဝင် သွားဘက်ဆိုင်ရာ ကျန်းမာရေးကဏ္ဍတစ်ရပ်လုံး တိုးတက်ဖွံ့ဖြိုးရေးအတွက် စနစ်တကျဖြန့်ကြက်စီမံ ဆောင်ရွက်နေသည့် အခြေအနေအချိန်အခါကောင်းတွင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးနှင့်တကွ အသင်းဝင် သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများ၏ တက်ကြွသည့်ပူးပေါင်း ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်အတွင်း သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ နိုင်ငံတကာအဆင့်မီ တိုးတက် ဖွံ့ဖြိုးလာမှုများ၊ ပြည်သူအများ၏ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးအဆင့်အတန်းနှင့် အသိပညာတိုးတက်မြင့်မားလာမှုများကို ထင်ထင်ရှားရှား တွေ့မြင်နေရပြီလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် နိုင်ငံတော်အစိုးရ၏ ပဏာမသွားနှင့်ခံတွင်း ကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာပေးမှုလုပ်ငန်းများ၊ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ အခမဲ့ခွဲစိတ်ကုသပေးမှု လုပ်ငန်းများကို မိမိအသင်းကြီးကိုယ်တိုင်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများ၊ အခြားသောစေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလျက်သော်လည်းကောင်း တက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

အားရကျေနပ်

အထူးသဖြင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် ကမ္ဘာ့လူသားအားလုံးကို အန္တရာယ်ပြုနေသည့် HIV-AIDS ရောဂါတားဆီးကာကွယ်ရေး လုပ်ငန်းများမှာ ပူးပေါင်းပါဝင်ပြီး သွားဘက်ဆိုင်ရာ ဆေးကုသမှုမှတစ်ဆင့် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်စေရန် လိုအပ်သည့် အစီအမံများ၊ ပညာပေးမှုများကို စနစ်တကျစီမံ ဆောင်ရွက်နေသည်မှာ အားရကျေနပ်ဖွယ်ပင်ဖြစ်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းအနေဖြင့် သွားဘက်ဆိုင်ရာ ဆေးပညာရှင်များ၏ စဉ်ဆက်မပြတ် ပညာရည်ပြန့်ပွားရေး (Continuing Education)အတွက် လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့် သွားဘက်ဆိုင်ရာ ဆေးပညာရပ်များနှင့်အညီ သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် မွမ်းမံသင်တန်းများ၊ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာရပ်ဆိုင်ရာစာတမ်းစာစောင်များ ပြုစုဖြန့်ဝေမှုများ၊ နိုင်ငံတကာသွားဘက်ဆိုင်ရာ အစည်းအဝေးများ၊ ဆွေးနွေးပွဲများသို့ စေလွှတ်မှုများစသည့် ပညာပြန့်ပွားရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

တစ်မျိုးသားလုံးဂုဏ်ယူဖွယ်

ယနေ့အချိန်အခါတွင် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းညီညာသည့် အမျိုးသားရေးစွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်စေရန်၊ မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး အရင်းအမြစ်စွမ်းအားစုများကို ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် တူညီသောရည်မှန်းချက်နှင့် စုစည်းခိုင်မာသည့် စွမ်းအားစုများအဖြစ် ပေါင်းစည်းတည်ဆောက်ပေးလျက်ရှိကြောင်း၊ ဤကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းကြီးအနေဖြင့် သွားဘက်ဆိုင်ရာဆရာဝန်များကို စည်းရုံးဦးဆောင်ပြီး အမျိုးသားရေးအကျိုးစီးပွားကို သွားနှင့်ခံတွင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုမှတစ်ဆင့် ဖန်တီးဖော်ဆောင်ပေးနေသည့်အပြင် အမျိုးသားရေးမျက်နှာစာတွင် နိုင်ငံတော်က အားထားရသည့် တိုင်းကျိုးပြည်ဆောင်စွမ်းအားစုတစ်ရပ်အဖြစ် ခိုင်ခိုင်မြဲမြဲရပ်တည်နေခြင်းသည် သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများအတွက်သာမက တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ စိန်ခေါ်မှုများနှင့်ကြုံရမည် ဒေးဗစ်ကယ်လီသေဆုံးမှု ဝန်ကြီးချုပ်၌ အပြစ်ရှိဟုဆို

ဇန်နဝါရီ ၂၇ ရက်က ဘဂ္ဂဒက်မြို့တောင်ဘက် ဒူရာခရိုင်ရှိ လူစည်ကားရာ လမ်းမတစ်ခုတွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးအနီးတွင် စစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၂၇

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် ယခုသီတင်းပတ်အတွင်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကာ ယခင်က တစ်ခါမျှမဖြစ်ဖူးခဲ့သော ၎င်း၏ ရာထူးတာဝန်နှင့် အာဏာကို အစမ်းသပ်ခံရတော့မည်ဖြစ်သည်။ လာမည့်အင်္ဂါနေ့၌ ဗြိတိန်ပါလီမန်တွင် တိုနီဘလဲ အဆိုပြုထားသော ကျောင်းစရိတ်တောင်းခံရေးမူကြမ်းကို မဲခွဲရန်ရှိရာ ၎င်း၏ လေဘာတီ ပါတီဝင်အချို့က ကန့်ကွက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်လျက်ရှိသည်။ အကယ်၍ အဆိုပါဥပဒေမူကြမ်း မဲခွဲရာမှာ တိုနီဘလဲ အရေးနိမ့်လျှင် ၎င်း၏ လုပ်ပိုင်ခွင့် အာဏာ လျော့ပါးဖွယ်ရှိသည်။

ထို့အပြင် အစိုးရက အီရတ်လက်နက်များဆိုင်ရာ အစီရင်ခံစာအား ချဲ့ကား ရေးသားသည်ဆိုသော ဘီဘီစီ၏ သတင်းနှင့်ပတ်သက်ပြီး တိုနီဘလဲက ၎င်းပြောကြားချက်မှာ ဝန်ကြီးချုပ်ရုံးနှင့် ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို တိုက်ခိုက်ခြင်းဖြစ်ကာ ယင်းစွပ်စွဲချက် မှန်ကန်ပါက ၎င်းရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ဖူးသည်။

ခွင့်မပြု

အဆိုပါသတင်း၏ ဇာစ်မြစ်အဖြစ် လက်နက်ပါရဂူ ဒေးဗစ်ကယ်လီသည် လူသိရှင်ကြား အမည်ထုတ်ဖော်ခံရပြီးနောက် မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့သည်။ သေကြောင်း ကြံစည်မှုနှင့်ပတ်သက်ပြီး စုံစမ်းရာတွင် တိုနီဘလဲက ၎င်းအနေဖြင့် ကယ်လီ၏အမည်ကို ထုတ်ဖော်ရန် ခွင့်မပြုခဲ့ကြောင်း ဖြေကြားခဲ့သည်။

နုတ်ထွက်စေလို

သို့ရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ထိပ်တန်းအရာရှိများကပင် အဆိုပါအချက်ကို မယုံကြည်ကြဘဲ တိုနီဘလဲကိုယ်တိုင် တက်ရောက်သော အစည်းအဝေးပြီးဆုံးမှသာ ကယ်လီ၏အမည်ကို စာနယ်ဇင်းသို့ ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဖြေကြားခဲ့ကြသည်။ စစ်တမ်းကောက်ယူချက်များအရ ဒေးဗစ်ကယ်လီ သေဆုံးမှုအတွက် ဝန်ကြီးချုပ်မှာ အပြစ်ရှိခဲ့ကြောင်း စုံစမ်းစစ်ဆေးမှု လူထုအများစုက တိုနီဘလဲကို နုတ်ထွက်စေလိုကြောင်း သိရသည်။

(အင်အိပ်ချ်ကေ)

အီရတ်၌ အူရောင်ငန်းဖျားရောဂါ ကူးစက်ပျံ့ပွားမှု ပိုများလာနိုင်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

အူရောင်ငန်းဖျားရောဂါ ကူးစက်ဖြစ်ပွားမှု အကြီးအကျယ် ပိုများလာနိုင်ကြောင်းနှင့် အသည်းခြောက်ရောဂါကြောင့် သေဆုံးမှုများ ပိုဖြစ်နိုင်စရာရှိကြောင်း အီရတ်ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်က သတိပေးထားသည်ဟု အယ်လ်နာဒါသတင်းစာက တနင်္ဂနွေနေ့၌ ရေးသားဖော်ပြလိုက်သည်။

ဖြစ်ပွား

ဘဂ္ဂဒက်အရှေ့တောင်ဘက် ဂျစ်ဆာဒီယာလာအနီး၌ အူရောင်ငန်းဖျားဖြစ်ပွားသူ ၁၈၃ ဦးမက ရှိပြီး မာဂျာခရိုင်ရှိ ကျေးရွာ၌ ၁၀၀ ကျော်ဖြစ်ပွားကြောင်း ကျန်းမာရေးအခြေအနေစောင့်ကြည့်ရေး အထွေထွေမန်နေဂျာ နီမာဆာအက်ဒ်က ပြောကြားသည်။

ရောဂါကူးစက်ပျံ့နှံ့ရသည့် အကြောင်းရင်းမှာ မသန့်ရှင်းသောရေနှင့်ကျန်းမာရေး သတိမရှိမှုကြောင့် ဖြစ်ကြောင်း နီမာက ပြောဆိုသည်။

ထို့ပြင် သတင်းရပ်ကွက်က အသည်းခြောက်ရောဂါကြောင့် လူ ၇၀ ကျော် သေဆုံးကြောင်းလည်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

၁၂ထပ် အဆောက်အအုံ ကိုင်ရိုမြို့၌ပြိုကျ

ကိုင်ရို ဇန်နဝါရီ ၂၇

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ၁၂ထပ် အဆောက်အအုံသည် တနင်္လာနေ့တွင် အောက်ခြေပိုင်း၌ မီးအကြီးအကျယ် လောင်ကျွမ်းခဲ့ပြီး ပြိုကျသွားကြောင်း အီဂျစ်၏ အရှေ့အလယ်ပိုင်းသတင်းဌာနက သတင်းထုတ်ပြန်သည်။

သေဆုံးသည့်သတင်း မသိရသေးကြောင်း၊ အဆောက်အအုံ၏ အောက်ခြေပိုင်းမှာ ဆိုင်ခန်းများဖြစ်ကြောင်း မီနာသတင်းဌာနက ရေးသားသည်။ အဆောက်အအုံ၏ အစိတ်အပိုင်းများ ပြိုကျမှုကြောင့် မီးသတ်သမားများ မီးမငြိမ်းသတ်နိုင်ဟု ဆိုသည်။

လွန်ခဲ့သည့်မေလ၌ ကိုင်ရိုမြို့တွင် လူနေခြောက်ထပ် အဆောက်အအုံ ပြိုကျခဲ့ရာ လူခုနစ်ဦး သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ဆိုင်ရာ ဗြိတိန်ထောက်လှမ်းရေးသတင်းများ မပြည့်မစုံနှင့် အားနည်းချွတ်ယွင်းမှုရှိခဲ့

လန်ဒန် ဇန်နဝါရီ ၂၆

ဗြိတိသျှ အငယ်တန်းကာကွယ်ရေးဝန်ကြီးဟောင်းက ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ အစိုးရသည် ပြည့်စုံမှုမရှိသော ထောက်လှမ်းရေးသတင်းများအပေါ် အခြေခံပြီး အီရတ်နိုင်ငံကို စစ်တိုက်ခဲ့သည်ဆိုသောကိစ္စမှာ ပို၍ပို၍ ထင်ရှားလာလျက်ရှိသည်ဟု ယမန်နေ့က ထုတ်ဖော် ပြောကြားခဲ့သည်။

အငယ်တန်းကာကွယ်ရေးဝန်ကြီးဟောင်း လူဝစ်မိုနီးမှာ ယမန်နှစ် ဇွန်လတွင် ဗြိတိန်ဝန်ကြီးအဖွဲ့၌ ရာထူးအပြောင်းအလဲများ ပြုလုပ်စဉ် အဖြုတ်ခံလိုက်ရသော ဝန်ကြီးဖြစ်သည်။ ၎င်းက ဗြိတိန်အစိုးရ၏ အီရတ်နိုင်ငံတွင် ဖျက်အားပြင်း လက်နက်များရှိသည်ဆိုသော ထောက်လှမ်းရေးသတင်းအရ စွပ်စွဲချက်များသည် မှားယွင်းနေကြောင်း မကြာမီ ထုတ်ဖော်ပြောကြားရမည့် အခြေအနေရှိသည်ဟု ပြောကြားလိုက်သည်။

ဝန်ကြီးဟောင်း မိုနီးက စကော့ရုပ်မြင်သံကြားသို့ ပြောကြားရာ၌ အကယ်၍ ထောက်လှမ်းရေးသတင်း မပြည့်မစုံဖြစ်နေသည်ဆိုသော အချက်မှာ တို၍ထင်ရှားလာလျှင် အနေးနှင့်အမြန် ထောက်လှမ်းရေးသတင်းများ မှားကြောင်းဝန်ခံရမည့်အပြင် အကောင်းဆုံးသတင်းများဟု လက်ခံခဲ့သော သတင်းများမှာလည်း မကောင်းကြောင်းဟု ထုတ်ဖော်ရတော့မည့် အခြေအနေရှိကြောင်း ပြောကြားခဲ့သည်။

ယခုအခါ ဗြိတိန်ဝန်ကြီးချုပ်၏ အနာဂတ်နိုင်ငံရေးအခြေအနေမှာလည်း အတိမ်းအစောင်းမခံသည့်အခြေအနေတွင် ရှိသည်။ ဗြိတိန်အစိုးရ လက်နက်ကျွမ်းကျင်သူ ဒေးဗစ်ကယ်လီ ကိုယ့်ကိုယ်ကို သတ်သေခဲ့မှုကြောင့် အစိုးရကို ထိခိုက်လျက်ရှိသည်။ ထိုကိစ္စကို စုံစမ်းလေ့လာခဲ့သောအဖွဲ့၏ အစီရင်ခံစာမှာ လာမည့် ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဇန်နဝါရီ ၂၇ ရက်က ဘဂ္ဂဒက်ရှိ အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ ရုံးချုပ်အဝင် အနီး၌ လုံခြုံရေးဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျပ်အတည်းမှ ရုန်းထွက်နိုင်ရေး အမေရိကန်က ကုလအား အကူအညီတောင်း

ဝါရှင်တန် ဇန်နဝါရီ ၂၃

သမ္မတဘုရှ်၏ အမေရိကန်အစိုးရသည် အီရတ်ကို ဝင်ရောက်တိုက်ခိုက်ရေးနှင့်တကွ စစ်ပြီးကာလ အီရတ်၌ အာဏာဆုပ်ကိုင်ထားရေး အတွက် ကုလသမဂ္ဂအဖွဲ့ကို ဘေးဖယ်ထားခဲ့သည်။

သို့သော် ယခုအခါတွင် မငြိမ်းချမ်းသေးသော အီရတ်၌ အန္တရာယ်များသော နိုင်ငံရေးအရ ရှေ့မတိုး နောက်မဆုတ်သာ ဖြစ်မှုမှ ရုန်းထွက်ရန်အတွက် အမေရိကန်အရာရှိများက ကုလသမဂ္ဂအဖွဲ့အား ကူညီရိုင်းပင်းပါရန် မေတ္တာရပ်ခံနေရသည်။

ကုလသမဂ္ဂအဖွဲ့ကြီးအား အကူအညီပေးပါရန် အမေရိကန်၏ မေတ္တာရပ်ခံချက်မှာ အီရတ်တွင် အမေရိကန်အနေဖြင့် ဘေးကျပ်နံကျပ်ဖြစ်နေသည်ကို အကြောင်းပြု၍ အမှန်တကယ်ပင် စိုးရိမ်ပူပန်သည့်လက္ခဏာဖြစ်ကောင်း ဖြစ်နိုင်ကြောင်း ဝါရှင်တန် ရီကာတိုသိပ္ပံမှ နိုင်ငံခြားရေးရာ ဆန်းစစ်ဝေဖန်သူ ခရစ္စတိုဖာပရီဘဲက ပြောကြားသည်။

ယခင်ကဆိုလျှင် အီရတ်အရေး၌ ကုလသမဂ္ဂအဖွဲ့ ပါဝင်ပတ်သက်လျှင် အကျိုးထက် အပြစ်အဖြစ်သာ သမ္မတဘုရှ်၏ အစိုးရကမြင်သည်ဟု မိမိယူဆကြောင်း ၎င်းက ပြောကြားလိုက်သည်။

အခြားသော ဝေဖန်ရေးသမားများကမူ ပိုမိုပွင့်ပွင့်လင်းလင်း ဝေဖန်ကြသည်။ အီရတ်အရေးတွင် အမေရိကန်အစိုးရ ယနေ့ ရင်ဆိုင်ကြုံတွေ့နေရသော အကျပ်အတည်းမှ ထိုက်ထိုက်တန်တန်ခံရသည့် ပြစ်ဒဏ်ပင်ဖြစ်သည်ဟု ၁၉၆၀ ပြည့်လွန်နှစ်များက ဘဂ္ဂဒက်၌ အမေရိကန်သံတမန်တစ်ဦးအဖြစ် သွားရောက်တာဝန်ထမ်းဆောင်ခဲ့သူ ဂျိုးဇက်မွန်ဗီးလ်က ဝေဖန်သည်။ **(အင်တာနက်)**

အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှအီရတ်မြင်ကွင်း

အမေရိကန်တပ်များ ပုံးကြဲတိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံရှိ အပြစ်မဲ့ကလေးငယ်များသေကျေခဲ့ကြရ

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များက အီရတ်နိုင်ငံကိုကျူးကျော်တိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူများ သေကျေခဲ့ကြရသည်။ ယင်းအနက် မသိနားမလည်သော အပြစ်မဲ့ကလေးငယ်များလည်း ပါဝင်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်များ၏ နိုင်ထက်စီးနင်းတိုက်ခိုက်မှု၊ အင်အားကို အဆမတန်အလွန်အကျွံသုံးပြီး တိုက်ခိုက်မှု၊ ဗုံးမိုးရွာသကဲ့သို့ ဝေဟင်မှဗုံးကြဲတိုက်ခိုက်မှုများကြောင့် အီရတ်ကလေးငယ်တို့မှာ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းဆုံးရှုံးခဲ့ကြရသည်။ အချို့ကလေးငယ်များမှာ မိဘများသေဆုံးကုန်သဖြင့် မိဘမဲ့ဘဝသို့ ရောက်ခဲ့ကြရသည်။

၂၀၀၃ ခုနှစ် စက်တင်ဘာ ၁၃ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ သုံးနှစ်အရွယ်မိန်းကလေး ဂျူနီယာ ဟာမစ်၏ ဈာပနအခမ်းအနားတွင် ဆွေမျိုးတော်သူတစ်ဦး ဝမ်းနည်းပူဆွေးနေစဉ်။ (ချုံခိုတိုက်ခိုက်ခံရစဉ် အမေရိကန်တပ်ဖွဲ့ဝင်များပစ်ခတ်သဖြင့်အပြစ်မဲ့သည့်ဂျူနီယာ သေဆုံးခဲ့ရပြီး ညီအစ်မလေးဦး ဒဏ်ရာရရှိသွားခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

အီရတ် မြင်ကွင်း

အီရတ်နိုင်ငံ၌ စစ်ကြောင့် ကလေးငယ်များအပါဝင် အီရတ်ပြည်သူများ ထိခိုက်သေဆုံးမှုများ ရှိခဲ့ရာတွင် ပုံမှာ ၂၀၀၃ ခုနှစ် ဧပြီ ၂၄ ရက်က ဗုံးစမှန်သဖြင့် ခေါင်း၌ ဒဏ်ရာရရှိထားသော အီရတ်ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



၂၀၀၃ ခုနှစ် ဧပြီ ၂၆ ရက်က ဘဂ္ဂဒက်မြို့တောင်ဘက် မိုင် ၆၀ အကွာရှိ ဟီလာမြို့ ဆေးရုံတစ်ရုံသို့ ဟာဒီမာလာဇာက ၎င်း၏တူတော်သူ အသက်(၁၃)နှစ်အရွယ်ရှိ ဖာလက်ဟာဆန်ကို သယ်ဆောင်လာစဉ်။

(ဖာလက်ဟာဆန်မှာ အမေရိကန်တို့ ၎င်းတို့ကျေးရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်၍ ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။)

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် ဧပြီ ၃၀ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်အနောက်ပိုင်းရှိ ယာယီ ဆေးရုံတစ်ရုံတွင် ခြေထောက်နှစ်ဖက်၌ ဒဏ်ရာရရှိထားသော အီရတ်ကလေးငယ်တစ်ဦးကို ဆော်ဒီအာရေဗျဆရာဝန်တစ်ဦး က ပတ်တီးစည်းပေးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့၏ကျူးကျော်မှု အီရတ်ကလေးငယ်များသေကျေရ

အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ်နိုင်ငံအား မတရားကျူးကျော်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ အီရတ်ကလေးငယ်များ သေကျေခဲ့ရသည်ကို အောက်ပါဇယားဖြင့် ဖော်ပြလိုက်ပါသည်။

ရက်စွဲ	နေရာ	အကြောင်းအရာ	သေဆုံး အရေအတွက်
၂၆-၃-၂၀၀၃	ရူဘာ	လေကြောင်းဗုံးကြဲ	၂
၅-၄-၂၀၀၃	ကာဘာလာ	စက်သေနတ်ထိမှန်	၁
၂၈-၄-၂၀၀၃	ဖော်လူဂျာ	သေနတ်ထိမှန်	၁၅
၃-၅-၂၀၀၃	ဘာဆာရာ	သေနတ်ထိမှန်	၁
၆-၅-၂၀၀၃	တီကရစ်မြို့	ကားတိုက်	၁
၂၈-၆-၂၀၀၃	ဘာဆာရာ	ကားတိုက်	၁
၂၂-၇-၂၀၀၃	မိုဆူးလ်	သေနတ်ထိမှန်	၁
၁၂-၉-၂၀၀၃	ဖော်လူဂျာ	သေနတ်ထိမှန်	၁
၁၆-၁၀-၂၀၀၃	တီကရစ်မြို့	လမ်းဘေးဗုံး	၁
၂၄-၁၀-၂၀၀၃	မိုဆူးလ်	လက်ပစ်ဗုံး	၂
၂၇-၁၀-၂၀၀၃	ဘဂ္ဂဒက်	ကားဗုံး	၁၅
၂-၁၁-၂၀၀၃	ဖော်လူဂျာအနီး	သေနတ်ထိမှန်	၁
၅-၁၁-၂၀၀၃	မိုဆူးလ်	လက်ပစ်ဗုံး	၁
၁၁-၁၁-၂၀၀၃	ဖော်လူဂျာ	သေနတ်ထိမှန်	၅
၁၂-၁၁-၂၀၀၃	နာဆီရီယာ	ကားဗုံး	၁၃
၁၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	သေနတ်ထိမှန်	၃
၁၉-၁၁-၂၀၀၃	ရာမာဒီ	ကားဗုံး	၂
၂၆-၁၁-၂၀၀၃	မိုဆူးလ်	ကားဗုံး	၁
၂၈-၁၂-၂၀၀၃	ဘဂ္ဂဒက်	လမ်းဘေးဗုံး	၂
		စုစုပေါင်း	၆၉

29-1 (6New).p65 1 3/24/05, 11:27 PM

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် ရှမ်းပြည်နယ်(တောင်ပိုင်း)ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း



ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ စိုက်ပျိုးရေးပေးဝေနေသော ဟဲဟိုးရေလှောင်တမံ။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
စပါးစိုက်ဧက	–	လေးသိန်းကျော်
ကုန်းမြင့်လယ်ယာ	–	၃၂၃ ဒသမ၂၅ဧက
ဆည်တမံလုပ်ငန်း	၄၂ ခု	၅၇ ခု
ဆက်သွယ်ရေး		
အော်တိုအိတ်ချိန်း	၁	၈ ခု
ကျေးလက်ဒေသဆက်သွယ်ရေးစခန်း	–	၂၈ ခု
မိုက္ကရိုဝေ့ဗ်စခန်း	၂	၁၅ ခု
လမ်းပန်းဆက်သွယ်ရေး		
ဖောက်လုပ်နေဆဲ ရထားလမ်း	–	၄ ခု
ဖောက်လုပ်ပြီးရထားလမ်း	၁	၂ ခု
ဖောက်လုပ်ပြီးကားလမ်း	၁၆၈၆ မိုင်	၁၉၅၃ မိုင်
တံတား(ပေ ၁၈၀အထက်)	၅	၈
ပညာရေး		
အခြေခံပညာကျောင်းပေါင်း	၁၉၃၀	၂၃၃၁
ကောလိပ်	၁	၆
တက္ကသိုလ်	–	၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ ဒေသခံတိုင်းရင်းသားလူငယ်များ ပညာ သင်ကြားနိုင်ရန် အတွက် ပင်လုံတက္ကသိုလ်ကို ၁၁-၂-၂၀၀၂ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ကျန်းမာရေး		
၁၆ ခုတင်မှ ခုတင် ၂၀၀ ဆေးရုံ	၃၉	၄၉
တိုက်နယ်ဆေးရုံ	၁၃	၂၆
ကျေးလက်ကျန်းမာရေးဌာန	၄၅	၄၉
ပြန်ကြားရေး		
မြန်မာ့အလင်း/ကြေးမုံ (ကိုယ်ပွားသတင်းစာတိုက်၊တောင်ကြီး)	–	၁
ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	–	၅
လျှပ်စစ်ဓာတ်အား		
ဒီဇယ်လျှပ်စစ်	၂၂	၄၅
ရေအားလျှပ်စစ်	၁	၄
စက်မှုဇုန်	–	၁

ဓာတ်ပုံမှတ်တမ်း – တင်မိုး (မြန်မာ့အလင်း)

တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်မှ ထုတ်လုပ်သည့် တီထွင်ဆန်းသစ်မှု တတိယဆုရ ကမ္ဘောဇဂျစ်။



မတ်လန်း တံတား

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် လဲချား-မိုင်းနောင်-မိုင်းရှူးလမ်းပေါ်တွင် တည်ရှိပြီး အရှည်ပေ ၂၄၀ရှိသည့် မတ်လန်း တံတားကို တွေ့ရစဉ်။

photo09 Shan (7)V
29-1 (7).p65 7 3/24/05, 11:27 PM

စည်းလုံးချစ်ကြည်ရှေ့ပြည်သစ်ဆီသို့

ကုန်းဘောင်ခေတ်မြန်မာနိုင်ငံအတွင်း နယ်ချဲ့တို့၏ ဝင်ရောက်ခြေရှုပ်စွက်ဖက်မှုများ

စိုးသိန်း
(မြန်မာ့အလင်း)

မြန်မာ့သမိုင်းတွင် နိုင်ငံခြားသားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နယ်ချဲ့ရခြင်း၏ အဓိကအကြောင်းရင်းကိုလေ့လာသောအခါ ပေါကြွယ်ဝလှသော မြန်မာ့သယံဇာတပစ္စည်းများကို မက်မက် မောမော ရယူလိုခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။ နယ်ချဲ့တို့သည် မြန်မာနိုင်ငံအတွင်းဝင်ရောက်ကျူးကျော်ရန် နည်းလမ်းအသွယ်သွယ်ကို ဖန်တီးအသုံးချခဲ့ကြသည်။ အထူးသဖြင့် နယ်ချဲ့အင်္ဂလိပ်နှင့် ပြင်သစ်တို့ အပြန်အလှန်အားပြိုင်ကာ မြန်မာ့မြေကိုရယူရန် ကြိုးပမ်းခဲ့သည်မှာ ကုန်းဘောင်ခေတ်တိုင်အောင်ပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ သယံဇာတ ပေါကြွယ်ဝပုံ၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စိတ်ထားဖြူစင်ဖြောင့်မတ်ပုံ စသည်များကို အစောဆုံး လေ့လာအကဲခတ်သွားသည့် ပုဂ္ဂိုလ်မှာ အရင်းရှင် နယ်ချဲ့ ရှေ့တော်ပြေး ကုန်သည်တစ်ဦးဖြစ်သူ အီတလီပြည်သား **နီကိုလိုဒီကွန်တီ** (Nicolo di Conti) ဆိုသူ ဖြစ်သည်။

နီကိုလိုဒီကွန်တီသည် ခရစ်နှစ် ၁၄၂၀ ပြည့်နှစ်ခန့်က အောက်မြန်မာနိုင်ငံ ပဲခူးသို့ရောက်ရှိခဲ့ပြီး မြန်မာ့သယံဇာတပစ္စည်းများနှင့် ကူးသန်းရောင်းဝယ်ရေးအတွက် အလားအလာများကို လေ့လာကြည့်ရှု အကဲခတ်သွားခဲ့သည်။ ထို့နောက် ၁၄၉၆ခုနှစ်တွင် အီတလီ ပြည်မှပင် ကုန်သည်ကြီးတစ်ဦးဖြစ်သူ **စတက်ဖာနို** (Stephano)ဆိုသူသည်လည်း ပဲခူးသို့ရောက်ရှိခဲ့ပြန်သည်။ သို့သော် မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့အဖြစ် စတင်ခြေချခဲ့သူမှာ ပေါ်တူဂီလူမျိုး **ငဇင်ကာ**ခေါ် **ဖိလစ်ဒီဗရစ်တို** (Philip de Britto)ဖြစ်သည်။

ဒီဗရစ်တိုသည် သန်လျင်တွင် ရှင်ဘုရင်အခေါ်ခံ၍ သီးခြားအုပ်စိုးသည်။ ပုသိမ်၊ ဒလစသော သင်္ဘောဆိပ်များကိုလည်း သိမ်းပိုက်ထားသည်။ ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးကို သိမ်းယူရန် အကြံရှိလေသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးကို သိမ်းပိုက်ရေးတွင် ပြည်မြို့ကို လက်ဦးမှုရယူသိမ်းပိုက်ရန်၊ ပြည်မြို့ကိုရလျှင် အဝသို့တိုင် ချီတက်သိမ်းယူရန်ဖြစ်သည်။

ထို့နောက်တွင် ဒီဗရစ်တိုသည် တောင်ငူကိုသိမ်းယူပြီးနောက် နတ်သျှင်နောင်ကို သန်လျင်သို့ခေါ်ဆောင်သွားခြင်းဖြင့် မြန်မာပြည်တွင်းသို့ နယ်ချဲ့ကျူးကျော်ရေးကို ပြောင်ပြောင်တင်းတင်း ချမှတ်လုပ်ဆောင်လေတော့သည်။

ခရစ်နှစ် ၁၆၂၇ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဒတ်ချ်၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ဝင်ရောက်လာကြပြန်သည်။

မြန်မာနိုင်ငံ၌ ဒတ်ချ် အရှေ့အိန္ဒိယကုမ္ပဏီ၏အမြတ်အစွန်းထွက်ရှိမှု သတင်းကို ကြားသိလာသော အင်္ဂလိပ်အရှေ့ အိန္ဒိယကုမ္ပဏီသည် မြန်မာနိုင်ငံ၌ ကုန်တိုက်ဖွင့်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုမှစ၍ နယ်ချဲ့ အင်္ဂလိပ်တို့ မြန်မာ့မြေပေါ်တွင် စတင်ခြေကုပ်ယူခဲ့သည်။ အင်္ဂလိပ် အရှေ့ အိန္ဒိယကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၌ ကုန်ကူးသန်းရောင်းဝယ်ရေး ဗန်းပြပြီးလျှင် အရင်းရှင်စနစ်ကို ကျင့်သုံးရန် ဆက်လက်ကြိုးပမ်းကြသည်။ မဒရပ်ဖို့ဒ်စိန့်ဂျော့ရှိ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီသည် အေဒီ ၁၆၈၆တွင် ပုသိမ်မြို့အနီးရှိ ဟိုင်းကြီးကျွန်းကို စစ်ရေး၊ စီးပွားရေး အခြေခံစခန်းတစ်ခုအဖြစ် ပြုလုပ်အခြေချရန် ကြိုးပမ်းကြသည်။

ကပ္ပတိန်**အန်ထော်နီဝဲလ်ဒင်** ဦးစီးသော စစ်သင်္ဘောသည် ၁၆၈၇ ခုနှစ် ဇွန်လတွင် ဟိုင်းကြီးကျွန်းကို ဝင်ရောက်သိမ်းပိုက်ခဲ့သည်။

ထိုအချိန်တွင် ပြင်သစ်တို့သည် အင်္ဂလိပ်တို့ကဲ့သို့ပင် ကူးသန်းရောင်းဝယ်ရေးကို အကြောင်းပြကာ မြန်မာ့မြေပေါ် အခြေချရန် အပြိုင်အဆိုင် ကြိုးပမ်းလာကြသည်။ ဦးအောင်ဇေယျ(အလောင်းမင်းတရား) နန်းတက်သောကာလတွင်မူ အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ မြန်မာ့မြေပေါ် အခြေချရန် ကြိုးပမ်းမှုသည် ပိုမိုကြီးထွားလာခဲ့သည်။ ထိုကာလက ပင်လယ်ကူးသင်္ဘောများကို သစ်သားဖြင့်တည်ဆောက်ကြသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိချိန်တွင် ကျွန်းသစ်ဖြင့် သင်္ဘောတည်ဆောက်လျှင် ကောင်းမွန်ကြောင်း တွေ့ရှိခဲ့ကြသည်။ ထိုအခါ မြန်မာ့ကျွန်းဖြင့် သင်္ဘောတည်ဆောက်ရန် ကျွန်းများကို ခုတ်ယူသယ်ဆောင်ကြတော့သည်။ ထိုမှတစ်ဆင့် အင်္ဂလိပ်နှင့် ပြင်သစ် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီများသည် မြန်မာနိုင်ငံမှ ရှားစေး၊ ချိပ်တောင့်၊ အခြားသစ်တောထွက်နှင့် ကျောက်သံပတ္တမြားကိုယူငင်ခဲ့ကြသည်။

၎င်းမှာ နယ်ချဲ့တို့ မြန်မာ့မြေပေါ်ကျူးကျော်ရခြင်း၏ အကြောင်းရင်းကို ဖော်ပြလိုက်ခြင်းဖြစ်သည်။

၁၇၅၃ ခုနှစ် ဧပြီလတွင် အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီသည် ဟိုင်းကြီးကျွန်းတွင် အခြေချနေသကဲ့သို့ ပြင်သစ်တို့သည်လည်း သန်လျင်၌ ကုန်တိုက်ဖွင့်ကာ မြန်မာ့ကျွန်းသစ်များကို မှန်မှန်ထုတ်ယူနေကြပြီဖြစ်သည်။

၁၇၅၆ခုနှစ်တွင် ဗြိတိသျှတို့သည် ဟိုင်းကြီးကျွန်းတွင်သာမက ပုသိမ်၊ ထိုမှတစ်ဆင့် ရန်ကုန်တွင်ပါ အခြေချပြီး စီးပွားရေး၊ စစ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **အင်ဆိုင်းရောဘတ်လတ်စတာ** (Ensign Robert Laster) ဆိုသူကို စေလွှတ်ခဲ့သည်။ အင်ဆိုင်းရောဘတ်လတ်စတာသည် အလောင်းမင်းတရား မြစ်ဝကျွန်းပေါ်ဘက်သို့ ရောက်ရှိစဉ် မြန်အောင်၊ ဟင်္သာတ၊ ပုသိမ် မြို့များတွင် အကြိမ်ကြိမ် တွေ့ဆုံရန် ကြိုးစားခဲ့သည်။ လတ်စတာသည် အရှေ့အိန္ဒိယကုမ္ပဏီ မြန်မာ့မြေပေါ်၌ ခြေကုပ်စခန်းတစ်ခု တရားဝင် ရရှိရန် ကြိုးပမ်းခဲ့သည်။ ထိုအချိန်တွင် ဟိုင်းကြီးကျွန်းရှိ အရှေ့အိန္ဒိယကုမ္ပဏီ၌ မြန်မာ့ကျွန်းသစ်များ တောင်ပုံယာပုံ စုဆောင်းထားခဲ့ကြသည်။

၁၇၇၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မြန်မာဘုရင် အလောင်းမင်းတရားကြီးအား ဟင်္သာတဆိပ်ကမ်း၌ အင်္ဂလိပ်စစ်ဗိုလ် လက်စတာက လာရောက်ဂါရဝပြုပုံ။

များမကြာမီ အလောင်းမင်းတရားသည် အရှေ့အိန္ဒိယကုမ္ပဏီ၏ လွန်ကျူးလာသော စီးပွားရေး၊ စစ်ရေးဆိုင်ရာလုပ်ရပ်များကြောင့် ဟိုင်းကြီးကျွန်းအား မြန်မာတပ်များ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ရန် အမိန့်ပေးလိုက်လေတော့သည်။ မြန်မာတပ်များ ဟိုင်းကြီးကျွန်းကို ဝင်ရောက်တိုက်ခိုက်ရာ ဗြိတိသျှတို့၏ အရှေ့အိန္ဒိယကုမ္ပဏီ အမှုထမ်းအများအပြား သေဆုံးခဲ့ပြီး ကုမ္ပဏီအကြီးအကဲ ကပ္ပတိန်ဆောက်သဘီလည်း သေဆုံးသွားခဲ့သည်။

တစ်ချိန်တည်းဖြစ်သော ၁၇၅၆ ခုနှစ်တွင် အလောင်းမင်းတရားသည် သန်လျင်ကိုတိုက်ရန် ပြင်ဆင်သောအခါ ပြင်သစ်တို့က သန်လျင်ကို လက်လွှတ်မခံနိုင်သောကြောင့် ၎င်းတို့၏ဘုရင်ခံထံ စစ်ကူတောင်းခဲ့သည်။ပြင်သစ်အာဏာပိုင်များက သင်္ဘောသုံးစင်း စစ်ကူလွှတ်ခဲ့သော်လည်း ၎င်းသင်္ဘောများကို အလောင်းမင်းတရားတပ်များက ဖမ်းဆီးသိမ်းပိုက်နိုင်ခဲ့သည်။ နယ်ချဲ့ပြင်သစ်တို့ထံမှ လက်နက်ခဲယမ်းများကို သိမ်းယူခဲ့သည်။ နယ်ချဲ့ပြင်သစ် အကြီးအကဲများကိုလည်း ကွပ်မျက်ခဲ့သည်။ ထိုကာလတွင် နယ်ချဲ့ပြင်သစ်တို့၏ မြန်မာနိုင်ငံအပေါ် ခြေကုပ်ယူရေး စီမံကိန်းမှာ အခိုက်အတန့် အဆုံးသတ်ခဲ့သည်။

ထို့နောက် ၁၈၂၄ ခုနှစ်တွင် ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲ ဖြစ်ပွားပြီး ဗြိတိသျှနယ်ချဲ့တို့လက်သို့ မိမိနိုင်ငံမှနယ်မြေအချို့ ပေးအပ်လိုက်ရသည်။ ၎င်းကို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး အခဲမကြေ ဖြစ်ခဲ့သည်။ တိုင်းတစ်ပါးတို့၏ အလိုသို့ ပထမဦးဆုံးအကြိမ်အဖြစ် လိုက်လျောခဲ့ရခြင်းမှာ အားမတန်၍ မာန်လျှော့လိုက်ရသော်လည်း အမျိုးသားရေး ဂုဏ်သိက္ခာများစွာ ထိခိုက်ခဲ့သည့်အတွက် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များ မြန်မာတိုင်းရင်းသားတို့၏ ရင်တွင်း၌ ကိန်းဝပ်လာတော့သည်။ ပြည်ထောင်စုဖွားတိုင်းရင်းသား မျိုးချစ်တို့သည် ဗြိတိသျှတို့စိုးမိုးမှုကို ...
လေသည်။

၁၈၅၂ခုနှစ်တွင် နယ်ချဲ့အ...
အကြောင်းပြချက်များဖြင့် ဒုတိယအ...
လေတော့သည်။

ယင်းစစ်ပွဲဖြင့် ဧပြီ ၅ ရက်နေ့...
ရန်ကုန်၊ မေလ ၁၉ ရက်နေ့တွင် ...
ပြည်မြို့ စသည်ဖြင့် ဗြိတိသျှလက်သို့ ...
နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ...
မြေထဲသို့ ဆက်လက်ချီတက်သိမ်းပိုက်...

ဒုတိယအင်္ဂလိပ်–မြန်မာစစ်...
ဆိပ်ကမ်းများအားလုံး အသိမ်းခံခဲ့ရသ...
ပြင်ပကမ္ဘာသို့ မြန်မာများ ပေါက်ရော...

၁၈၅၄ခုနှစ်ကုန်ခန့်တွင် မင်း...
မင်းခေါင်ရာဇာဦးဆောင်သော မြန်...
ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီထံစေလွှတ်...
မြို့ရွာ အားလုံးကို မြန်မာဘုရင်ထံပြ...

"စစ်ပွဲပြီးသည့်နောက် မြို့ရွာမျ...
မြန်မာသံအဖွဲ့၏ တောင်းဆိုချက်ကို...
စီးပွားကို ထောက်ရှုသောကြောင့်ပင် ...
နေမင်းထွန်းတောက်နေသမျှကာလပ...
နယ်ပယ်များကို မည်သည့်အခါမျှ မြ...
မဟုတ်"ဟူ၍ **လော့ဒ်ဒါလဟိုဇီ**သ...
ပယ်ချလိုက်လေသည်။ လော့ဒ်ဒါလ...
စကားတို့မှာ မောက်မာလွန်းလှသည်...

ထိုစဉ်ကာလ ၁၈၅၃ခုနှစ် ...
ဒေါ်ရ်ဂေါ်နီသည် ပြင်သစ်အစိုးရက စေ...
ရောက်ရှိလာခဲ့သည်။ ဒေါ်ရ်ဂေါ်နီက ...
အလိုရှိသည်တို့ကို ဆောင်ရွက်ပေးမည်...

ဒေါ်ရ်ဂေါ်နီ ပြင်သစ်နိုင်ငံသို့ ...
ဇွန် ၄ ရက်တွင် ဒုတိယအကြိမ် အမရပူ...
ထို့နောက် မင်းတုန်းမင်းသည် ...
သံအဖွဲ့တစ်ဖွဲ့ကို ဒေါ်ရ်ဂေါ်နီနှင့်အတူ ...

၎င်းသံအဖွဲ့၏ ရည်ရွယ်ချက်...
ဗြိတိသျှထံမှတောင်းခံသည့် အရေးအ...
ပြင်သစ်ဧကရာဇ် တတိယမြောက်**နပိုလီ**...
ပေးရေးအတွက်ပင် ဖြစ်သည်။

သံအဖွဲ့သည် နယ်ပယ်ရေး...
အခြားစစ်ရေး၊ စီးပွားရေးဆိုင်ရာ ကိ...
ဆောင်ရွက်ကြသေးသည်။ ယမ်းချက်စ...
လွှစက်တွင် အသုံးပြုရန် လိုအပ်သော ပစ္...
ဝယ်ယူခဲ့သည်။

၁၈၅၅ ခုနှစ်လယ်တွင် ဂ...
စေလွှတ်ခြင်းကိုတုံ့ပြန်သောအားဖြင့် ...
ဖယ်ရာ ဦးဆောင်သော သံအဖွဲ့ ...
နယ်ချဲ့ဈေးကွက်ကောင်းတစ်ခုအဖြစ် ...

ဗြိတိသျှတို့သည် အထက်မြန်မ...
သွားလာ၍ ကူးသန်းရောင်းဝယ်နိုင်သော...
ထို့ပြင် မြန်မာနိုင်ငံတွင်းမှဖြတ်သန်း၍...
ဝင်ရောက်ကာ ရောင်းဝယ်ဖောက်ကားနို...
ရှိကြသည်။

အာသာဖယ်ရာ၏ သံအဖွဲ့သ...
အရ ကူးသန်းရောင်းဝယ်ရေးစာချုပ်ချ...
ဆွေးနွေးရန် မန္တလေးသို့ ဒုတိယ...
၎င်းအကြိမ်၌မူ မင်းတုန်းမင်းသည် ကူးသ...
ချုပ်ဆိုရန် သဘောတူလိုက်ရလေ...
၁၀ရက်နေ့တွင် စာချုပ်ကို နှစ်ဦးနှစ်...
စာချုပ်ပါ အချက်အလက်များကို အ...
အထက်မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွား...
နိုင်ရန် အခွင့်အလမ်း စတင်ရရှိသွား...

၁၈၇၂ ခုနှစ်တွင် **ကင်းဝန်မင်း**...
နိုင်ငံသို့ အသွားရောအပြန်ပါ ဝင်ရော...
တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာ၌ ...
နိုင်ငံနှင့် ကူးသန်းရောင်းဝယ်ရေး မဟ...
စကားကမ်းလှမ်းလာသည်။ ယင်းကမ်း...
လက်ခံသဖြင့် ၁၈၇၃ ခုနှစ် ဇန်န...
သဘောတူခဲ့သည်။

မြင်ကွန်း မြင်းခုံတိုင် အရေးေ...
မင်းသား လုပ်ကြံခံရသည်။ အိမ်ရှေ့...
ခြင်းမှာ ဗြိတိသျှနယ်ချဲ့ ပယောဂပါ...
အင်္ဂလိပ်တို့သည် ကနောင်မင်းသား၏ ...
မိမိတို့၏နယ်ချဲ့ပေါ်လစီကို ထိပါးနိုင်...
ရှင်းလင်းမြဲ ဖြစ်သည့်အတိုင်း ကနောင်...

သန်လျင်တွင် အခြေစိုက်၍ မြန်မာတို့၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့သော ပေါ်တူဂီနယ်ချဲ့ငဇင်ကာ၏ သန်လျင် ခံတပ်မြို့ကို မြန်မာမျိုးချစ်သူရဲကောင်းများက အရိုးကျေကျေ အရေခန်းခန်းမလျှော့သောစွဲသတ္တိဖြင့် တွန်းလှန်တိုက်ခိုက်၍ ဖြိုဖျက်နိုင်ခဲ့သည်။

မျိုးချစ်တို့သည် ဗြိတိသျှတို့စိုးမိုးမှုကို အစွမ်းကုန် ခုခံတွန်းလှန်ခဲ့ကြလေသည်။

၁၈၅၂ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် အမျိုးမျိုးသော အကြောင်းပြချက်များဖြင့် ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲကို ဖန်တီးခဲ့လေတော့သည်။

ယင်းစစ်ပွဲဖြင့် ဧပြီ ၅ ရက်နေ့တွင် မုတ္တမ၊ ဧပြီ ၁၄ရက်နေ့တွင် ရန်ကုန်၊ မေလ ၁၉ ရက်နေ့တွင် ပုသိမ်၊ အောက်တိုဘာလတွင် ပြည်မြို့ စသည်ဖြင့် ဗြိတိသျှလက်သို့ အသီးသီးကျရောက်ရလေသည်။ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ဗြိတိသျှတပ်များသည် သရက်မြေထဲသို့ ဆက်လက်ချီတက်သိမ်းပိုက်ခဲ့ကြသည်။

ဒုတိယအင်္ဂလိပ်–မြန်မာစစ်ကား ပြီးသွားလေပြီ။ ပင်လယ်ဆိပ်ကမ်းများအားလုံး အသိမ်းခံခဲ့ရသည်။ ဗြိတိသျှတို့၏ ခွင့်ပြုမှုဖြင့်သာ ပြင်ပကမ္ဘာသို့ မြန်မာများ ပေါက်ရောက်နိုင်တော့သည်။

၁၈၅၄ခုနှစ်ကုန်ခန့်တွင် မင်းတုန်းမင်းသည် မင်းကြီး **မဟာမင်းခေါင်ရာဇာ**ဦးဆောင်သော မြန်မာသံအဖွဲ့ကို ကာလကတ္တားရှိ ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီထံစေလွှတ်၍ ဗြိတိသျှတို့သိမ်းပိုက်ထားသော မြို့ရွာ အားလုံးကို မြန်မာဘုရင်ထံပြန်ပေးရန် တောင်းဆိုသည်။

"စစ်ပွဲပြီးသည့်နောက် မြို့ရွာများကိုသိမ်းပိုက်ထားလိုက်ရခြင်းမှာ မြန်မာသံအဖွဲ့၏ တောင်းဆိုချက်ကို ကျွန်ုပ်တို့၏လုံခြုံမှုနှင့် အကျိုးစီးပွားကို ထောက်ရှုသောကြောင့်ပင် ဖြစ်သည်။ ဤကမ္ဘာတွင် သူရိယနေမင်းထွန်းတောက်နေသမျှကာလပတ်လုံး မြန်မာတို့ တောင်းဆိုသည့် နယ်ပယ်များကို မည်သည့်အခါမျှ မြန်မာဘုရင်အား ပြန်ပေးလိမ့်မည်မဟုတ်"ဟူ၍ **လော့ဒ်ဒါလဟိုဇီ**သည် ပြောင်ပြောင်တင်းတင်းပင် ပယ်ချလိုက်လေသည်။ လော့ဒ်ဒါလဟိုဇီ ပြန်လည် ဖြေကြားသော စကားတို့မှာ မောက်မာလွန်းလှသည်။

ထိုစဉ်ကာလ ၁၈၅၃ခုနှစ် ဩဂုတ် ၇ ရက်တွင် ပြင်သစ်ဗိုလ် **ဒေါ်ရ်ဂေါနီ**သည် ပြင်သစ်အစိုးရက စေလွှတ်၍ မြန်မာ့ နေပြည်တော်သို့ ရောက်ရှိလာခဲ့သည်။ ဒေါ်ရ်ဂေါနီက ပြင်သစ်အစိုးရသည် မြန်မာမင်း အလိုရှိသည်တို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ဒေါ်ရ်ဂေါနီ ပြင်သစ်နိုင်ငံသို့ ပြန်သွားပြီးနောက် ၁၈၅၅ ခုနှစ် ဇွန် ၄ ရက်တွင် ဒုတိယအကြိမ် အမရပူရသို့ ပြန်လည်ရောက်ရှိလာသည်။ ထို့နောက် မင်းတုန်းမင်းသည် မြန်မာမှူးမတ်တို့ ပါဝင်သော သံအဖွဲ့တစ်ဖွဲ့ကို ဒေါ်ရ်ဂေါနီနှင့်အတူ ပြင်သစ်နိုင်ငံသို့ စေလွှတ်ခဲ့သည်။

ဤသံအဖွဲ့၏ ရည်ရွယ်ချက်မှာ ဆုံးရှုံးသွားသော နယ်များကို ဗြိတိသျှထံမှတောင်းခံသည့် အရေးအခင်းတွင် မင်းတုန်းမင်းဘက်မှ ပြင်သစ်ဧကရာဇ် တတိယမြောက်**နပိုလီယန်**က တတ်စွမ်းသမျှ ထောက်ခံပေးရေးအတွက်ပင် ဖြစ်သည်။

သံအဖွဲ့သည် နယ်ပယ်ရေးရာအတွက်သာမဟုတ်မူသေးဘဲ အခြားစစ်ရေး၊ စီးပွားရေးဆိုင်ရာ ကိစ္စများကိုလည်း အတော်အသင့် ဆောင်ရွက်ကြသေးသည်။ ယမ်းချက်စက်ရုံတည်ဆောက်ရန် ပစ္စည်းများ၊ လွှစက်တွင် အသုံးပြုရန် လိုအပ်သော ပစ္စည်းကိရိယာများကို ပြင်သစ်နိုင်ငံမှ ဝယ်ယူခဲ့သည်။

၁၈၅၅ ခုနှစ်လယ်တွင် ကာလကတ္တားသို့ မြန်မာသံအဖွဲ့ စေလွှတ်ခြင်းကိုတုံ့ပြန်သောအားဖြင့် လော့ဒ်ဒါလဟိုဇီသည် **အာသာဖယ်ရာ** ဦးဆောင်သော သံအဖွဲ့ကိုစေလွှတ်၍ မြန်မာနိုင်ငံအား နယ်ချဲ့ဈေးကွက်ကောင်းတစ်ခုအဖြစ် ဖန်တီးရန် ပြင်ဆင်ခဲ့သည်။

ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံတစ်ဝန်းတွင် လွတ်လပ်စွာ သွားလာ၍ ကူးသန်းရောင်းဝယ်နိုင်သော အခွင့်အရေးကို ရရှိလိုကြသည်။ ထို့ပြင် မြန်မာနိုင်ငံတွင်းမှဖြတ်သန်း၍ တရုတ်နိုင်ငံသို့ ကုန်းလမ်းဖြင့် ဝင်ရောက်ကာ ရောင်းဝယ်ဖောက်ကားနိုင်ရန်လည်း အာသီသ ပြင်းပြလျက် ရှိကြသည်။

အာသာဖယ်ရာ၏ သံအဖွဲ့သည် ဘုရင်ခံချုပ်၏ စေလွှတ်ချက်အရ ကူးသန်းရောင်းဝယ်ရေးစာချုပ်ချုပ်ဆိုရေးနှင့် ပတ်သက်၍ စေ့စပ်ဆွေးနွေးရန် မန္တလေးသို့ ဒုတိယအကြိမ် ရောက်လာခဲ့ပြန်သည်။ ဤအကြိမ်၌မူ မင်းတုန်းမင်းသည် ကူးသန်းရောင်းဝယ်ရေး စာချုပ်တစ်ခုကို ချုပ်ဆိုရန် သဘောတူလိုက်ရလေသည်။ ၁၈၆၂ခုနှစ် နိုဝင်ဘာ ၁၀ရက်နေ့တွင် စာချုပ်ကို နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးကြသည်။ စာချုပ်ပါ အချက်အလက်များကို အကြောင်းပြု၍ ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးတို့ကို သဘောကျ ခြယ်လှယ်နိုင်ရန် အခွင့်အလမ်း စတင်ရရှိသွားကြသည်။

၁၈၇၂ ခုနှစ်တွင် **ကင်းဝန်မင်းကြီး** လန်ဒန်သွားစဉ်က ပြင်သစ်နိုင်ငံသို့ အသွားရောအပြန်ပါ ဝင်ရောက်၍ ပြင်သစ်အာဏာပိုင်တို့နှင့် တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာ၌ ပြင်သစ်အာဏာပိုင်များက မြန်မာနိုင်ငံနှင့် ကူးသန်းရောင်းဝယ်ရေး မဟာမိတ်စာချုပ် ချုပ်ဆိုလိုကြောင်း စကားကမ်းလှမ်းလာသည်။ ယင်းကမ်းလှမ်းချက်ကို ကင်းဝန်မင်းကြီးက လက်ခံသဖြင့် ၁၈၇၃ ခုနှစ် ဇန်နဝါရီလတွင် စာချုပ်မူကြမ်းကို သဘောတူခဲ့သည်။

မြင်ကွန်း မြင်းခုံတိုင် အရေးတော်ပုံ ပေါ်ပေါက်လာပြီး **ကနောင်မင်းသား** လုပ်ကြံခံရသည်။ အိမ်ရှေ့စံကနောင်မင်းသား လုပ်ကြံခံရခြင်းမှာ ဗြိတိသျှနယ်ချဲ့ ပယောဂပါဝင်သည်ဟု ယူဆသူများရှိသည်။ အင်္ဂလိပ်တို့သည် ကနောင်မင်းသား၏ စွမ်းရည်ကို သိကြသည့်အလျောက် မိမိတို့၏နယ်ချဲ့ပေါ်လစီကို ထိပါးနိုင်သည့် ရန်စူးရန်ငြောင့်ဟူသမျှကို ရှင်းလင်းမြဲ ဖြစ်သည့်အတိုင်း ကနောင်မင်းသားကို ရှင်းလင်းသုတ်သင်ခဲ့

အင်္ဂလိပ်သံကိုယ်စားလှယ်များ မင်းတုန်းမင်းထံ အခစားဝင်ရောက်စဉ်။

လေသည်။ ကနောင်မင်းသားကို **စစ်မင်းသား**(War Prince)ဟု ဗြိတိသျှတို့က ခေါ်ဝေါ်သုံးစွဲသည်ကို ထောက်ရှုလျှင် ကနောင်မင်းသားအပေါ်ထားရှိသော အင်္ဂလိပ်တို့၏သဘောထားကို သိရှိနိုင်လေသည်။

မင်းတုန်းမင်းလက်ထက်ကပင် တည်ဆောက်ခဲ့သော မြန်မာ–ပြင်သစ်ဆက်ဆံရေး အုတ်မြစ်မှာ သီပေါမင်းလက်ထက်၌ အတော်ပင်ခိုင်မာလာခဲ့သည်။ ပြင်သစ်တို့သည် မြန်မာနိုင်ငံနှင့်လွတ်လပ်စွာဆက်ဆံခွင့်ရခဲ့သည်။ အင်ဒိုချိုင်းနားတစ်ဝိုက်၌လည်း အခြေခိုင်သွားပြီဖြစ်၍ မြန်မာနိုင်ငံဘက်သို့ အာရုံစူးစိုက်မှု တိုးတက်လာသည်။ အာရုံစိုက်မှုတိုးတက်သည်ဆိုရာ၌ မြန်မာနိုင်ငံအား တတ်နိုင်သမျှ ကြည်ဖြူစွာဆက်ဆံ၍ မြန်မာနိုင်ငံအတွင်း၌ စီးပွားရေးအကျိုးအမြတ်ကို ဗြိတိသျှတို့နှင့် ယှဉ်ပြိုင်ပြီး ရှာဖွေလိုခြင်း၊ တစ်နည်းအားဖြင့် မြန်မာ့စီးပွားရေးကို ခြယ်လှယ်လိုခြင်းပင်ဖြစ်သည်။ ထိုမှစ၍ မြန်မာ့နေပြည်တော်သို့ ပြင်သစ်တို့ အဝင်အထွက်များစ ပြုလာကြသည်။

၁၈၈၃ ခုနှစ်တွင် သီပေါဘုရင်သည် မြို့သစ်မြို့စား မင်းကြီး**မင်းလှမဟာဇေယျသင်္ကြန်**ဦးဆောင်သော သံအဖွဲ့ကို ဥရောပတိုက်သို့ စေလွှတ်လိုက်သည်။ အဆိုပါသံအဖွဲ့သည် ပေါ်တူဂီ၊ စပိန်၊ အီတလီ၊ ပြင်သစ်နိုင်ငံများသို့ လှည့်လည်ခဲ့သည်။ မြန်မာသံအဖွဲ့ကို ဗြိတိသျှတို့က အရိပ်တကြည့်ကြည့်ဖြင့် အကဲခတ်နေခဲ့သည်။ ပြင်သစ်သို့ရောက်သောအခါ မြို့သစ်မြို့စားသည် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး **ဂျူလီဖယ်ရီ**(Jules Ferry)နှင့်ဆွေးနွေး၍ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စာချုပ်တစ်ခု ချုပ်ဆိုလေသည်။

မြန်မာနှင့်ပြင်သစ် စာချုပ်ချုပ်ဆိုမည်ဆိုသော သတင်းကို ရကတည်းကပင် ဗြိတိသျှတို့မှာ ဂဏှာမငြိမ် ဖြစ်လာတော့သည်။ မြို့သစ်မြို့စားနှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဖယ်ရီတို့ ချုပ်ဆိုသော စာချုပ်မှာ အပေါ်ယံအားဖြင့်ဆိုလျှင် ဗြိတိသျှတို့အပေါ် ပြင်းပြင်းထန်ထန် ကန့်ကွက်ရန် အကြောင်းမပါရှိဟူ၍ ဗြိတိသျှတို့က မှတ်ယူခဲ့သော်လည်း အတွင်းကျကျ နားလည်မှုဖြင့် ချုပ်ဆိုခဲ့သော အခြားစာချုပ် တစ်ရပ်လည်း ရှိလိမ့်ဦးမည်ဟု ဗြိတိသျှတို့ သင်္ကာမကင်းဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ဗြိတိသျှအစိုးရက ပြင်သစ်နိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး လော့ဒ်လိုင်းယွန်းစ်ကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဖယ်ရီနှင့် ဆွေးနွေးရန် တာဝန်ပေးလိုက်လေသည်။ ဆွေးနွေးပွဲကို ၁၈၈၃ ခုနှစ် နွေဦးတုန်၌တစ်ကြိမ်၊ ဆောင်းဦးပေါက်၌ တစ်ကြိမ် ပြုလုပ်ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲများတွင် "ပြင်သစ်အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် စာချုပ်သည်ရှိသော် ကူးသန်းရောင်းဝယ်ရေးသဘောသက်သက်သာ ဖြစ်စေလိုကြောင်း၊ ပြင်သစ်နိုင်ငံက မြန်မာတို့အား လက်နက်ခဲယမ်းမီးကျောက်များ ဝယ်ယူခွင့်မပြုစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံအရေးနှင့် ပတ်သက်သမျှတွင် အထူးစိတ်ဝင်စားမှုရှိကြောင်း၊ ပြင်သစ်နိုင်ငံအဖို့မူ သာမန်မျှသာ စိတ်ဝင်စားဖွယ်ရှိနိုင်ကြောင်း ဗြိတိသျှ သံအမတ်က အတိအလင်း ထုတ်ဖော်ပြောဆိုလေသည်"။ တစ်ဖန် ၁၈၈၄ခုနှစ် မေလတွင် အထက်မြန်မာနိုင်ငံနှင့် မည်သည့်ပြင်ပလက်နက် နိုင်ငံကမဆို နိုင်ငံရေးအရ နားလည်မှု ရယူကြခြင်းကိုသော် လည်းကောင်း၊ အထူးမဟာမိတ်အဖြစ်ဖွဲ့စည်းခြင်းကိုသော်လည်းကောင်း ပြုလုပ်ခဲ့လျှင် ဗြိတိသျှအစိုးရက ပြင်းထန်စွာ ကန့်ကွက်ရလိမ့်မည်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဖယ်ရီအား အကြောင်းကြားခဲ့သည်။ ၁၈၈၅ခုနှစ် ဇွန်လ၁ရက်နေ့တွင် ပြင်သစ်ကောင်စစ်ဝန်အဖြစ် **မွန်စီယာဟတ်** (Monsieur Hass) မန္တလေးသို့ ရောက်ရှိလာသည်။ ပြင်သစ်–မြန်မာဆက်ဆံရေး အဆင်ပြေမှု၏ အကျိုးဆက်အဖြစ် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းများ ပေါ်ထွက်လာသည်။

ယင်းလုပ်ငန်းမှာ မီးရထားလမ်းဖောက်လုပ်ရေးနှင့် ဘဏ်တည်ထောင်ရေးလုပ်ငန်းများဖြစ်သည်။ ထို့အပြင် စစ်နှင့်ပတ်သက်သည့်

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ



ကုန်းဘောင်ခေတ် ရတနာပုံနေပြည်တော်၏ လက်ရာမြောက်လှသည့် မြို့ရိုးပြာသာဒ်ဖြစ်သည်။ နယ်ချဲ့တို့ မီးရှို့ဖျက်ဆီးခဲ့သဖြင့် ယခုအခါ ၎င်းတို့ မရှိတော့ပြီ။

သဘောတူညီမှုတစ်ခုလည်းရှိခဲ့သည်။ ၁၈၈၅ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြင်သစ်–မြန်မာအရာရှိကြီးများသည် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စာချုပ်တစ်ရပ်ကို ထပ်မံချုပ်ဆိုခဲ့၏။ ယင်းစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှာပင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဖယ်ရီသည် ပြင်သစ်ဝန်ကြီးချုပ်က ၁၅–၁–၁၈၈၅ ရက်စွဲတပ်လျက် မြန်မာသံအဖွဲ့ထံ ပေးပို့သော လျှို့ဝှက်စာ တစ်စောင်ကို မြန်မာနိုင်ငံခြားရေးဝန်ကြီးထံ ပေးအပ်လိုက်သည်။ ထိုစာတွင် "ပစ္စည်းများ၊ ကျည်ဆန်များ၊ လက်နက်များ သယ်ယူ ပို့ဆောင်ရေးကို မြန်မာအစိုးရနှင့် သင့်လျော်သောအစီအစဉ်များ ပြုလုပ်ကြမည်" ဟူ၍ ပါရှိလေသည်။

ဤသည်မှာ နယ်ချဲ့ပြင်သစ်နှင့် ဗြိတိသျှတို့သည် မြန်မာ့မြေပေါ်ကို ကျူးကျော်လိုမှုအတွက် အချင်းချင်းဉာဏ်နီဉာဏ်နက်သုံးကာ ကောက်ကျစ်နေမှုများဖြစ်သည်။ ၎င်းကို မြန်မာတိုင်းရင်းသားတို့ နိုင်ငံရေးသတိ အစဉ်ရှိစွာဖြင့် ဆင်ခြင်သိရှိနိုင်ကြရန် လိုအပ်လှပေသည်။

ပြင်သစ်တို့၏ အန္တရာယ်ကို ဗြိတိသျှတို့ စိုးရွံ့လာကြသည်။ အာရှတိုက်စီးပွားရေး စားကျက်၌ ပြင်သစ်တို့ တိုးတက်နယ်ချဲ့လာမည်ကို စိုးရိမ်ကြသည်။ အထူးသဖြင့် မိမိ ခြေကုပ်ရပြီးဖြစ်သော မြန်မာနိုင်ငံ၌ ပြင်သစ်တို့ ကြားဝင်မွှေနှောက်ခြင်းကို လက်မခံနိုင်ချေ၊ ထို့ကြောင့် ကျန်ရှိနေသေးသော အထက်မြန်မာနိုင်ငံမှ ပြင်သစ်တို့၏ ခြယ်လှယ်စွက်ဖက်မှုများ ဖယ်ရှားနိုင်ရေးကို ဗြိတိသျှတို့ပို၍ အာရုံစိုက်လာကြသည်။ မြန်မာ့စီးပွားရေးနှင့် နိုင်ငံရေးကို မိမိတစ်ဦးတည်း ကြိုက်သလို ခြယ်လှယ်ရေးသည် ဗြိတိသျှနယ်ချဲ့တို့၏ အဓိက ရည်မှန်းအားထုတ်မှုပင် ဖြစ်ချေသည်။ ထို့ကြောင့် အထက်မြန်မာနိုင်ငံကို အမြန်ဆုံးသိမ်းပိုက်နိုင်ရန် ဗြိတိသျှတို့ အကြောင်းရှာရတော့သည်။

ဤသို့ဖြင့်မြန်မာ့သစ်တောနှင့် ဘုံဘေဘားမားကုမ္ပဏီကို ယိုးမယ်ဖွဲ့အကြောင်းပြစွပ်စွဲလျက် တတိယအင်္ဂလိပ်– မြန်မာစစ်ပွဲကို ဆင်နွှဲကြပြီး မြန်မာနိုင်ငံအလုံးကို ၁၈၈၅ ခုနှစ်တွင် သိမ်းယူခဲ့ကြသည်။ အမှန်မှု သစ်ကိစ္စပေါ်ပေါက်သည် ဖြစ်စေ၊ မပေါ်ပေါက်သည် ဖြစ်စေ အထက် မြန်မာနိုင်ငံအား အနေး

နှင့်အမြန် ဆိုသလိုသိမ်းပိုက်ရန် ဗြိတိသျှတို့ ရည်ရွယ်ချက်ထားရှိခဲ့ပြီးဖြစ်လေသည်။

မြန်မာနိုင်ငံအတွင်းရှိတိုင်းရင်းသားအားလုံးတို့သည် မြန်မာနိုင်ငံအား နယ်ချဲ့ကျူးကျော်သူများကို အနိုင်မခံ အရှုံးမပေးသော ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် အပြည့်အဝဖြင့် အရိုးကျေကျေ အရေခန်းခန်း အသက်ကို ပဓာနမထားဘဲ ခုခံတိုက်ခိုက်ခဲ့ကြသည်။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် မဟုတ်မူဘဲ ၎င်းတို့၏အကျိုးစီးပွားသက်သက်အတွက်သာ မြန်မာနိုင်ငံကို ကျွန်ဇာတ်သွင်းခဲ့ကြခြင်းဖြစ်သည်။ မြန်မာတိုင်းရင်းသား ညီအစ်ကိုများသည် နယ်ချဲ့တို့ပရိယာယ်ရန်စွယ် အန္တရာယ်ကို သိမြင်၍ သမိုင်း သင်ခန်းစာများ အဖြစ်ရယူကြရမည်ဖြစ် သည်။

ယနေ့ကာလတွင် ထို သင်ခန်းစာများမှတစ်ဆင့် တစ်မြေတည်းနေ တစ်ရေတည်း သောက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် နယ်ချဲ့တို့၏ ဝင်ရောက်ခြေရှုပ် စွက်ဖက်ကျူးကျော်စော်ကားလာမည့် အန္တရာယ်ကို အစဉ်သတိရှိလျက် ထာဝရ စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းကာကွယ်ကြရမည်ဖြစ်သည်။ ၎င်းမှာ တိုင်းရင်းသား ညီအစ်ကိုများ၏သမိုင်းပေးတာဝန်ပင် ဖြစ်ပါတော့သည်။ ။

ကုန်းဘောင်ခေတ် ရတနာပုံနေပြည်တော်၏ နန်းမြင့်မျှော်စင် ဖြစ်သည်။ နယ်ချဲ့တို့ မီးရှို့ဖျက်ဆီးခဲ့သဖြင့် ပျက်စီးပျောက်ကွယ်ခဲ့ရပြီ။



ကျေးလက်ကျောက်ချောလမ်းခင်း

ရန်ကုန် ဇန်နဝါရီ ၂၈

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာနှစ်အတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသော အရှည်ပေ ၁၆၀၀ ရှိ အုတ်တွင်း-ရေနံတောင် ကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၈ရက်က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (က-ပ)

သားငါးပွဲ့ပြိုး ပြည့်အကျိုး

မဟာ တေဇာဓိပတိ သဒ္ဓါစေတနာ တပြိုပြို

ရတနာစည်ဆရာတော်
(လွိုင်လင်)

(က)

မဟာတေဇာ ဓိပတိဟူသည် ကြီးမားသော ဘုန်းတေဇာတို့၏ အကြီးအမှူးဟု အဓိပ္ပာယ်ရပါ၏။ ယင်းအဓိပ္ပာယ်သက်ဝင်တည်ရှိရာ ဒြပ်သည် သာမန် လူဒြပ်၊ နတ်ဒြပ်၊ ဗြဟ္မာဒြပ် မဟုတ်နိုင်။ ယင်းတို့ထက် ဘုန်းတေဇာကဲသာ စိုးချုပ်သော မြတ်ဗုဒ္ဓဒြပ် သို့မဟုတ် မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော်များစံပျော်ရာ စေတီဒြပ်သာဖြစ်နိုင်၏။ မှန်ပါသည်၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့တွင် နှိုင်းတူကင်းပ အတုလမုနိ မဟာတေဇာဓိပတိ စေတီတော်မြတ်၏ ဒြပ်ပုံတော်ပါပေ။

ယင်းဒြပ်ပုံတော်နှင့်စပ်လျဉ်း၍ ဤသို့ရေးသားပူဇော်ခဲ့ဖူးပါ၏။

"ဤမဟာတေဇာဓိပတိ စေတီတော်သည် ရွှေတိဂုံပုံတူဖြစ်သော်လည်း ထူးခြားချက်မှာ ဖိနပ်တော်အကျယ် ၁၃၈ ပေပေါ်ဝယ် အမြင့် ၁၉ပေ လေးဖက်ညီလိုဏ်ပေါက်ထားကာ ထိုလိုဏ်ပေါ်တွင် အမြင့်ရှစ်ပေအထက်ရောင်လင်းပေါက်တပ်ဆင်ထားခြင်းဖြင့် ခံ့ညားထည်ဝါလွန်းသော ဂန္ဓကုဋိတိုက်ကြီးဖြစ်ပေါ်လာပြီး ယင်းစုစုပေါင်းအမြင့် ၂၇ပေရှိ ဂန္ဓကုဋိတိုက်ပေါ်၌သာ ၈၁ပေအမြင့်ရွှေတိဂုံပုံတူတည်ထားခြင်းဖြစ်ပေ၏။ ဂန္ဓကုဋိတိုက်ခြေမှ ငှက်ပျောဖူးတော်အထိ စုစုပေါင်း ဉာဏ်တော်အမြင့်၁၀၈ပေဖြစ်လေ၏။

"ထို့ကြောင့် မိုင်းပန်မြို့ မဟာတေဇာဓိပတိ စေတီတော်၏ ဒြပ်ပုံသည် အဝေးမှဖူးမြင်သောအခါ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြင်ရဘိသို့ အနီးဖိနပ်တော်မှ ဖူးမြင်ရသောအခါ ပုဂံအာနန္ဒာစေတီတော်ကြီးကို ဖူးမြင်ရဘိသို့ ဂန္ဓကုဋိတိုက်တွင်း ဝင်ရောက်ဖူးမြင်ရသောအခါ စွယ်တော်မြတ်စေတီတော်အတွင်း ဝင်ရောက်ဖူးမြင်ရဘိသို့ စေတီပုထိုးအစုံစုံ ပါသာဒိကအဖုံဖုံတို့ကို တစ်နေရာတည်း စုပုံဖူးမြော်ရသောအသွင် စိတ်တွင်ထင်မြင်ခံစား ပီတိပါးရသည်မှာ ထူးခြားသောဝိသေသ ဖြစ်လေ၏"

(၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နှင့် ၂ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာပါ မိုင်းပန်ရဲ့နှိုင်းစံမဲ့ဆောင်းပါး)

ယနေ့သော် မဟာတေဇာဓိပတိ၌ သဒ္ဓါစေတနာ တပြိုပြိုဖြင့် ပီတိတဖွားဖွား အားတရအံ့တညြ ပြောမဆုံးဖွယ် မြင်ကွင်းများအဖြစ် စေတီကုန်းမြင့်၏ အရှေ့မြောက်အရပ်၌ သဒ္ဓမ္မဝိကာသိနီ ရွှေသိမ်တော်၊ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဆင်းတုတော်တို့ သီတင်းသုံးစံပယ်တော်မူသော ဗောဓိဥယျာဉ်တော်၊ မြောက်အရပ်၌ ရေကန်တော်၊ အနောက်တောင်အရပ်၌ ဘုန်းတော်ကြီးကျောင်း၊ တောင်မျက်နှာ ယွန်းယွန်း၌ သာသနာ့ဗိမာန်တော်ကြီး၊ အရှေ့တောင်အရပ်၌ ရေကန်တော်တွင် ရှင်ဥပဂုတ္တသီတင်းသုံးတော်မူသည့် ကျောင်းဆောင်တော်တို့ကိုပါ ကြည်ညိုစွာ ရှုမဆုံး သဒ္ဓါမျက်လုံးဖြင့် နှလုံးငြိဖွယ် ဖူးမြင်နေရလေပြီ။

(ခ)

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မိုင်းပန်မြို့၌ နိုင်ငံတော်အစိုးရက တည်ထားအပ်သော မဟာတေဇာဓိပတိ စေတီတော် ရွှေထီးတော်တင်ပွဲ ကျင်းပတော့မည့်သတင်း၊ ထိုထီးတော်တင်ပွဲ၌ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ရှမ်းပြည်နယ် (တောင်၊ မြောက်၊ အရှေ့)ရှိ သာသနာ့ ဦးသျှောင် ဆရာတော်ကြီးများစုစုပေါင်း ၁၀၈ပါး ပင့်ဆောင်မည့်သတင်း၊ တောင်ကြီးမြို့ကို စုရပ်ထားရှိပြီး သတ်မှတ်သောနေ့ရက်၌ မိုင်းပန်မြို့သို့ ပင့်ဆောင်ရာဝယ် နေ့ဆွမ်းဆက်ကပ်မည့် နေရာအဖြစ် လွိုင်လင်မြို့ ရတနာစည် ကျောင်းတိုက်ကို လျာထားသည့်သတင်းများ တစ်မုဟုတ်ချင်း သိရှိလာရခြင်းနှင့် အတူ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၏ ညွှန်ကြားချက်၊ပြည်နယ်သာသနာရေးဦးစီးမှူးဦးအောင်ကြည်၏ စီမံချက်၊ လွိုင်လင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ လွိုင်လင်ခရိုင်သာသနာရေးမှူး ဦးစိုင်းဘမင်းတို့၏ အနီးကပ်ဆောင်ရွက်ချက်တို့ဖြင့် ရတနာစည် အနုဂ္ဂဟအဖွဲ့ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ခွဲအဖို့ ထန်ကဲဝမ်းမြောက်စွာ ဝေယျာဝစ္စကုသိုလ် ဆည်းပူးခွင့် ရရှိလေ၏။

ဤရတနာစည် အနုဂ္ဂဟအဖွဲ့ကား "ကောင်းရာရှေးရှု၊ ကောင်းတာပြု၊ ကောင်းမှုရတနာစည်ပါစေ"ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ လုပ်ချင်သူ၊ လုပ်တတ်သူ၊ လုပ်နိုင်သူတို့၏ အစုအစည်းတစ်ခု ဖြစ်နေသောကြောင့် ဘာသာ၊ သာသနာရေးရာကိစ္စရပ်များ၌ အားကိုးရသော အဖွဲ့ဖြစ်ပါသည်။

ဤအရှင်တို့ကလည်း ဤသို့ အားပြည့်အင်ပြည့် ပေးထား၏။

"စဉ်းစားကြည့်နော်၊ ကိုယ့်ဘာသာ ကိုယ်ဆိုရင် ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စ။ ရန်ကုန်က နိုင်ငံတော် သံဃမဟာနာယကကြီးတွေလဲပါတယ်၊ လားရှိုးက၊ လွိုင်ကော်က ဆရာတော်ကြီးတွေလဲပါတယ်၊ တောင်ကြီး-ဟိုပုန်း-မိုင်းပွန်- ပင်လုံ-လွိုင်လင် ဆရာတော်တွေ အစုံပါတယ်။ ဒေသစုံကဆရာတော်တွေကို ဆွမ်းကပ်ခွင့်၊ ဝေယျာဝစ္စ ဆောင်ရွက်ခွင့်ဆိုတာ ကံကောင်းလွန်းလို့ရတာ"

သို့ဖြင့် သတ်မှတ်ရက် နံနက် ၉နာရီတွင် မိုင်းပွန်နှင့် ပင်လုံတို့မှ ဆရာတော်များ ရောက်ရှိတော်မူလာကြသကဲ့သို့ လွိုင်လင်မှ မြို့လယ်ဆရာတော်၊ ဓာတ်တော်ဆရာတော်၊ ဓမ္မစေတီဆရာတော်တို့လည်း ရောက်ရှိလာကြပြီး ၁၀နာရီတွင်မူ တောင်ကြီးစုရပ်ဆရာတော်များ ဗင်ကားသုံးစီး၊ မှန်လုံကား တစ်စီးတို့ဖြင့် ကပ္ပိယကာရကများ၊ ပင့်ဆောင်ရေးတာဝန်ခံများပါ ရောက်ရှိလာကြလေ၏။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ပြည်မြို့ ဇောတိကာရုံ ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလဇောတိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အင်းလေးရွှေဘုံသာဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဝေပုလ္လာဘိဝံသ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တောင်ကြီး စွန်းလွန်းကမ္မဋ္ဌာန်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မာ ဘိဝံသ၊နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တောင်ကြီးဘုရားကြီး မြောက်ကျောင်းဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ နာဂိန္ဒာလင်္ကာရ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် လွိုင်ကော် မင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ၊ လားရှိုးကာမိန်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မုနိန္ဒ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် လားရှိုးရန်အောင်မြင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တ၊ ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီ၊ တောင်ကြီးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တောင်ကြီးမြို့ဦး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုလ္လန္ဒက၊ တောင်ကြီးမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်တောင်ကြီးဘုရားကြီး အနောက်ကျောင်း ဆရာတော် ဘဒ္ဒန္တ သဇ္ဇန (ဒီဃဘာဏက)၊ တောင်ကြီး သိမ်တောင်စာချ ဘဒ္ဒန္တ တေဇဝန္တ(ဓမ္မာစရိယ) စသော ဆရာတော်များဖြစ်ကြပါသည်။

ဤအရှင်တို့သည် တောင်ကြီးမြို့မှ ဆရာတော်များနှင့်မူ အကျွမ်းတဝင် ဖြစ်နေသဖြင့် မကြာခဏဆုံစည်းဖူးမြင်ခွင့်ရှိနေသော်လည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ပြည်မြို့ ဇောတိကာရုံဆရာတော်ကြီးကိုကား ယခုမှပင် ဖူးမြင်ခွင့်ရသည့်အတွက် ကြည်ညိုစွာကြည်နူးရပါ၏။ ထို့ပြင် ကွဲကွာနေခဲ့သည်မှာ နှစ်များစွာကြာခဲ့ပြီဖြစ်သော လားရှိုးမြို့ ရန်အောင်မြင် ဆရာတော်နှင့် ပြန်လည်ဆုံစည်းရသည့်အတွက် ငယ်ကဖြစ်စဉ်တွေပြောမဆုံးပေါင် တောသုံးထောင်ဖြစ်ရသည်မှာလည်း ကြည်နူးစွာကြည်မွေ့ရပါ၏။

သည်သို့ ဆရာတော်များအချင်းချင်း ဂါရဝပြုကြ၊ အာလာပသလ္လာပ ပြောဆိုကြ၊ စပ်မိစပ်ရာ စကားဝိုင်းဖွဲ့ကြရင်း ရင်နွေးအောင် ရေနွေးကြမ်းဘုဉ်းပေးကြစဉ် ဆရာတော်တစ်ပါး ရုတ်တရက်ခေါင်းမူးလာသောကြောင့် ချက်ချင်း ဆရာဝန်အပင့်ခိုင်းရ၏။ ဆရာဝန်များ ချက်ချင်းရောက်လာကြ၏။ ခုတင် (၂၀၀) အထူးကုဆေးရုံကြီးမှ သမားတော် ဒေါ်အေးအေးမူ ဖြစ်ပါသည်။

သည်တွင် ဂုဏ်ယူစကားတစ်ခွန်း ပြောအပ်သည်မှာ "ယနေ့လွိုင်လင်သည် မနေ့ကလွိုင်လင်မဟုတ်တော့"ဟု ဖြစ်၏။ မနေ့က လွိုင်လင်သာဆိုလျှင် ယခုလိုအရေးပေါ်ကိစ္စမျိုးဝယ် ခက်ခက်ခဲခဲကြန့်ကြန့်ကြာကြာ ဖြစ်နိုင်၏။ ယနေ့ လွိုင်လင်သော်မူ တပ်မတော်အစိုးရ၏ လွိုင်လင်ခရိုင်ပင်လုံ ဂုဏ်ပြုတည်ဆောက်မှုအဖုံဖုံ၊ တိုးတက်မှုအစုံစုံ အထူးဖွံ့ဖြိုးရေး ဒေသအရှိန်အဟုန်ကြောင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကြေးနန်းဆက်သွယ်ရေး စသည် ဘက်စုံထောင့်စုံ မြင့်မားလာနေပါချေပြီ။ မကြာသေးမီကပင် "ရောဂါလား... လွိုင်လင်ဆေးရုံကြီးရှိတယ်" ဆောင်းပါးရေးသားခဲ့သည့်အတိုင်း နိုင်ငံတော်အစိုးရ၏ စေတနာကြောင့် ခုတင် (၂၀၀)အထူးကုဆေးရုံကြီးအဖြစ် ထီးထီးမားမား ပေါ်ထွန်းလာပြီဖြစ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်း၏ ဦးဆောင်မှုအောက်ဝယ်သမားတော်များ၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊သူနာပြုများဖြင့် ရောဂါဇာစ်မြစ်ကို တိကျစွာရှာနိုင်၊ ထိရောက်စွာ ကုနိုင်ခြင်းတို့ကြောင့် ကျန်းမာရေးနှင့် ပတ်သက်လျှင် အချိန်မရွေး ကယ်မ ပေးနိုင်သော အခြေအနေရောက်ရှိနေလေပြီ။

သမားတော် ဒေါ်အေးအေးမူက ဆရာတော်ကြီးအား ဦးချ၍ သွေးတိုင်းသောအခါ အထက်-အောက်သွေးများ အလွန်တက်နေကြောင်း တွေ့ရှိရ၏။ သမားတော်ပီပီ လိုအပ်ရာရာတို့ကို အချိန်ယူစစ်ဆေးပြီးသော် လိုအပ်သော ဆေးဝါးများကို လှူဒါန်း၏။ အခြားသော ဆရာတော်ကြီး အချို့တို့လည်း တစ်ပါးပြီးတစ်ပါး လက်မောင်းပတ်၊ နားကျပ်ထောက်ဖြင့် တဒင်္ဂကျန်းမာရေးစစ်ဆေးခံယူကြလေ၏။ ယင်းတဒင်္ဂကျန်းမာရေးစစ်ဆေးမှုသည် နောက်ရက်ပေါင်းများစွာ သို့တိုင် ကျန်းမာခြင်းနှင့် ရွှင်လန်းခြင်းကို ဆောင်ကြဉ်းသွားလေ၏။

ဤတွင် ၂၃-၂-၉၅ရက်စွဲ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းအမှတ်စဉ်(၂၆) နောက်ဆုံးနှစ် သင်တန်းသားများအား မိန့်ကြားခဲ့သည့် စကားတစ်ခွန်းကို ထုတ်ပြအပ်၏။

"နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြင့်မားလာနေပြီဖြစ်ရာ နောင်ငါးနှစ်ဆိုပါက နယ်စပ်ဒေသနှင့် အတွင်းပိုင်း ဆူကြဲနိမ့်မြင့် ကွာခြားမှု အတော်အတန် ကျဉ်းကျုံ့သွားမည်ဖြစ်ကြောင်း"

တကယ်ပင် စကားနောက်တရားပါခဲ့၏။ စကားက သစ္စာစကားဖြစ်သဖြင့် စကားနောက်၌ သစ္စာတရားက ထက်ကြပ်မကွာ ပါလာခဲ့၏။ ကြည့်ပါ၊ ထိုစကား၏ နောက်ငါးနှစ်တာကာလ ခရစ်နှစ် ၂၀၀၀ ဤမှာဘက်ဝယ် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတို့၏ ပီပြင်သောအရှိန်အဟုန်ကြောင့် နယ်စပ်ဒေသနှင့် အတွင်းပိုင်း၊ အတွင်းပိုင်းနှင့် ကွက်လပ်ဒေသပိုင်း၊ တိုင်းနှင့်ပြည်နယ်များအပိုင်း၊ တိုင်းနှင့်တိုင်းများအပိုင်း၊ပြည်နယ်နှင့်ပြည်နယ်များအပိုင်း အပိုင်းပိုင်းအစိတ်စိတ် ဦးထိပ်မှ ခြေဖျားကေသာ၊လောမာ၊နခါ၊ဒန္တာ၊တစော(ဆံပင်၊မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေပြား)အစပြုသည့် ပြည်ထောင်စုသုံးဆယ့်နှစ် ကောဋ္ဌာသအားလုံး ရောဂါကင်း၍ ဖွံ့ဖြိုးခြင်းဆီ ရှေးရှုချီနေသည်မှာ စကားနောက်တရားပါလာခြင်း မဟုတ်လော။

နံနက် ၁၁နာရီတွင် ဆွမ်း၊ကွမ်းဝေယျာဝစ္စ အဖွဲ့က ဆရာတော်များအား ဆွမ်းဆက်ကပ်သောအခါကြက်သားကို ပြုတ်၍ ကျောက်ပွင့်နှင့် စရနယ်ပြီး မုန်လာဥနီ အကွင်းလိုက် ပါးပါးလှီးကာ ငရုတ်၊သံပရာတို့ဖြင့် တန်ဆာဆင်ထားသော အသုပ်ဟင်းလျာ(ချဉ်၊ ဆိမ့်၊ ငန်၊ စပ်)တစ်ခွက်မှာ နာမည်ကြီးသွားလေ၏။ ရှမ်းပြည်နယ်၏ဆောင်းအေးအေးမှာ ရင်နွေးနွေး ဘုဉ်းပေးကြရသောကြောင့် ဖြစ်ပါသည်။

ဆရာတော်များဆွမ်းကိစ္စပြီး၍ နောက်ပါကပ္ပိယများနှင့် ယာဉ်မောင်း၊ နောက်လိုက်များပါ စားသုံးပြီးကြသောအခါ မွန်းလွဲပိုင်းတွင် လွိုင်လင်မြို့မှ မိုင်းပန်မြို့သို့ ယာဉ်တန်းထွက်ခဲ့ကြရာဆရာတော်များ၏မေတ္တာရောင်ခြည်သည် ရတနာစည်မှတစ်ဆင့် တစ်ခရိုင်လုံးနှင့် တစ်နိုင်ငံလုံးသို့ ဖြန့်ကြက်သွားလေပြီဟု ခံစားကြရပါကုန်၏။

ယာဉ်တန်းသည် ကျယ်ပြန့်သောလမ်းပေါ်၌ နှင်လာရခြင်းကြောင့် နမ့်စန်မြို့၊ မိုးနဲမြို့များကို လျင်မြန်စွာ ကျော်လွန်လာခဲ့ပြီး လင်းခေးမြို့သို့ရောက်လာ၏။ မြို့ပတ်လမ်းမှ ဆက်လက်မောင်းနှင်လာရာ တစ်ခဏအတွင်း လင်းခေး တံတားသစ်ကြီးပေါ် ဖြတ်ကျော်ခဲ့လေသည်။ ဤတံတားသစ်ကြီးမှာ လူသွားလမ်း အကျယ်တစ်ဖက်သုံးပေစီ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိပြီး ပေ ၂၉၀ အရှည် သံကူကွန်ကရစ်တံတားကြီးဖြစ်၍ ခွင့်ပြုယာဉ်အလေးချိန်မှာ တန်၆၀ဖြစ်ကာ ၁၁-၉-၂၀၀၃ ရက်စွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဖွင့်လှစ်ပေးခဲ့သော တံတားသစ်ကြီးဖြစ်ပါသည်။ မြို့ပတ်လမ်းမှာမူ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၏ ပံ့ပိုးမှုဖြင့် အသစ်ဖောက်လုပ်ထားခြင်းဖြစ်၏။

ယာဉ်တန်းသည် မြို့ပတ်လမ်းသစ်မှ တံတားသစ်ကြီးပေါ် ဖြတ်ကျော်ခဲ့ပြီးသော် အမြင့်ပေ၂၂၂၂ပေရှိ မိုင်းပန်မြို့သို့တောင်တက်လမ်းဖြင့်တက်သောအခါလမ်းတစ်လျှောက် စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ထွင်ပြုပြင်လျက်ရှိကြောင်း တွေ့မြင်ရပြီး ညဦးပိုင်းဝယ် မိုင်းပန်မြို့ တည်းကျောင်းသို့ ရောက်ရှိလေ၏။

ဤတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရခိုင်ပြည်နယ် မင်းချောင်းတံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိစဉ် ၂၈-၂-၉၉ ရက်စွဲ၌ မှာကြားထားသော အမှာစကားတစ်ရပ်ကို ထုတ်နုတ်အပ်ပါ၏။

"ပြည်နယ်နှင့်တိုင်း တစ်ခုနှင့်တစ်ခု၊ ဒေသတစ်ခုနှင့်တစ်ခုဆက်သွယ်သော လမ်းမကြီးများနှင့် တံတားကြီးများကို ကြိုးစားပမ်းစား တည်ဆောက်နေသည်မှာ တိုင်းရင်းသားအချင်းချင်း သွေးစည်းချစ်ကြည်ရင်းနှီးရေး၊ တိုင်းရင်းသားများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးတို့အတွက် ဦးတည်တည်ဆောက်နေခြင်းဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခုသွားလာမှု လွယ်ကူလာသည်နှင့် အမျိုးတိုင်းရင်းသားအချင်းချင်းထိတွေ့ဖန်များပြီး ခင်မင်ရင်းနှီးကာ တစ်သွေးတည်း တစ်သားတည်း ပြည်ထောင်စုစိတ်ဓာတ်ပိုမို ထွန်းကားလာမှာဖြစ်သည်"

(ဂ)

နောက်ရက် နံနက်တွင် မဟာတေဇာဓိပတိ စေတီတော်ကြီး၏ အရှေ့မြောက်အရပ်၌ တင့်တယ်စွာ တည်ဆောက်ပြီးဖြစ်သော ဝိကာသိနီရွှေသိမ်တော်ကြီး သိမ်သမုတ်ပွဲကို ထိုသိမ်တော်တွင်း၌ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပြည်ဇောတိကာရုံဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အင်းလေး ရွှေဘုံသာဆရာတော်ကြီး၊ ရန်ကုန်ရွှေသုဝဏ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ သဒ္ဓိယ (M.A)အမှူးပြုသည့် ရဟန်း သံဃာ ၁၂၂ပါးတို့ဖြင့် ဝိနည်းခမ္မကံနှင့်အညီ ဆောင်ရွက်ကြ၏။ သိမ်သမုတ်ပွဲအောင်မြင်ပြီးမြောက်သောအခါ မိုင်းပန်တပ်နယ်မှ ဗိုလ်မှူးချုပ်ညွှန့်လှိုင်ဦးဆောင်သော စေတနာရှင်များက သီမာသမ္မုတိ ဝိဇယမင်္ဂလာအထိမ်းအမှတ် သိမ်ထွက်အလှူလောင်းလှူကြသည့်အတွက် ဤမျှ များပြားသော ဆရာတော်သံဃာတော်များအား တစ်စုတစ်စည်းတည်းလောင်းလှူရသည်ကို ကြည်ညိုမဆုံးခံစားကြရကြောင်း ကြားသိရသည်။ ထိုညဦးတွင် မဟာတေဇာဓိပတိစေတီတော်ကြီးအား လျှပ်စစ်မီးတို့ဖြင့် ထိန်ညီးထွန်းတောက်စွာ ပူဇော်ထားပုံညမြင်ကွင်းကို ဖူးမြင်နိုင်ရန် အရာခံဗိုလ်လှသန်းက လာရောက်ပင့်ဆောင်လေ၏။ အရာခံဗိုလ်လှသန်းမှာ ကက (ပ့) ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းငွေ၏ တာဝန်ပေးချက်အရ နှစ်ပတ်ခန့်ကြိုတင်ကာ ရန်ကုန်မှ မိုင်းပန်သို့ရောက်လာပြီး စေတီတော်ဂန္ဓကုဋိတိုက် အတွင်းအပြင် လျှပ်စစ်မီးတပ်ဆင်ခြင်း၊ ရုပ်ပွားတော်များအား လျှပ်စစ် အလင်းပူဇော်နိုင်ရန် စီမံခြင်းနှင့် ပွဲတော်ရက်အတွင်း ကုန်းတော်တစ်ပြင်လုံး အလင်းအား ဖြန့်ကြက်နိုင်ရန် ဆောင်ရွက်ခြင်းတို့ဖြင့် သာသနာအလှကို စေတနာ ဗလနှင့် ခြယ်သနေသူဖြစ်ပါသည်။သူ၏အတတ်ပညာအခင်းအကျင်းကြောင့် စေတီတော်ထိန်လင်းနေပုံမှာ အကာလ ညအမှောင်ဝယ် ရွှေတောင်ကို နေရောင်ဟပ်သောအလားဟု တင်စားရလောက်သည့် လက်ရာမြောက်အခြယ်အမွမ်းများဖြစ်လျက် ရှိနေပါတော့၏။ စေတီတော်ညမြင်ကွင်းကြောင့် ရင်တွင်း တအိအိ ပီတိတသိမ့်သိမ့် တစိမ့်စိမ့်ပျော်ဝင် ပုံတော်တွင် ဂုဏ်တော်ဟပ် အထုံဓာတ် ဆင့်ဆင့်ကဲလာသည်မှာ အိပ်မက်ထဲအထိ ဘုရားဖူးနေလေတော့၏။ ။

(ဆက်လက်ဖော်ပြပါမည်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

စာမျက်နှာ ၄ မှ

နိုင်ငံတော်အစိုးရ၏ မှန်ကန်ဖြောင့်မတ်သော အမျိုးသားရေးအကျိုးစီးပွားရေးရှုသော ဦးဆောင်လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအပါအဝင် အမျိုးသားရေးစွမ်းအားစုများအားလုံး၏ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတော်အတွင်း အမျိုးသားစည်းလုံးညီညွတ်မှု အခြေခံကောင်းများနှင့်အတူ အမျိုးသားစီးပွားရေးဘဝဖွံ့ဖြိုးစည်ပင်မှု၊ နိုင်ငံသူနိုင်ငံသားများ၏ လူမှုရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားမှု၊ နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာရပ်များဖွံ့ဖြိုးတိုးတက်မှုစသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ အစီအရီ ဆင့်ပွားပေါ်ထွန်းလျက်ရှိနေပြီလည်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး၏ ပေါင်းစည်းညီညွတ်သည့် စွမ်းပကားကြောင့် ရရှိဖြစ်ထွန်းနေသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကိုမြှင့်တင်ရင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားရေး အကျိုးစီးပွားဖြစ်ထွန်းမှု၊ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းနိုင်မှုဆိုသည့် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း အနာဂတ်ကာလတိုင် ထိန်းသိမ်းဖော်ဆောင် သွားနိုင်စေရေးအတွက် နိုင်ငံတော်ရှေ့ဆက်ချီတက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို စတင်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်လည်း ရှိနေပြီဖြစ်ကြောင်း။

လက်တွဲကြိုးပမ်း

ထို့ကြောင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် ၂၀၀၃ခုနှစ် စက်တင်ဘာလက ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကြိုဆိုထောက်ခံပွဲတွင်ရော အောက်တိုဘာလက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကျင်းပခဲ့သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး လူထုအစည်းအဝေးကြီးတွင်ပါ အမျိုးသားရေးတာဝန် ကျေပွန်စွာဖြင့် ပူးပေါင်း ပါဝင်တက်ရောက်ခဲ့သည့် အစဉ်အလာကောင်းကို ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတော် ရှေ့ဆက်ချီတက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက် တစ်မျိုးသားလုံးနှင့် လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်အခါကာလတွင် မိမိနိုင်ငံသူ နိုင်ငံသား အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားဖြင့်သာလျှင် မိမိနိုင်ငံ၊ မိမိလူမျိုးဂုဏ်သိက္ခာတိုးတက်မြင့်မားရန်၊ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံနှင့် လူမျိုးအဖြစ် ကမ္ဘာတည်သရွေ့ ခိုင်ခိုင်ခံ့ခံ့ ရပ်တည်နိုင်စေရအောင် ကြိုးပမ်းစွမ်းဆောင်နိုင်မည်ဖြစ်သဖြင့် မိမိနိုင်ငံသူနိုင်ငံသားပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး စိတ်ဓာတ် မြင့်မားခိုင်မာစေရေးအတွက် သွားဘက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကတစ်ဆင့် တစ်တပ်တစ်အား ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ ပညာရှင်ကြီးများကို မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးကို ပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ထိရောက်ခိုင်မာပြီး စွမ်းဆောင်ရည် ထက်မြက်သည့် တိုင်းကျိုးပြည်ဆောင် အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာတိုးတက်မြင့်မားရေး၊ သွားနှင့်ခံတွင်း ဆေးပညာလောက တိုးတက်စည်ပင်ရေးနှင့် ပြည်သူလူထု၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးတို့အတွက် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေ၊ ပြည်ထောင်စုကြီး၏ အနာဂတ်အေးချမ်းသာယာ တည်တံ့ခိုင်ခံ့ရေးကို အာမခံပေးမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက် သွားဘက်ဆိုင်ရာ ဆရာဝန်များ အားလုံးက မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အမျိုးသားရေးတာဝန် ကျေပွန်စွာ ပူးပေါင်းပါဝင် စွမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သွားဘက်ဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီများ၏ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

လမ်း(၅၀)ဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက်လမ်း(၅၀)(အောက်လမ်းသွယ်)ဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် ပဓာန နာယကဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဓမ္မကထိက ဘဒ္ဒန္တ မာလာစာရ(ဓမ္မာစရိယ)အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ဟောကြားပြသမည် ဖြစ်ရာ ညစဉ်တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

လာအိုဒုတိယဝန်ကြီးချုပ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လှိုင်သာယာစက်မှုမြို့ရှိ စက်ရုံများကြည့်ရှုလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့တွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်တာဗီဘော့ဟီစိမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီ မိနစ် ၅၀တွင် လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲရေးရုံးသို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကနောင်ခန်းမ၌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး လှိုင်သာယာစက်မှုမြို့ အကြောင်းသိကောင်းစရာများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းလိုက်ပါ၍ လှိုင်သာယာစက်မှုမြို့ စက်မှုဇုန်(၃)မင်းကြီးမဟာမင်းခေါင်လမ်းနှင့် နဝဒေး လမ်းထောင့်ရှိ FAMEဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်လေ့လာကြရာ စက်ရုံမှူး ဦးတင်မောင်အေးနှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး စက်ရုံ ဧည့်ခန်း၌ စက်ရုံမှူးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားကာ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းအဆင့်ဆင့်ကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် FAMEဆေးဝါးထုတ်လုပ်ရေးစက်ရုံ၏ ဆေးပေါင်းပျားရည် ထုတ်လုပ်ခြင်း၊ သဘာဝပျားရည် ထုတ်လုပ်ခြင်း၊ ပျားရည်ပေါင်းခြင်း၊ ဆေးတောင့်ဖြည့်စွက်ခြင်း၊ ဆေးတောင့်သန့်စင်ခြင်း၊ ရောနှောဖျော်စပ်ခြင်း၊ တံဆိပ်ကပ်ထုပ်ပိုးခြင်းလုပ်ငန်းများနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ အရည်အသွေး ထိန်းသိမ်းရေးဌာန၊ ဆေးဝါးကုန်ကြမ်း ပြုပြင်ထုတ်လုပ်ခြင်းဌာန၊ ဆေးဝါး အဆီအနှစ် ထုတ်လုပ်ခြင်းဌာန၊ တမာ အရေပြားလိမ်းဆေးနှင့် လင်ဇီးအကိုက်အခဲပျောက်လိမ်းဆေး ဖြည့်သွင်းခြင်း ဌာနများကို လှည့်လည် ကြည့်ရှုလေ့လာကြရာ**(အပေါ်ပုံ)** စက်ရုံမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဧည့်သည်တော် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော် စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင် လန်ဆီဆူလစ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် FAME ဆေးဝါး ထုတ်လုပ်ရေး စက်ရုံမှ ပြန်လည် ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

တံတားဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် မြောင်းစုကျေးရွာ ချောင်းကူး တံတားဖွင့်ပွဲသို့ တက်ရောက်ပြီး တံတားသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်နှင့် အတွင်းရေးမှူး ဦးမြတ်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖ ဦးလှိုင်ထွန်းတို့က တံတားတည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ဝန်ကြီးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျူပိုကျေးရွာသို့ရောက်ရှိပြီး မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်သည်။ ကျောင်းဆောင်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဖွင့်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီးကအမှာစကားပြောကြားသည်။ ထို့နောက် ဟင်္သာတခရိုင် ပညာရေးမှူး ဦးခင်မောင်ရီက ပညာရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးသိန်းဇံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ခြောက်ရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခွဲဖွင့်ပွဲသို့တက်ရောက်ရာ ကျောင်းခွဲကို ခရိုင်ပညာရေးမှူး ဦးခင်မောင်ရီနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းကျောက်စာကို ထူးချွန်ကျောင်းသားကျောင်းသူများက ဖဲကြိုးဆွဲ၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် ဖွင့်ပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်တင်ဝင်းက ကျောင်း၏ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၈

မြောက်ဥက္ကလာပ မြို့နယ် နွယ်သာကီ ၃ လမ်း အနောက်ခြမ်း (က)ရပ်ကွက်တွင် ဇန်နဝါရီ ၃၀ ရက် (သောကြာနေ့)ညနေ ၅ နာရီခွဲတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် ရွှေဘုန်းရှိန်သီသာသနာပြု တောရကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပညာသာရက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မဟာသတင်းဂျာနယ် အတွဲ(၂)၊အမှတ်(၂၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၈

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၂၂)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ရာ ယခုအပတ်သတင်းဂျာနယ်တွင် စွန်ရဲ၏ တွေ့ကြုံခဲ့ရလူ့ဘဝ(၅၅)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ဆူဒိုနင်၊မြတ်ခိုင်၊ ဇင်ဝိုင်း၊မောင်ဆွေသက်တို့၏ ဆောင်းပါးများနှင့်အတူ ကျောက်ဘီလူးတင်မောင်ဆွေ၊ ကျော့မောင်(မင်္ဂလာတောင်ညွန့်)တို့၏ ပြည်ပအားကစားသတင်းများ၊ စိုးသိဏ်း၏ ထွေလီကာလာ အနုပညာကမ္ဘာ၊ ခင်လိမ္မာ၊ ဇေယျာမြတ်ခိုင်၊



မောင်မျိုး(ကြောင်နှစ်ကောင်)တို့၏ ပြည်တွင်းအနုပညာသတင်းများ ပါဝင်သည်။ ထို့ပြင် အပတ်စဉ်ပါနေကျ မြတ်ခိုင်၏ မေးခွန်း(၁၀၀၀)၊ အင်္ဂါ စကားဝိုင်း (၂၁)တို့အပြင် ပရိသတ်အကြိုက် 3D လက်ဆောင်လည်း ပါဝင်ကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရှိ ခေတ်မီအီလက်ထရွန်နစ် စာကြည့်တိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ကျောက်တန်း ပြန်/ဆက်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောက်တန်းမြို့ ခေတ်မီအီလက်ထရွန်နစ်စာကြည့်တိုက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရှိ ခေတ်မီအီလက်ထရွန်နစ် စာကြည့်တိုက်သို့ရောက်ရှိလာရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဝန်ကြီးသည် ခေတ်မီအီလက်ထရွန်နစ် စာကြည့်တိုက်တို့၏အဆောက်အအုံ ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးရာ စာကြည့်တိုက်တို့၏အဆောက်အအုံ ဆောက်လုပ်မှုနှင့် ပတ်သက်၍ ACE ဆောက်လုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ဆန်းက ရှင်းလင်း တင်ပြပြီး ဝန်ကြီးသည် တို့၏ အဆောက်အအုံ ဆောက်လုပ်ရေး၊ စာအုပ်စင်များ ခင်းကျင်း သိုမှီးထိန်းသိမ်းမည့်ပုံစံရေးဆွဲရေး၊ စာအုပ်စင်ဒီဇိုင်းများ ရေးဆွဲတင်ပြ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက်တစ်ဆင့် ဝန်ကြီးသည် ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (သန်လျင်)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြန်ကြားရေးလုပ်ငန်းများ သွက်လက်ထက်မြက်၍ အရည် အသွေးတိုးတက်လာရေး ကြိုးပမ်းဆောင်ရွက်ကြရန် နေ့စဉ် စာဖတ်ပရိသတ်နှင့် ရုပ်မြင်သံကြား ကြည့်ရှုသူ ပရိသတ် တစ်လထက်တစ်လ ပိုမို တိုးပွားလာရေးစည်းရုံးဆောင်ရွက်ကြရန်၊ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တိုးပွားပေါ်ပေါက်လာရေး စည်းရုံးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ✭ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ✭ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ✭ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ✭ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ✭ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင်အစည်းအဝေး(၁/ ၂၀၀၄)ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေး(၁/၂၀၀၄)ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အမျိုးသားဘောလုံးလေ့ကျင့်ရေး စခန်း(သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဦးအောင်ကိုဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နာယကများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဦးအောင်ကိုဝင်းတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်(ဥက္ကဋ္ဌ၊ ဒဂုံ အင်တာနေရှင်နယ်လီမိတက်)က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကို(အထူးအရာရှိ၊ အားကစားဝန်ကြီးဌာန)က ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်များက တင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး နာယကဗိုလ်ချုပ်ကျော်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၄၅)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၈

အလှမွေးနိုင် စားသုံးနိုင်သော ရှားပါးအနီတောင်ကျောက်ငါး ဈေးကွက်ဝင်၊ ဉာဏ်ကြွယ်အိမ် (Smart Home)မြန်မာပြည်တွင် ဦးဦးဖျားဖျားပေါ်လာ၊ လက်ကိုင်ဖုန်းဖြင့် အဝေးထိန်းခလုတ်နှိပ်ကာ အိမ်ကိုပြင်ပမှ ထိန်းချုပ်နိုင်၊ တီဗွီ၊ ဗွီစီဒီ၊ ကက်ဆက်နှင့် အဲယားကွန်းပါ ပြည်တွင်းဖြစ်ဝက်ဝွန်းကား အများစိတ်ဝင်စားကြသဖြင့် ပြည်ပမှအမှာစာပင်ရရှိထားဟုဆို စသည့်ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။ **(အပေါ်ပုံ)**

ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွား၊ ဂျပန် ပြည်တွင်း ခရီးလေယာဉ် ၁၇ စင်း အင်ဂျင်ထဲ အက်ကြောင်းများတွေ့၊ ဘောလုံးပါရဂူ ဘက်ခမ်း ခြေထောက် တိုရှည်ဖြစ်နေ စသည့်နိုင်ငံတကာ သတင်းဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseဖုန်း-၇၀၃၈၁၃ ကတစ်ပြည်လုံးဖြန့်ချိ လိုက်ပြီဖြစ်သည်။

(က-ပ)

ဝိပဿနာတရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

တောင်ဥက္ကလာပမြို့နယ်(၁၄/၂) ရပ်ကွက် ဇင်ယော်လမ်းရှိ သဒ္ဓမ္မပါလ နေဖြူတိုက်သစ်ကျောင်း၌ (၁၀)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပကဆရာကြီးဦးကြည်၏ မူအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသာသန (သာသနဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြား ပြသမည်ဖြစ်သည်။ ယောဂီဦးရေကန့်သတ်ထားသဖြင့် တရားစခန်းဝင်ရောက်ရန် စာရင်းပေးထားသူ ယောဂီများ ဖေဖော်ဝါရီ ၃ ရက် ညနေ ၆ နာရီ အရောက် ကြွရောက်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

(၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၈ ရက်)
(ဥပုသ်နေ့)
၂၉-၁-၂၀၀၄ (ကြာသပတေးနေ့)
နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅	၆။	အကပဒေသာ
၈:၂၀	၇။	သုံးဆယ်ရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး -၂၀၀၂ ခုနှစ်(၅၅)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ ကောက်နုတ်ချက်
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ရူပဗေဒဗေဒ]
၁၇:၁၅	၆။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၃၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၄၅	၈။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၈:၀၀	၉။	နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၁၅	၁၀။	သက်တံရောင်သံစဉ်
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	Milo Success in Soccer
၁၉:၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၁၀)
၁၉:၃၅	၁၅။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် -၂၀၀၂ခုနှစ်(၅၅)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ ကောက်နုတ်ချက်
၁၉:၄၅	၁၆။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "ပြည်ထောင်စု စိတ်ဓာတ် မပြတ်ရှင်သန် အဓိဋ္ဌာန်" -ပြည်ထောင်စုရဲ့ သွေးချင်းများ (ရတနာဦးနှင့် တိုင်းရင်းသူများ) -၂၀၀၂ ခုနှစ် (၅၅)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ ကောက်နုတ်ချက်
	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	(၅၅)နှစ်မြောက် ပြည်ထောင်စုနေ့တိုင်းရင်းသားရိုးရာပဒေသာကပွဲ (အပိုင်း-၂)
	၂၁။	မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာ ဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

စိန်ခေါ်ကြသူများစာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၈

စာရေးဆရာကျော်ဝင်း ရေးသားသော ဆောင်းပါး၂၂ပုဒ်ကို စုစည်း၍ လူငယ်-ပညာ-ခေတ်ရေစီး အပိုင်းသုံးပိုင်းခွဲခြားဖော်ပြထားသည့် စိန်ခေါ်ကြသူများ စာအုပ်ကိုတကောင်းစာအုပ်တိုက် အမှတ် ၅(ခ) ဇေယျာသီရိလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၅၅၄၈ က တန်ဖိုးကျပ် ၉၀၀ ဖြင့် ထုတ်ဝေ ဖြန့်ချိထားကြောင်း သိရသည်။ **(ဝဲပုံ)** **(က-ပ)**

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြှောက်တိုင်းလည်း မမြှောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

ပဲခူးတိုင်း ဝေါမြို့ မြသိန်းတန်စေတီတော် ဗုဒ္ဓပူဇနီယပွဲတွင် တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ပဲခူးတိုင်း ဝေါမြို့နယ် အေးချမ်းသာယာတိုးချဲ့ရပ်ကွက် ဓမ္မမေဒိနီ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်တွင် တည်ထားကိုးကွယ်တော်မူသည့် မြသိန်းတန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ ပွဲတွင် တရားပွဲများကျင်းပမည်ဖြစ်ရာ တပို့တွဲလဆန်း ၉ ရက်၊ ၁၀ ရက်(ဇန်နဝါရီ ၃၀ရက်၊ ၃၁ရက်) ညတို့၌ မင်းဘူးဆရာတော် ဦးဃောသိတ (ဓမ္မာစရိယ)က လည်းကောင်း၊ တပို့တွဲလဆန်း ၁၁ရက်နှင့်၁၂ရက်(ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ရက်)ညတို့၌ အပြည်ပြည်ဆိုင်ရာ မဟာစည်သင်တန်းကျောင်း ကထိက ဆရာတော် ဦးဝေပုလ္လ(သာသနဓဇ ဓမ္မာစရိယ)က လည်းကောင်း၊ တပို့တွဲ လဆန်း၁၃ရက်နှင့်၁၄ရက်(ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်) ညတို့၌ဓမ္မမေဒိနီ စာသင် တိုက် ဆရာတော်ဦးဇာနေယျ (မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် အောင်ခြင်း ဝိပဿနာကျောင်း အောင်ခြင်းဆရာတော် ဦးကုဏ္ဍလ(ရန်ကုန်)တို့က လည်း ကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၅ ရက်က ပဲခူးတိုင်း (အနောက်) ပြည်ခရိုင် ပြည်မြို့နယ် ဖိုးခေါင်ရပ် မပိုတစ်ထောင် ဗိုလ်တထောင်ရန်အောင်မြင်စေတီတော် တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော် ချမ်းသာကြီးတန်ဆောင်း၌ကျင်းပရာ ခုနစ်ရက်သားသမီးများ ကိုယ်စား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်တို့က အလှူတော်ငွေ ကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ချီးကျူးဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပဋိပတ္တိ မဟာဌာနမှူး အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ ပထမကျော် သာသနဓဇ ဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယ နှင့် M.A.(သီရိလင်္ကာ) ဆရာတော်အား အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့မှ Ph.D (Doctor of Philosophy in Pali) ဘွဲ့ဆက်ကပ်ခြင်းခံရသဖြင့် ဂုဏ်ပြုပူဇော်ခြင်း အခမ်းအနားနှင့် ပရိယတ္တိမဟာဌာန ညွှေ့ပါမောက္ခ ဦးတင်လွင်အား မဟာသဒ္ဓမ္မဇောတိက ဓဇဘွဲ့၊ ပရိယတ္တိမဟာဌာန သမိုင်းပါမောက္ခ ဒေါက်တာ ခင်မောင်ညွန့်အား ဝိဇ္ဇာပညာ ထူးချွန်တံဆိပ်(ဒုတိယဆင့်)ဘွဲ့ ချီးကျူးဂုဏ်ပြုခြင်း အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဟောပြောပွဲခန်းမ ဗဟိုဆောင်၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ပရိသတ်တို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဂုဏ်ပြုခံပုဂ္ဂိုလ်နှစ်ဦးအား ချီးကျူးဂုဏ်ပြုကြကာ အလှူရှင်များက ဂုဏ်ပြုခံ ဆရာတော်အား နဝကမ္မဝတ္ထုငွေများ လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ရေစက်ချ

ထို့နောက် ဒုတိယဝန်ကြီးနှင့် ပရိသတ်တို့က ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ ကုမာရာဘိဝံသ ထံမှ ရေစက်ချ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၃၉၈)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာသူရဲကောင်း သမိန်ဗရမ်း ဇာတ်လမ်းကို 3D Animation° အဖြစ် မြန်မာလူငယ်သုံးဦးရေးဆွဲ ဖန်တီးမည်၊ ရွှေစက်တော်ဘုရားပွဲတော် ကာလစတင်ပြီ၊ သမဝါယမကထုတ် လုပ်သည့်ကားများ အဆင့်မြင့်မား၊ City FM°၏ 'နာမည်ကျော်တို့ အကြိုက်'အစီအစဉ်သစ်၊ နိုင်ငံတကာ မှ နာမည်ကြီးပုဂ္ဂိုလ်များသုံးသည့် ကျန်းမာရေးထိုင်ခုံတစ်မျိုး မြန်မာ့ဈေးကွက်ဝင်လာ၊ ထူးထူးခြားခြား တွဲဦးမည့် ကျော်ဟိန်းနှင့် ညွှန့်ဝင်း၊ ဆလုံရိုးရာပွဲတော်သို့ သံလွင်သဘောကြီးဖြင့် ပို့မည်၊ ပေါ့ပေါ့ပါးပါး တိဗွီ စသော ပြည်တွင်းပြည်ပသတင်းများ၊ သတင်း ဆောင်းပါးများနှင့် ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၃၉၈)ကို ပုဇွန်တောင် ရေကျော်လမ်း အမှတ် (၉) သုတစွယ်စုံစာအုပ်တိုက်က ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)** **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၉-၁-၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(မြန်မာမှုပညာ) (ခ)ပထမနှစ်(ဒဿနိကဗေဒ)
၅:၃၀	၉။	တိုင်းကျိုးပြည်ပြု ဒို့ရှေးရှု
၅:၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	မြန်မာ့ရှုခင်း
၆:၄၀	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ"**(အပိုင်း-၁)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	လျှပ်တစ်ပြက်
	၂၀။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွှိုပုနှင့် သောင်းချမ်"** (အပိုင်း-၂၅)

ကန်တောရကျောင်းတိုက် ဝိနည်းစာပြန်ပွဲ သီတဂူဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၈

မကွေးတိုင်း ဂန့်ဂေါခရိုင် ကန်တောရကျောင်းတိုက်ကြီး၏ နှစ်(၁၀၀)ပြည့် အကြို (၉၉)ကြိမ်မြောက် ဝိနည်းစာပြန်ပွဲကို ၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်မှ တပို့တွဲလပြည့်နေ့အထိကျင်းပလျက်ရှိရာ စာတော်ပြန်ပွဲတွင် စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ အဓိပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သပိတ်အိုင်တောရ သဲကုန်း ဆရာတော်အရှင်ဉာဏိဿရ Ph. D (Litt)က တပို့တွဲလဆန်း ၁၃ ရက်နှင့် ၁၄ ရက်ညများတွင် လည်းကောင်း၊ တပို့တွဲလပြည့် နေ့ညတွင် ယောဆရာတော်ဇာတိ လက်ပံရွာ တရားမဏ္ဍပ်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

တိမ်ထူမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်ကုန်စည်ပြပွဲ-၂၀၀၄ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင်စည်ကားစွာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုပံ့ပိုးကူညီမှုဖြင့် ရန်ကုန် ကုန်စည်ပြပွဲ-၂၀၀၄ (Yangon Trade Fair 2004) ကို ဇန်နဝါရီ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင် လမ်းမရှိ ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာန (Yangon Trade Centre) တွင် Quartz International Co., Ltd. က စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နှင့်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း အမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်း အမျိုးမျိုး၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ စက္ကူ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်း အမျိုးမျိုး၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုး၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို ပြပွဲလာရောက်သူများအတွက် ကံစမ်းမဲအစီအစဉ်၊ ပြခန်း အလှဆုံး ပြင်ဆင်မှုရွေးချယ်ခြင်းနှင့် Star Entertainment ၏ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

စာပေအကျိုးဆောင်လုပ်ငန်းစုက စီစဉ် ဆောင်ရွက်သည့် မောင်မောင်လှိုင် (အပ်စိုက်ကု)၏ ကျန်းကျန်းမာမာ အသက်(၁၀၀) စာအုပ်မျက်နှာဖုံး။ (က-ပ)

အင်အားအနည်းငယ် လျော့လျှော့

ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၀၄ခုနှစ် ဇန်နဝါရီ၂၈ရက်က မြန်မာစံတော်ချိန် ၀၇ နာရီ ၄၆ မိနစ် ၃၈စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ မြောက်ဘက် မိုင် ၁၁၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်ဂေါက်ကလပ် ဒညင်းကုန်း၌ ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်

Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့တွင်သတ်မှတ်ရိုက်ချက်ထက် လေးချက် လျော့ရိုက်ပြီး ဦးဆောင်ကစားလျက် ရှိသော စိုးကျော်နိုင် (Pan-West) ယှဉ်ပြိုင်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းကစားအပြီး၌ စိုးကျော်နိုင် (Pan-West) က သတ်မှတ်ရိုက်ချက်ထက် လေးချက် လျော့ရိုက်ပြီး ၇၂+၆၈ ပေါင်း အချက် ၁၄၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မင်းနိုင် (Srixon)က သတ်မှတ်ရိုက်ချက် ထက် တစ်ချက်လျော့ရိုက်ပြီး ၇၃+၇၁ ပေါင်း ၁၄၄ ချက်ဖြင့် ဒုတိယ၊ နန္ဒကျော် (Y.C.D.C)က ၇၁+၇၆ ပေါင်း ၁၄၇ ချက်ဖြင့် တတိယ၊ ဇော်ဇော်လတ် (Pan-West)က ၇၆-၇၂ ပေါင်း ၁၄၈ ချက်ဖြင့် စတုတ္ထ၊ အောင်ဝင်း (Y.C.D.C)က ၇၃+၇၆ ပေါင်း ၁၄၉ ချက်ဖြင့် ပဉ္စမလိုက်နေကြသည်။

မြန်မာအပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများ ဖြစ်ကြသည့် သိန်းဇော်မြင့်က ၇၅+၇၄ ပေါင်း ၁၄၉ ချက်နှင့် ဇော်ဇော်ဝင်းက ၇၄+၇၅ ပေါင်း ၁၄၉ ချက် ရရှိကြသည်။

ယင်းပြိုင်ပွဲကို Gold Uni Jewellery Co., Ltd.နှင့် Xie Family တို့နှင့်အတူ Imperial Jade Purified Drinking Water တို့က ကူညီပံ့ပိုးသည်။

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီတွင် ယင်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြု ကျေးဇူးတင်လွှာ

ယမန်နှစ် (၅၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက်အလှူငွေနှင့်ပစ္စည်းများကို စေတနာအလျောက်လှူဒါန်းခဲ့ကြသော အောက်ဖော်ပြပါ တစ်သိန်းနှင့်အထက် အလှူရှင်များအား တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီအနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုလျက် အစဉ်အမြဲမှတ်တမ်းတင်ထားရှိပါကြောင်း ထပ်မံဖော်ပြအပ်ပါသည်။

စဉ်	အလှူရှင်အမည်	လှူဒါန်းငွေ
၁	ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	၁၀၀၀၀၀၀
၂	မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)	၁၀၀၀၀၀၀
၃	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန	၇၀၀၀၀၀
၄	စည်ပင်သာယာရေးဘဏ်လီမိတက် (နယ်စပ်/စည်ပင်ဝန်ကြီးဌာန)	၅၀၀၀၀၀
၅	အမှတ်(၂)စက်မှုဝန်ကြီးဌာန	၂၀၀၀၀၀
၆	မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီက အပ်ချုပ်စက် ၁၀ လုံး	၃၅၃၀၀၀
၇	ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်	၁၀၀၀၀၀၀၀
၈	Myanmar Ganad Advertising Co., Ltd.မှ Light Box ပိုစတာဆိုင်းဘုတ်တစ်ခုပြင်ဆင်ခ	၃၅၀၀၀၀၀
၉	ဦးကျော်မြင့် (ဟိုးအင်ဝမ်း)	၃၀၀၀၀၀၀
၁၀	Myanmar Mamee-double Decker Ltd.က အသင့်စားခေါက်ဆွဲခြောက်များ	၂၅၂၀၀၀၀
၁၁	ဦးညီညီစိန်း Arrow ဘောလ်ပင် (၁၀၀၀၀)နှင့် Arrow ပြက္ခဒိန် (၆၀၀၀)	၂၅၀၀၀၀၀
၁၂	မြဝတီ Trading Co.,Ltd. နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသောဘိလပ်မြေကုန်သည်များ	၂၀၀၀၀၀၀
၁၃	ဦးရင်ဟိုင်း (ဟိုင်းဂျမ်းကုမ္ပဏီ)	၂၀၀၀၀၀၀
၁၄	ဦးယွပ်ဇော်ခေါင်-ဒေါ်ခေါန်တောင်(Jade Land Co.)	၂၀၀၀၀၀၀
၁၅	ကေအင်(န်)ဦးတင်ဝင်းမိသားစုကငွေကျပ် ၁၅ သိန်း တန်ဖိုးရှိငါးမျိုးစုံ ပိဿာ ၃၀၀၀ နှင့်ငွေသား သုံးသိန်း	၁၈၀၀၀၀၀
၁၆	ဦးရန်ပေဖုံး(ခ)ဦးသန်းဌေး၊ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲဒေသ ဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့	၁၅၀၀၀၀၀
၁၇	အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်/သွင်းကုန် ကုမ္ပဏီလီမိတက်	၁၂၀၀၀၀၀
၁၈	ဗိုလ်မှူးချုပ်ကျော်တင့်(ငြိမ်း)၊ ဦးမင်းဇော်(မြန်မာမန်းအုပ်စု အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)က ငါးပိဿာ ၁၇၀၀	၁၁၉၀၀၀၀
၁၉	ဗိုလ်မှူးစန်းဝင်း(ငြိမ်း)၊ ဦးသောင်းဝင်း၊ အုပ်ချုပ်မှုဒါရိုက်တာ (Myanmar Prolux International Co.,Ltd.) Gloma Shoe Polish (၅၀၄၀)	၁၀၀၈၀၀၀
၂၀	ဦးမောင်မောင်စိန်နှင့်ညီများ (ဂရိတ်ဝေါဆေးတိုက်)မှ ဒဏ်ကြေလိမ်းဆေးများ	၁၀၀၀၅၀၀
၂၁	ဒေါက်တာထွန်းကြည် (Ever Winner Co.)	၁၀၀၀၀၀၀
၂၂	ဦးကျော်ကျော်-ဒေါ်မေလွင်ထွန်း (K.Y. Kyaw Kyaw Trading Co., Ltd.)	၁၀၀၀၀၀၀
၂၃	ဦးဇော်လေး (ပြည့်အောင်ရတနာ)က ကျပ် ၁၀ သိန်း တန်ဖိုးရှိ ငါးများ	၁၀၀၀၀၀၀
၂၄	ဦးခင်စိုး(အဏ္ဏဝါလွမ်းကုမ္ပဏီ)ငါးမျိုးစုံ ပိဿာ ၁၀၀၀	၁၀၀၀၀၀၀
၂၅	ဦးစိုးထွန်းရှိန်(အာရှကြီးပွားရေးထုတ်ကုန်/သွင်းကုန်) လီမိတက်) မှ ငါးနီတူခြောက် တစ်တန်	၉၉၀၀၀၀
၂၆	ဦးသိန်းထွန်း(မြန်မာဂိုးဒင်းစတားကုမ္ပဏီ)မှ အချိုရည် ၁၆၈၀၀ ပုလင်း	၉၂၄၀၀၀
၂၇	ဒေါ်စန်းစန်းရီ(စူပါဝမ်းကုမ္ပဏီ)မှ စူပါဝမ်းကော်ဖီမစ် ၁၇၀၀၀ ထုပ်	၈၀၀၀၀၀
၂၈	ဦးတင်မောင်(ရှယ်ဖင်မလီ)	၈၀၀၀၀၀
၂၉	ဦးသိုင်းဝင်း(ဘီတီဘီကုမ္ပဏီ)မှ အလှူငွေကျပ် တစ်သိန်းနှင့် ငါးပိဿာ ၁၀၀၀	၇၀၀၀၀၀
၃၀	ဦးဌေးမြင့်(အဏ္ဏဝါရေလုပ်ငန်း)မှငါးပိဿာ ၁၅၀၀	၆၀၀၀၀၀
၃၁	ဦးသူရသွင်(ဖိုးလပြည့်ကုမ္ပဏီ)မှ အချိုရည် ၇၂ဘူးပါ သေတ္တာအလုံး ၁၀၀	၅၇၆၀၀၀
၃၂	ကေဘီအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်	၅၅၅၀၀၀
၃၃	ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် ငါးပိဿာ ၁၃၅၀	၅၄၀၀၀၀
၃၄	သမားတော်ကြီးဆရာဦးလှဌေး-ဆရာမဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)က ငွေကျပ်နှစ်သိန်းနှင့်မှန်ချိုဆေးမျိုးစုံ	၅၂၁၆၀၀
၃၅	ကုံကော်တောဦးမျိုးအောင် (Diamond Dragon Co.,Ltd.)	၅၀၀၀၀၀
၃၆	အာရှဓနဘဏ်လီမိတက်	၅၀၀၀၀၀
၃၇	ဟာဂျီဦးလှအောင် (မဟာဘောဂဝတီအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)	၅၀၀၀၀၀
၃၈	ဦးကျော်ဝင်း(ကျောက်စိမ်းတောင်ကုမ္ပဏီ)	၅၀၀၀၀၀
၃၉	ဦးအိုက်ထွန်း(နယူးဂျိတ်နှင့်စိမ်းရွှေဝါကုမ္ပဏီ)	၅၀၀၀၀၀
၄၀	ဒေါ်ပုလဲ(ပုလဲဖင်မလီ)	၅၀၀၀၀၀
၄၁	ဦးဝင်းနိုင်(ရွှေဟိန်းထက်ကုမ္ပဏီ)	၅၀၀၀၀၀
၄၂	ဦးသန်းလှိုင်ဇော်(Seven Sun Rays Co.,Ltd.)	၅၀၀၀၀၀
၄၃	ဦးမောင်မောင်ကြီး(ရှယ်ဖင်မလီ)	၅၀၀၀၀၀
၄၄	ယူနိုက်တက်(မြိတ်)ကုမ္ပဏီ(ပို့ကုန်)	၅၀၀၀၀၀
၄၅	တီတီအင်တာနေရှင်နယ်လီမိတက်(ပို့ကုန်)	၅၀၀၀၀၀
၄၆	ပတ္တမြားအတိုင်ပင်ခံနှင့် ရောင်းဝယ်ရေးလီမိတက် (အာစီတီ)(ပို့ကုန်)	၅၀၀၀၀၀
၄၇	ဌေးမြန်မာကုမ္ပဏီလီမိတက်(ပို့ကုန်)(ငါးဖမ်း)	၅၀၀၀၀၀
၄၈	မြန်မာရှုဘီအင်တာပရိုက်ကုမ္ပဏီလီမိတက်နှင့် အကျိုးတူဆောင်ရွက်နေသည့်ကျောက်မျက်ကုန်သည်များ	၅၀၀၀၀၀
၄၉	Imperial Jade Co.,Ltd. နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် ကျောက်စိမ်းကုန်သည်များ	၅၀၀၀၀၀
၅၀	ပင်လယ်ကမ်းဝေး ရေလုပ်ငန်းရှင်များအသင်း(အလုံ)	၅၀၀၀၀၀
၅၁	မြောက်ဥက္ကလာပစက်မှုဇုန်နှင့် ရွှေပေါက်ကံစက်မှုဇုန်တို့မှ ငါးခြောက်လုပ်ငန်းရှင်များအသင်း	၅၀၀၀၀၀
၅၂	မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ငွေကျပ်ငါးသိန်း တန်ဖိုးရှိကြက်ဥများ	၅၀၀၀၀၀
၅၃	ဦးသက်တင် အုပ်ချုပ်မှု ဒါရိုက်တာ(ရွှေမြင့်တင်ကုမ္ပဏီ)က မြန်မာနိုင်ငံမီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့များအတွက် လက်မောင်းတံဆိပ်များ	၃၇၃၆၅၀
၅၄	ဦးလှမြင့်(ကေသီပန်ဆေးတိုက်)က ငွေကျပ်တစ်သိန်းနှင့် ကေသီပန်ဆေးပရုတ်ဆီဘူး ၂၄၀၀	၃၇၀၀၀၀
၅၅	ဟိုင်းလုံကုမ္ပဏီ(ပုဇွန်တောင်)က ပင်လယ်ငါး ပိဿာ ၁၂၀၀	၃၆၀၀၀၀
၅၆	ကေဒီးယားလိုက်အုပ်ချုပ်ရေးအဖွဲ့က စာအုပ်မျိုးစုံ	၃၃၀၀၀၀
၅၇	ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူဖြစ်သည့် Rothman of Pall Myanmar Co., Ltd.	၃၀၀၀၀၀
၅၈	ဦးခေါင်ဒေါင်(ဆိုင်းတောင်ကုမ္ပဏီ)	၃၀၀၀၀၀
၅၉	Myanmar Posco Steel Co., Ltd.	၃၀၀၀၀၀
၆၀	ဆဲဗင်းမရိန်းကုမ္ပဏီလီမိတက် (ငါးဖမ်း)	၃၀၀၀၀၀
၆၁	Looking Forward Co. Ltd ငါးဖမ်း	၃၀၀၀၀၀
၆၂	နိုင်နိုင်အောင်ကုမ္ပဏီလီမိတက်(ငါးဖမ်း)	၃၀၀၀၀၀
၆၃	Myanmar Winery and Distillery Co.	၃၀၀၀၀၀
၆၄	ဧရာမြေကုမ္ပဏီ	၃၀၀၀၀၀
၆၅	ဦးမျိုးအောင် ဆန်းမြန်မာအင်တာနေရှင်နယ်အင်းပက်ကုမ္ပဏီ	၃၀၀၀၀၀
၆၆	မူလပင်ရင်း အလင်းရောင်ဆေးတိုက် ဆရာကြီးဦးသန်းနိုင်၊ ဆရာမဒေါ်စန်းစန်းမြင့်တို့က မျက်စဉ်းဆေးဘူး ၅၀၀	၂၅၀၀၀၀
၆၇	ဦးကျော်ကျော်-ဒေါ်အေမီအောင် (တိုင်းရွှေဂုန်ငါးစာတောင့်လုပ်ငန်း)	၂၀၀၀၀၀
၆၈	မြန်မာမေဖလားဝါးဘဏ်	၂၀၀၀၀၀
၆၉	သမဝါယမဘဏ်	၂၀၀၀၀၀
၇၀	ဟာဂျီဦးကျော်သာ(ဒဂုံဗလာစာအုပ်ထုတ်လုပ်ရေးကုမ္ပဏီ)	၂၀၀၀၀၀
၇၁	ဦးရွှေသန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်/ဘဲဒိုင် ဈေးသူ၊ဈေးသားများ	၂၀၀၀၀၀
၇၂	ဒေါက်တာအေးကျော်-ဒေါက်တာခင်စန်းဝေ (ကျော် အကြောဖြေလိမ်းဆေး)	၂၀၀၀၀၀
၇၃	ဦးချစ်ငွေ-ဒေါ်သန်းသန်းခိုင်(သားဖွားမီးယပ်ပါရဂူ) နိုင်ငံခြားရေးဝန်ကြီးဌာန	၂၀၀၀၀၀
၇၄	ဦးဘိုနီ(သံအမတ်ကြီး၊ အငြိမ်းစား) စိတြကုမ္ပဏီ	၂၀၀၀၀၀
၇၅	ချမ်းတိုးကုမ္ပဏီလီမိတက်(ငါးဖမ်း)	၂၀၀၀၀၀
၇၆	ဦးတင်မြင့်(ဘီအာရ်ဘီ) ကုမ္ပဏီလီမိတက်	၂၀၀၀၀၀
၇၇	ဦးခင်မြင့် ရတနာဝင်းကုမ္ပဏီလီမိတက်	၂၀၀၀၀၀
၇၈	ဦးစိုင်းဘဉာဏ်(မောင်ဥသျှောင်ကုမ္ပဏီ)	၂၀၀၀၀၀
၇၉	ဦးဘိုနီ(ရတနာမြင့်မိုရ်ဦးကုမ္ပဏီ)	၂၀၀၀၀၀
၈၀	ဦးလှိုင်စိုး(ရတနာကျော်ကုမ္ပဏီ)	၂၀၀၀၀၀
၈၁	ဦးနေလင်း(Eastern State Co., Ltd.)	၂၀၀၀၀၀
၈၂	ဦးအောင်ဝင်း(ဆဲဗင်းဂိုးဒင်းလိုင်းရင်းကုမ္ပဏီလီမိတက်)	၂၀၀၀၀၀
၈၃	ဦးအင်းယား(First Top Co., Ltd.)	၂၀၀၀၀၀
၈၄	ဦးစိန်သန်း(ရွှေသဇင်စင်တီကိတ်လီမိတက်)	၂၀၀၀၀၀
၈၅	ဦးစိုးကြင်(တိုးတက်လင်းကုမ္ပဏီလီမိတက်)	၂၀၀၀၀၀
၈၆	ဦးစိုးမြင့် (City Mate Co., Ltd.)	၂၀၀၀၀၀
၈၇	ဦးစိန်မောင်(မြန်မာ့စောင်းကုမ္ပဏီ)	၂၀၀၀၀၀
၈၈	အစ္စလာမ်အဖွဲ့ကြီး(၄)ဖွဲ့၊ ၂၀၀၃ ခုနှစ် ကုရ်ဘာနီ ကြီးကြပ်ရေးဗဟိုကော်မတီ	၂၀၀၀၀၀
၈၉	ဦးအောင်မွန်-ဒေါ်လှလှမော် (မြင့်မြတ်စပါးစိုက်ပျိုးရေး)	၂၀၀၀၀၀
၉၀	သိင်္ဂီရွှေရည်ရောင်စုံခတ်ပုံတိုက်	၂၀၀၀၀၀
၉၁	ဦးမောင်မြင့် (Myanmar Moton International. PVT Ltd.)က ဆေးဘူးများ	၂၀၀၀၀၀
၉၂	ဦးခင်မောင်သန်း (အုပ်ချုပ်မှုဒါရိုက်တာ) (Net Work Marketing Co., Ltd.)	၂၀၀၀၀၀
၉၃	ဟာဂျီဦးမူဆာ(တောင်ကြီး) ချိုမိသားစု ကုန်မာဆိုင် စော်ဘွားကြီးကုန်း	၂၀၀၀၀၀
၉၄	ဦးပြေ-ဒေါ်မေကြည်(ဒေဝယက္ခမန်းဆေး ၅၀၀၀ ထုပ်)	၁၈၀၀၀၀
၉၅	မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်အောက်ရှိ ဘဲဥ၊ ကြက်ဥကုန်သည်များအသင်းမှ ကြက်ဥများ	၁၆၅၀၀၀
၉၆	ဦးထွန်းရွှေ-ဒေါ်သင်းသင်းရွှေ(ထွန်းရွှေဝါဆေးတိုက်)က လိမ်းဆေးနှင့် လျက်ဆားများ	၁၆၄၄၀၀
၉၇	(The First Automotive ISUZU Co., Ltd.)	၁၅၀၀၀၀
၉၈	ဦးငြိမ်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)- ဇနီး ဒေါ်အုန်းကြင်(အိုကေဆန်နှင့် ပဲဆီမွှေး)မိသားစု	၁၅၀၀၀၀
၉၉	ဟာဂျီဦးမောင်မောင်ကြည်-မချို(ဂေါ်ပြား)မိသားစု အဆင့်မြင့် စာအုပ်ချုပ်၊ မိတ္တူနှင့်စာရေးကိရိယာလုပ်ငန်း ရောင်းဝယ်ရေး	၁၅၀၀၀၀
၁၀၀	ဦးမြတ်ဦး (လူမှုထူးချွန်-တတိယဆင့်) နာယက၊ ကဏန်းလုပ်ငန်းရှင်များအသင်း	၁၅၀၀၀၀
၁၀၁	ကဏန်းစည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှုကော်မတီ	၁၅၀၀၀၀
၁၀၂	ဒေါ်မေမေမြ (မြဇင်ယော် အစာအိမ်ဆေးဝါးထုတ်လုပ်ရေး) မိသားစုက ဆေးဘူး (၁၄၁)ဒါဇင်	၁၁၈၄၄၀
၁၀၃	ဟာဂျီဦးကျော်လှ(Before You Co.) ဖျော်ရည်ထုတ်လုပ်ရေးက ဖျော်ရည်များ	၁၁၄၀၀၀
၁၀၄	ဦးသန်းထိုက်လင်း (GM-Main Chain Enterprise)	၁၀၈၀၀၀
၁၀၅	ဦးမြင့်အောင်မိသားစုက ကြေးပွတ်ဆေး (၃၆)ဘူး	၁၀၈၀၀၀
၁၀၆	ဒဂုံတင်ဝင်း(သား)မောင်ဝင်းနန္ဒာဝင်း (ဒဂုံ၊မြန်မာ အဆင့်မြင့်ခရီးသွားလုပ်ငန်း)	၁၀၁၉၀၀
၁၀၇	သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်နှင့် သီဟသုဓမ္မသိင်္ဂီဒေါ်ကြည်ကြည်ဆွေ(သမ္မတသကၠန်းတိုက်)	၁၀၀၀၀၀
၁၀၈	ဦးတင်အောင် (ဝင်းရတနာခရီးသွားပို့ဆောင်ရေး)	၁၀၀၀၀၀
၁၀၉	ဟာဂျီဦးခင်ကြီး(ကော့သောင်း-ရန်ကုန်နယ်စပ်ကုန်သွယ်ရေး)	၁၀၀၀၀၀
၁၁၀	ဦးတင်ဝင်း (အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း)	၁၀၀၀၀၀
၁၁၁	ဦးမြင့်မောင်နှင့် မိသားစု (ဖူဂျီပန်းချီဆေးဆိုင်)	၁၀၀၀၀၀
၁၁၂	ရိုးမဘဏ်	၁၀၀၀၀၀
၁၁၃	မြန်မာအရှေ့တိုင်းဘဏ်	၁၀၀၀၀၀
၁၁၄	ထွန်းဖောင်ဒေးရှင်းဘဏ်	၁၀၀၀၀၀
၁၁၅	မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်	၁၀၀၀၀၀
၁၁၆	မြန်မာယူနီဗာဆယ်ဘဏ်	၁၀၀၀၀၀
၁၁၇	ဟာဂျီဦးခင်မောင်သန်း(လစန္ဒာပုံနှိပ်မင်နှင့်စက္ကူရောင်းဝယ်ရေး)	၁၀၀၀၀၀
၁၁၈	ဦးကျားဟုန့်(နယူးရတနာဦး)	၁၀၀၀၀၀
၁၁၉	ဦးလှထွန်း (သီတာမြနန်း)	၁၀၀၀၀၀
၁၂၀	Myanmar Segye International Ltd. အထည်ချုပ်စက်ရုံ၊ ပျဉ်းမပင်	၁၀၀၀၀၀
၁၂၁	ဆရာဦးသန်းညွှန့်-ဒေါ်ကြင်မေ မိသားစု	၁၀၀၀၀၀
၁၂၂	ဦးလှစိန်မိသားစု၊ ချောင်းသာသီရိဟိုတယ်	၁၀၀၀၀၀
၁၂၃	ဦးမျိုးဝင်း၊ ပိုလိုဆေးတိုက်နှင့်ပိုလိုပုံနှိပ်တိုက်	၁၀၀၀၀၀
၁၂၄	ဟာဂျီဦးမောင်မောင် (အောင်နိုင်သူရောင်းဝယ်ရေး)	၁၀၀၀၀၀
၁၂၅	မြန်မာဟွာဖူးအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်	၁၀၀၀၀၀
၁၂၆	မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း	၁၀၀၀၀၀
၁၂၇	မြန်မာဒေဝူးအင်တာနေရှင်နယ်လီမိတက်အထည်ချုပ်စက်ရုံ	၁၀၀၀၀၀
၁၂၈	ဟာဂျီဦးမောင်မောင်ကြီး (ကော့သောင်း-ရန်ကုန်နယ်စပ်ကုန်သွယ်ရေး)	၁၀၀၀၀၀
၁၂၉	ဦးညီညီထွန်း (ချာချီးယားကုမ္ပဏီလီမိတက်)	၁၀၀၀၀၀
၁၃၀	ဟာဂျီဦးအေးသိန်း (ဟိုက်တော့ဆောက်လုပ်ရေး)	၁၀၀၀၀၀
၁၃၁	မင်းသီတာကုမ္ပဏီလီမိတက် (ငါးဖမ်း)	၁၀၀၀၀၀
၁၃၂	ဇွဲကုမ္ပဏီလီမိတက် (ငါးဖမ်း)	၁၀၀၀၀၀
၁၃၃	ဦးဝင်းကျော်ဆင့် (သုခဇုံကုမ္ပဏီ)	၁၀၀၀၀၀
၁၃၄	အိုလ်မားသာသနာ့ပညာရှင်များအဖွဲ့ချုပ်	၁၀၀၀၀၀
၁၃၅	ဟာဂျီဦးစိုးမြင့်စိုး(Royal)ကြွေပြားကုမ္ပဏီ	၁၀၀၀၀၀
၁၃၆	ဗိသုကာဒေါ်ယဉ်ယဉ်အေး (Young Sisters Co.Ltd and Pioneer Fashion)	၁၀၀၀၀၀
၁၃၇	မြဝတီဘဏ်လီမိတက်	၁၀၀၀၀၀
၁၃၈	ဗိုလ်မှူးစိုးနိုင်-ဒေါက်တာဒေါ်စန်းစန်းမြင့်၊ သား မောင်မျိုးမင်းကျော်မိသားစု	၁၀၀၀၀၀
၁၃၉	ဦးဝင်းဇော် (ရွှေမောင်) သဲကျောက်လုပ်ငန်း	၁၀၀၀၀၀
၁၄၀	ဟာဂျီဦးဘကျော်(ကော့သောင်း-ရန်ကုန်နယ်စပ်ကုန်သွယ်ရေး)	၁၀၀၀၀၀
၁၄၁	ဦးနန်းဦး (ဂိုးဒင်းကီးဖျော်ရည်လုပ်ငန်း)	၁၀၀၀၀၀
၁၄၂	ဦးငြိမ်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း	၁၀၀၀၀၀
၁၄၃	ဟာဂျီဦးအရွတ်ခန့် (Super Top Co.)ကော့သောင်း	၁၀၀၀၀၀
၁၄၄	ဒေါ်ကြင်ထွေး၊ ဒေါ်ကြင်မွှေးမိသားစု (ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော် ထီဆိုင်)	၁၀၀၀၀၀
၁၄၅	ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ပြည်လုံးချမ်းသာထီဆိုင်)	၁၀၀၀၀၀
၁၄၆	ဦးတင်ထူး-ဒေါ်အေးအေးမြင့် (သာထူးအောင်ထီဆိုင်)	၁၀၀၀၀၀
၁၄၇	ဟာဂျီဦးတင်ဝင်း ခရီးသွားကုမ္ပဏီ	၁၀၀၀၀၀
၁၄၈	ဦးခင်မောင်ထွန်း(ထက်လင်းဆေးတိုက်)က ငွေကျပ်ငါးသောင်းနှင့်ထက်လင်းဆေးဘူးများ	၁၀၈၅၀၀
၁၄၉	ဦးမောင်မောင်ကြည်မိသားစု	၁၀၀၀၀၀
၁၅၀	ဒုရဲမှူးကြီးစိုင်းအောင်မင်း(ငြိမ်း) တင့်တယ် စိုက်ပျိုးမွေးမြူရေးကုမ္ပဏီလီမိတက်	၁၀၀၀၀၀

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ။

29-1 (14).p65 1 3/24/05, 11:27 PM

ရွှေနတ်တောင်–ကျီးသဲကျေးလက်လမ်း ကတ္တရာခင်းရန် ကျောက်ချောစုဆောင်းမှု ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်ညွှန်မှူးစစ်ဆေး

ရွှေတောင် ဇန်နဝါရီ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂ ရက်တွင် ရွှေနတ်တောင်မြို့နယ်သို့ ရောက်ရှိလာပြီး အမှုဆောင် အရာရှိ လိုက်ပါလျက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရွှေနတ်တောင်–ကျီးသဲ ကျေးလက်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအတွက် ကျောက်စုဆောင်းထားရှိမှုနှင့် လုပ်ငန်း ဆောင်ရွက်နေမှုတို့အား စစ်ဆေးကြည့်ရှုပြီး အချိန်မီပြီးစီးရေး၊ လမ်း အရည်အသွေး ပြည့်မီရေးတို့အတွက် လိုအပ်သည်များကို မှာကြားသည်။ **(အောက်ပုံ)**

ရွှေနတ်တောင်–ကျီးသဲကျေးလက်လမ်းသည် အရှည် ၆ မိုင်၊အကျယ် ၁၂ ပေရှိ၍ မြေနီကျောက်စရစ်လမ်းဖြစ်ပြီး အဆိုပါလမ်းအား နိုင်ငံတော်ထောက်ပံ့ ငွေဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလမ်း ပြီးစီးသွားပါက လမ်းပေါ်ရှိ ကျေးရွာ ၁၁ ရွာတို့မှ ကျေးလက်ပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူမြန်ဆန်ပြီး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ကိစ္စများတွင် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ **(၁၁၆)**

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုဂုဏ်ပြု ကျုံပျော်မြို့နယ်ကျောက်ချောလမ်းသစ်ဖွင့်

ကျုံပျော် ဇန်နဝါရီ ၁၀

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ကျုံပျော်မြို့ (မြို့ပြ) ဘောလုံးကွင်း ပတ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၇ရက်နံနက်က အဆိုပါလမ်း မင်္ဂလာမုခ်ဦးရှေ့တွင် ကျင်းပရာ **(အပေါ်ပုံ)** ကျုံပျော် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဦးလွင်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအေးက ကျောက်ချောလမ်းသစ်ဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းတင်ပြ၍ လမ်းဖွင့်ပွဲ အမှတ်တရ အလံများပေးအပ်ခဲ့သည်။

ဇန်နဝါရီ ၁၀ ရက်က ပုသိမ်မြို့ ကုန်သည်လမ်းနှင့် ရွှေစေတီလမ်းဆုံရှိ လမ်းလယ်ကျွန်းအား မြေယာရှုခင်း အလှပန်းခံ ဆောက်လုပ်နေမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဆန်းမော်ခင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်သောင်းတို့က ရှင်းလင်းတင်ပြစဉ်။ (က–ပ)

ငင်းကျောက်ချောလမ်းမှာ အရှည်ပေ ၉၉၀၊ စုစုပေါင်း ကုန်ကျငွေကျပ် ၁၀၅၉၅၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ပညာသင်ဆုအကြောင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

MIEC/ PMC Group သည် နိုင်ငံတကာ၌ တိုးတက်ဖြစ်ပေါ်လျက်ရှိသော ပညာရေးကို မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများနှင့် ရင်းနှီးထိတွေ့မှုရှိစေရန် အတွက် ပညာသင်ဆုစာမေးပွဲများကို အင်္ဂလိပ်စာ တစ်ဘာသာတည်း စစ်မေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသော ကျောင်းသားကျောင်းသူများ ပညာသင်ဆု စာမေးပွဲများ ဝင်ရောက်ဖြေဆိုနိုင်ရန်အတွက် နိုင်ငံတကာကျောင်းများ၏ ပညာသင်ဆုစာမေးပွဲ မေးခွန်းနမူနာများနှင့်အတူ ကျွမ်းကျင်သော ဆရာများနှင့် သင်ကြားပေးလျက်ရှိသည်။

ကျောင်းသားကျောင်းသူများနှင့် မိဘများ ကျယ်ကျယ်ပြန့်ပြန့် သိစေရန်အတွက် အပတ်စဉ် စနေနေ့တိုင်း ညနေ ၂း၃၀ မှ ၄း၀၀ နာရီထိ MIEC/ PMC Group တည်ရှိရာတွင် အခမဲ့ဟောပြောပေးလျက်ရှိရာ အသေးစိတ်အချက် အလက်များ စုံစမ်းရန်နှင့် ဟောပြောပွဲတက်ရောက်ရန် MIEC/ PMC Group အခန်း–၀၁၊ ၁၂ထပ်၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဖုန်း–၂၄၃၁၆၁၊ ၂၅၆၆၀၂ သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်းသိရသည်။ **(က–ပ)**

ဂုဏ်ပြုဆု

အထက (၂)ဒဂုံ (၂၀၀၃–၂၀၀၄) ပညာသင်နှစ်အတွက် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းသဘင်ကို ဇန်နဝါရီ ၂၄ရက်က ကျင်းပရာ မိဘဆရာအသင်း တွဲဖက် အတွင်းရေးမှူး ဦးတင်ဆန်းက နဝမတန်း (ဝိဇ္ဇာ) သုံးဘာသာဂုဏ်ထူးဖြင့် ပထမရရှိခဲ့သော မောင်အောင် ဘိုဘိုမြတ်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

အရောင်းမြှင့်တင်နိုင်မှု ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၆

KMDCo., Ltd မှတစ်ဆင့် Philips Monitor များကို ဝယ်ယူသုံးစွဲ ပြန်လည်ဖြန့်ဖြူးပေးနေကြသော Dealer များအား အရောင်းမြှင့်တင်နိုင်မှု ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၃ရက် နေ့လယ်ပိုင်းတွင် မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအဆောက်အအုံ (MICT Park)၌ပြုလုပ် ကျင်းပသည်။ End-user များထံ ပြန်လည်ရောင်းချပေး ကြသော သုံးလတစ်ကြိမ် ဝယ်ယူအား ပေးသည့် အကောင်းဆုံး Dealer များအား ဂုဏ်ပြုလက်ဆောင်များပြန်လည် ချီးမြှင့်ပေးခြင်းဖြစ်သည်။

အခမ်းအနားတွင် KMD ၏ ဒါရိုက်တာ ဒေါ်တင်တင်အေးက အမှာစကား ပြောကြားပြီးနောက် Philips Monitor များကို အများဆုံး ဖြန့်ဖြူးပေးကြသော Micro Computer, CTT Computer Myanmar, Compu Mart, Digit Tech, Pace, Discovery Digital Mart, Winner Computer Group တို့ အား ဂုဏ်ပြုလက်ဆောင်အဖြစ် စက်ဘီး၊ Wireless Headset များ၊ Speaker များ ချီးမြှင့်ခဲ့ရာ ဝယ်ယူလိုသူများ အနေဖြင့် KMD အရောင်းပြခန်း (ရုံးချုပ်)တည်ရှိရာအမှတ်(၅၅၀–၅၅၂) ၃၆လမ်းနှင့် ကုန်သည်လမ်း ထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(က–ပ)**

အဘိဓမ္မာနှင့် သံယုတ်သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

ဖေဖော်ဝါရီ ၁ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ မိုးကောင်းစေတီတော် အရိယာမွေရုံတွင် အဘိဓမ္မာနှင့် သံယုတ်ဘာသာရပ်များကို ဆရာဦးအောင်မြင့်က ပဋ္ဌာန်းကိုလည်းကောင်း၊ဆရာဦးတင်ဝင်းက အဘိဓမ္မာလည်းကောင်း၊ ဆရာဦးခင်မောင်အေးနှင့် ဆရာမ ဒေါ်မြမြသိန်းတို့က သံယုတ်ကို လည်းကောင်း ပို့ချသွားမည်ဖြစ်သည်။ မည်သူမဆို သင်တန်းသို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

Informatics°(လမ်းမတော်)တွင် ကွန်ပျူတာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

Informatics (လမ်းမတော်) သည် နိုင်ငံပေါင်း ၅၀ ရှိ Informatics Center ပေါင်း ၆၃၀ အနက်မှ တစ်ခုအပါအဝင်ဖြစ်ရာ ဖေဖော်ဝါရီလဆန်းတွင် Software Engineering သင်တန်းကို စင်ကာပူမှသင်ရိုးညွှန်းတမ်းများဖြင့် ဖွင့်လှစ်မည်ဖြစ်ပြီး Assignment, Progress Test, Final Exam တို့ဖြင့် လုပ်ငန်းခွင် ဝင်ရောက်နိုင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းအောင်မြင်ပြီးဆုံးပါက စင်ကာပူမှ တိုက်ရိုက်ချီးမြှင့်သော Certificate ကို ရရှိမည်ဖြစ်သည်။

ထို့ပြင် Programming သင်တန်းများအဖြစ် Object-Oriented Programming Concept နှင့် တွဲဖက်၍ သင်ကြားပေးသော OOP C++, OOP Java (Leval 1 &2) နှင့် Visual Basic 6 သင်တန်းများကို သင်ကြားပေးလျက်ရှိသည်။ အခြား သင်တန်းများ အဖြစ် Windows & Office (ကွန်ပျူတာအခြေခံနှင့် ရုံးလုပ်ငန်းကျွမ်းကျင် သင်တန်း) Email & Internet သင်တန်း၊ DTP (စာစီစာရိုက်ကျွမ်းကျင် သင်တန်း)၊ Acc PAC (9.0A) (ကွန်ပျူတာစာရင်းကိုင်သင်တန်း)၊ Auto CAD(R-14, 2002) (အင်ဂျင်နီယာဒီဇိုင်းဆွဲနည်းသင်တန်း) များအပြင် အထူးသင်တန်းအဖြစ် Computer for Kids (ကလေးများအတွက် ကွန်ပျူတာသင်တန်း)ကို ဖွင့်လှစ်မည်ဖြစ်ရာ အသေးစိတ်သိလိုပါက အမှတ် ၇၅၄၊ ၁၆လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ဖုန်း–၂၅၁၀၆၄နှင့် ၀၉–၈၀–၂၄၂၇၄သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြင်းခြံမြို့နယ် ၂၀၀၃–၂၀၀၄ ခုနှစ် နွေစပါး၊ နွေနှမ်းစိမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူက ကျေးရွာအုပ်စု ၈၅အုပ်စုမှ ဥက္ကဋ္ဌများအား စိမံကိန်းတာဝန်များ ပေးအပ်စဉ်။ (၄၀၂)

ဟာသဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၆

မြောက်ပြင်တော်က ကိုရွှေမော် မျက်နှာဖုံးကာတွန်းနှင့် ကာတွန်းငွေကြည်၏ မလျှော့နိုင်တော့ပါ ဟာသကာတွန်းဇာတ်လမ်းအပါအဝင် ဆရာသာဂဒိုး၊ မြေဇာ၊ လှတိုး (စိတ်ပညာ)၊ ကာတွန်းမြင့်သိန်း၊ ကာတွန်းမြင့်စိုးလေး၊ ဆာကြီးထိန်၊ ဟစ်တလုံး၊ ကျော်ဖြိုးလွင်၊ ဧပရယ်၊ ကာတွန်းတွတ်တွတ်၊တနိုင်ခ၊ မောင်ဉာဏ်ကျယ်၊ မောင်လှိုင်မွှေး၊ ကျော်သစ်၊ ကျော်ဇောဟိန်း (ဒေါပုံ)တို့၏ ဟာသာ အတွေးအရေးရုပ်ရှင်တို့ဖြင့် 'ဟာသ' ဂျာနယ် အတွဲ(၂) အမှတ်(၂၆)ကို ဝါမိုးအောင်စာပေ အမှတ် (၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က–ပ)**

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်နေသော ရန်ကုန်ကုန်စည်ပြပွဲ-၂၀၀၄ ကျင်းပမည်

သတင်းဆောင်းပါး - သတင်းထောက်ခင်မောင်သော် (ကမာရွတ်)

ဓာတ်ပုံ - ညီဘိုဘိုချော

နိုင်ငံတော်သည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးဖို့အတွက် ဘက်စုံမှအားပေးကူညီမြှင့်တင်ပေးလျက်ရှိသည်။ အမျိုးသားစီးပွားရေးဘဝတွေ ခိုင်မာစွာပေါ်ထွက်စေရန်အတွက် စီးပွားရေးဦးတည်ချက်လေးရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

အဆိုပါ စီးပွားရေးဦးတည်ချက်လေးရပ်တွင် ပါဝင်သော"ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး" အရ ကုန်စည်ပြပွဲများကို ရန်ကုန်မြို့တွင်သာမက တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုလျက်ရှိသည်။ ထုတ်ကုန်ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း မိမိထုတ်ကုန်ပစ္စည်း အများပြည်သူများ သိရှိစေရန်နှင့် ဖြန့်ဖြူးရန်အတွက် ဈေးကွက်လိုအပ်သည်။ ထို့အတူ ပြည်ပသွင်းကုန် အစားထိုး ပေါ်ထွက်လာသည့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများ၊ ထုတ်ကုန် အမယ်သစ်(အမည်သစ်)များအနေဖြင့်လည်း အများပြည်သူများအတွင်း ကျယ်ပြန့်စွာ ထိတွေ့ရောက်ရှိ သိရှိနိုင်ရေးသည် အရေးကြီးသော ဦးတည်ချက်ဖြစ်သည်။

ထိုကဲ့သို့ သုံးစွဲသူ အများပြည်သူအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ထုတ်ကုန်သွင်းကုန် ကုန်ပစ္စည်းသစ်နှင့် ကုန်ပစ္စည်း အမယ်သစ်(အမည်သစ်)များ မိတ်ဆက်ရန်အတွက် ကျင်းပနေသော ကုန်စည်ပြပွဲများသည် အဓိကကျသည့် ဈေးကွက်များဖြစ်သည်မှာ ပေါ်လွင်ထင်ရှားလျက်ရှိသည်။

ထို့အတူ နိုင်ငံပေါင်းစုံမှ ကုန်စည်ပြပွဲများကို ကျင်းပပေးခြင်းအားဖြင့် နိုင်ငံတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များ အဖို့အတတ်ပညာ၊ နည်းပညာပိုင်းဆိုင်ရာ ထိတွေ့အကျွမ်းတဝင်ဖြစ်စေပြီး မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကိုအဆိုပါ နည်းပညာသစ်များ အသုံးချပြီး မြှင့်တင်နိုင်သည့် အကျိုးကျေးဇူးများ ရရှိစေမည် ဖြစ်သည်။

ထိုသို့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် အဘက်ဘက်မှအထူးသဖြင့် ပုဂ္ဂလိကပိုင်းဆိုင်ရာ အခန်းကဏ္ဍကို အားပေးမြှင့်တင်နေရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လာမည့် ဇန်နဝါရီ၃၀ ရက်မှ ဖေဖော်ဝါရီ၂ ရက်အထိ

အလှဆင် ကိုရီးယား လာမီနိတ်ကြမ်းခင်းပြား များလည်း ပါဝင်ပြသမည်။

လေးရက်တိုင်အောင် ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာနတွင် ခင်းကျင်းပြသရန် စီစဉ်ထားသော ရန်ကုန် ကုန်စည်ပြပွဲ -၂၀၀၄ သည်လည်း တစ်ခုအပါအဝင် အဖြစ်တွေ့ရသည်။

ရန်ကုန်ကုန်စည်ပြပွဲ-၂၀၀၄ ခင်းကျင်းပြသရန်စီစဉ်ပြင်ဆင်နေမှုနှင့် ပတ်သက်ပြီး သတင်းသမားတစ်ဦးအနေဖြင့် တစေ့တစောင်းလေ့လာခဲ့သည်။ ကုန်စည်ပြပွဲများကို စုစည်းခင်းကျင်းရာတွင် အတွေ့အကြုံအများဆုံးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Quartz International Co., Ltd.ကို စူးစမ်းမှုပြုခဲ့သည်။ ဒါရိုက်တာအဖွဲ့က "မိမိတို့အနေဖြင့် နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်စွာ စနစ်တကျ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများကို အများပြည်သူတို့ ကျယ်ပြန့်စွာ တိုက်ရိုက်

ထိတွေ့ သိရှိလေ့လာနိုင်စေရန်၊ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း နည်းပညာနှင့်အတွေ့အကြုံများ ပေါင်းစပ်ဖလှယ်နိုင်စေရန်၊ နိုင်ငံတော်တွင် ဖြစ်ပေါ်တိုးတက်လျက်ရှိသော အဆင့်မြင့် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ထုပ်ပိုးမှုစနစ်များကို မျက်ခြည်မပြတ်စေရန်၊ ပိုမိုခိုင်မာသောဈေးကွက်ရရှိစေရန်နှင့် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် စီးပွားရေးစနစ် အခြေခံကောင်းများ ရရှိစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ယခုပြပွဲကို စီစဉ်ခြင်းဖြစ်ကြောင်း ပြပွဲမှာ ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်များ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်သုံးကုန်ပစ္စည်းများ၊ စက္ကူ၊ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်းများ၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းများ၊ အသားအရည်အလှအပ ထိန်းသိမ်းရေးနှင့် စက္ခုအာရုံသုံး ပစ္စည်းများ၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့နှင့် ပတ်သက်သည့် ကုမ္ပဏီလုပ်ငန်းအသီးသီး၏ ပြခန်းများပါဝင်မည်ဖြစ်ပါကြောင်း၊ အဓိကအားဖြင့်ထုတ်လုပ်အောင်မြင်နေတဲ့ ပြည်ပသွင်းကုန်အစားထိုး ကုန်ပစ္စည်းအမျိုးမျိုး၊ ကုန်ပစ္စည်း အမယ်သစ်(အမည်သစ်)များကိုလည်း ခင်းကျင်းပြသမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြပွဲများ ခင်းကျင်းနိုင်သည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့မိတ်ဆက်နိုင်ခြင်း၊ အရောင်းမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းတို့အပြင် ဈေးကွက်အတွင်း အထိရောက်ဆုံး ထိုးဖောက်နိုင်ခြင်းအခွင့်အလမ်းများ ရရှိစေမှာဖြစ်ကြောင်း၊ ကိုယ့်ပစ္စည်းကိုယ်ထုတ်ပြီး ပုံမှန်သမားရိုးကျ ဖြန့်ချိမှုပုံစံ လမ်းဟောင်းလမ်းရိုးအတိုင်း သွားလို့မရကြောင်း၊ လုပ်ငန်းရှင်များအချင်းချင်း ထုတ်လုပ်မှုပိုင်းမှာ ပြိုင်ဆိုင်မှုများရှိလာသည့်အတွက် သုံးစွဲသူများနှင့် ကျယ်ကျယ်ပြန့်ပြန့် တိုက်ရိုက်

ထိတွေ့ခွင့်ရရှိစေဖို့အတွက် ယခုလိုကုန်စည်ပြပွဲများ စုစည်းစီစဉ်ကြရခြင်းဖြစ်ကြောင်း"ရှင်းပြသည်။

ပြပွဲတွင် ပါဝင်ပြသမည့် ကုမ္ပဏီလုပ်ငန်းများအား စူးစမ်းရာတွင် ၂၁ ရာစု ခေတ်မီကိုရီးယားလာမီနိတ်ရောင်စုံကြမ်းခင်းများ တင်သွင်းဖြန့်ချိနေသော Great Summit International Co., Ltd. မှ ဒါရိုက်တာ ဒေါ်နီနီမြင့်က "လှပခေတ်မီခံ့ညားသောအိမ်ခန်း၊ ရုံးခန်းများကို စိတ်ကူးဒီဇိုင်းမျိုးစုံဖြင့် ဆောက်လုပ်နေသူများအတွက် အိပ်မက်ကလေးများ၊ စိတ်ကူးကလေးများ လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပြီး ၁၀နှစ်မက တာရှည်ခံ အရောင်မပြောင်း မပျက်စီးသော ခံနိုင်ရည် ရာခိုင်နှုန်းမြင့်မားသည့် ၂၁ရာစု၏ ခေတ်မီလှပသော ကိုရီးယားလာမီနိတ် ကြမ်းခင်းပြားများကို ပြပွဲ

လာရောက်သူများ လက်တွေ့သိမြင်ပြီး ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ခင်းကျင်းပြသရောင်းချပေးသွားမှာဖြစ်ပါကြောင်း Hnin Hnin Khine Co., Ltd. နှင့် Green Circle Co., Ltd. ၏ ဒုတိယအထွေထွေမန်နေဂျာ ဦးမြတ်ထွဋ်က "မိမိတို့အနေဖြင့် သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်း တစ်ခုဖြစ်သည့် Ve Ve

နှင်းနှင်းခိုင်ကုမ္ပဏီ (Ve Ve)၏ ပြခန်းလည်း ပြပွဲတွင် ပါဝင်ပြသမည်။

အမှတ်တံဆိပ် စားသောက်ကုန်မျိုးစုံကို တိုက်ရိုက်လွယ်လင့်တကူ ဝယ်ယူရရှိအောင် စီစဉ်ထားကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသော သဘာဝသီးနှံများဖြင့် သန့်ရှင်းလတ်ဆတ်စွာ စနစ်တကျ ဖော်စပ်ထားကြောင်း၊ မိမိတို့ရဲ့ ထုတ်ကုန်ပစ္စည်းသစ်ဖြစ်သည့် သဘာဝနို့စစ်စစ်ဖြင့် ထုတ်လုပ်ထားသော Ve Ve Milk Candy နို့ခဲကို စားသုံးသူများနှင့် မိတ်ဆက်မှာဖြစ်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ မြန်မာတို့နှင့် ပွဲလမ်းသဘင် ခွဲခြားမရသည့်အသွင်လို့ ဆိုတဲ့အတိုင်း ပြပွဲလာရောက်သူများအတွက် ဖျော်ဖြေရေးကဏ္ဍဆောင်ရွက်မည့် Star Entertainment Co., Ltd.မန်နေဂျင်းဒါရိုက်တာ ဂျွန်လွင်က "အနုပညာရှင်များ၊ လုပ်ပျိုဖြူကလေးများ၊ သရုပ်ဆောင်များ၏ ဖျော်ဖြေရေး အစီအစဉ်များစွာ စီစဉ်ထားကြောင်း၊ ယခုလို ပါဝင်ဆောင်ရွက်ရသည့်အတွက် မိမိတို့ ကုမ္ပဏီ

အနေဖြင့် အဖွဲ့ဝင်အင်အားသစ်တွေရနိုင်တဲ့ အကျိုးရလဒ်တွေ ရရှိမှာဖြစ်ကြောင်း" ဟု ရှင်းလင်းပြောကြားသည်။

ရန်ကုန်ကုန်စည်ပြပွဲ-၂၀၀၄ကို စုစည်းစီစဉ်သော Quartz International Co.,Ltd.မန်နေဂျင်းဒါရိုက်တာ ဒေါ်မြတ်သက်အေးက "ယခုလို ကုန်စည်ပြပွဲ စီစဉ်ပေးခြင်းအားဖြင့် တစ်နေရာတည်းမှာ တစ်စုတစ်ဝေးတည်း နှစ်သက်ရာ ကုန်ပစ္စည်းများကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ကြောင်း၊ လုပ်ငန်းရှင်များဘက်ကလည်း ဈေးနှုန်းချိုသာစွာ ရောင်းချပေးမှာဖြစ်ကြောင်း၊ ဒါ့အပြင် ပြပွဲလာရောက် လေ့လာဝယ်ယူသူများအတွက် ကံစမ်းမဲ အစီအစဉ်ကို ဖေဖော်ဝါရီ ၁ရက်နေ့မှာ ပြုလုပ်ပေးမှာဖြစ်ပြီး ကံထူးသူကို ပြပွဲနောက်ဆုံးနေ့ ဖေဖော်ဝါရီ ၂ ရက်နေ့မှာ ငွေကျပ်တစ်သိန်း ချီးမြှင့်ပေးအပ်ဖို့ စီစဉ်ထားကြောင်း၊ ဒါ့အပြင် ပြခန်းအလှအပ ပြင်ဆင်မှုကိုလည်း ရွေးချယ်ပြီး ဂုဏ်ပြုဆုပေးသွားမှာဖြစ်ကြောင်း၊ မိမိတို့ ပြပွဲကို ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ခင်းကျင်းပြသမှာဖြစ်ကြောင်း၊ ထုတ်ကုန်သွင်းကုန်ပစ္စည်းအမျိုးမျိုး၊ အဆင့်မြင့်ထုတ်လုပ်သည့် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများကို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး ကံစမ်းမဲမှာ ကံစမ်းကာ ပွဲလည်းကြည့်ရင်း လိုအပ်သလို ဝယ်ယူအားပေးနိုင်ပါကြောင်းကို မြန်မာ့အလင်းမှတစ်ဆင့် သတင်းကောင်းပါး ဖိတ်ခေါ်လိုပါကြောင်း" ရှင်းလင်းပြောကြားခဲ့သည်။

အချုပ်ဆိုရသော် ကုန်စည်ပြပွဲများ ခင်းကျင်းပြသခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမြှင့်တင်ပေးခြင်းအဖြစ် ပေါ်လွင်နေပါကြောင်း ဖော်ပြအပ်ပါသည်။ ။

ရွှေဘိုမြို့ မင်းသားလမ်းသစ်ဖွင့်

ရွှေဘို ဇန်နဝါရီ ၁၀

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက် ပြီးစီးခဲ့သော မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနက် မင်းသားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်က ရွှေဘိုမြို့ အမှတ်(၂) ရပ်ကွက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးသိန်းက မြို့ပြလမ်းတံတားလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေရှိပြီး ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၇.၁၈ သိန်းနှင့် ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၂.၅သိန်း စုစုပေါင်း ၉.၆၈ သိန်း အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(က-ပ)**

ဇန်နဝါရီ ၂၃ရက်က တာမွေမြို့နယ် အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကိုကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စီက ၂၀၀၃ခုနှစ်တက္ကသိုလ်ဝင်တန်း လေးဘာသာ ဂုဏ်ထူးရှင် မောင်နေလင်းထွန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

1. M.S Plate, Angle, Round Bar, Channel
2. Paint
3. Electrode, Grinding Wheel
4. Bolt, Nut, Washer, Rivet
5. GI Pipe & Pipe Connection
6. Spare Parts for Engine, Transmission, Cooling (Hino-HO7C)
7. Spare Parts for Coach & Wagon
8. Compressor Motor for Aircondition
9. Electrical Equipment

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၁၁-၂-၂၀၀၄ (၁၂:၀၀) နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် – ၁၁-၂-၂၀၀၄ (၁၄:၀၀) နာရီ

၂။ ချိပ်ပိတ်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၉-၁-၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅၊ လိုင်းခွဲ–၆၀၂၊ ၆၀၄၊ ၆၁၃





အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

တနင်္သာရီတိုင်း ယုဇနဆီအုန်းစိုက်ပျိုးရေးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။(မြန်မာကျပ်ငွေဖြင့်သာ)

၁။ M.B.,B.S လုပ်သက်ရှိသူ ဦးစားပေးမည်။ လစာကောင်းမည်။		၅ ဦး
၂။ လက်ထောက်ကျန်းမာရေးမှူး (H.A)		၅ ဦး
၃။ စိုက်ပျိုးရေးဝန်ထမ်း	(ကျား)	၁၅ ဦး

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊B.Agr, Dip.Agr. စိုက် အထကအောင် လျှောက်လွှာများကို ယုဇနစင်တာ(တတိယထပ်)အမှတ် ၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၁၂-၂-၂၀၀၄ရက်နောက်ဆုံးထားပြီး အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ လိုအပ်သောအထောက်အထားများယူ၍ ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ ဘိုလိန်းလမ်း၊ အမှတ် ၅၅ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၃–စီ)၊ မြေကွက်အမှတ်(ပဋ္ဌမတန်းစား–၅၅)၊ နှစ် ၉၀ ဂရန်မြေအမည်ပေါက် National Council of Women အမည်ရှိ မြေကွက်ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအမည်သို့ ပြောင်းပေးပါရန် အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အမည်ပြောင်းခွင့် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြမြေစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော တာမွေမြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား မေတ္တာဖြင့် အပိုင်ပေးခြင်းခံရသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့်တိုက်နှင့် အခန်းအမှတ်
၁။	ဗိုလ်မှူးကြီး ငိုကျင်ပေါ တီဒီအမ်–၀၁၈၂၂၅	ဒေါက်တာခုတ်ခန်းခိုင် ၁၂/ဒဂန(နိုင်)၀၃၀၅၁၅ ဒေါက်တာခင်သီထွန်း ၁၂/ဒဂန(နိုင်)၀၁၈၆၆၁	တိုက်–အီး ၁ အခန်း–၆ တာမွေနတ်ချောင်း အဆင့်မြင့်အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာ (အဆောက်အအုံ)

ဖဲကြိုးဖြတ်ဖွင့်

ဒီဇင်ဘာ ၆ရက်က ကိုယ့်အားကိုယ်ကိုး စာပေဝတ်ရည်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ပဒတ္တိုင်းရွာစာပေ ဝတ်ရည်စာကြည့်တိုက်ခန်းမရှေ့၌ ကျင်းပရာ စာရေးဆရာကြီး ဦးအောင်သင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ခင်ပြည့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (က–ပ)

ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်

ရပ်စောက် ဇန်နဝါရီ ၁၀

(၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာနှင့် ဝါးပြားကျေးရွာ ကျေးရွာချင်းဆက်ကျောက်ချောလမ်း ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက ပင်ဖြစ်ကျေးရွာ လမ်းမုခ်ဦးတွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းမြင့်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးစံရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃– ၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေကျပ် ၁၄၁၄၅၀၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းအကျယ် ၁၂ ပေ၊ အလျားပေ ၁၁၂၀ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ၃၀ရက်က တောင်ငူမြို့ အမှတ် ၂ရပ်ကွက် ၅လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ဆောင်ရွက်နေမှုအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် စည်ပင်အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြင့်ဖော်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

ရွှေအောင်လံမဂ္ဂဇင်း ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၈

ပျော်ဘွယ် စိုးမြင့်အောင် စီစဉ်တည်းဖြတ်ထုတ်ဝေသော ရွှေအောင်လံရသစုံမဂ္ဂဇင်း ဖေဖော်ဝါရီလထုတ်ကို ခြံအမှတ် ၃၇ တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့က ဖြန့်ချိသည်။**(အပေါ်ပုံ)** **(က–ပ)**

နှစ်ထပ်ကမ္မဋ္ဌာန်းကျောင်း အုတ်မြစ်ချ

ရေကြည် ဇန်နဝါရီ ၁၅

ရောဝတီတိုင်း ရေကြည်မြို့နယ် သရက်ချောင်းကျေးရွာအုပ်စု အလယ်စုကျေးရွာတွင် ဇန်နဝါရီ၂၃ ရက်နံနက်က ဩဝါဒါစရိယဆရာတော် ဦးဝိမလနှင့် ကျောင်းထိုင်ဆရာတော် ဦးတေဇိန္ဒဦးစီး၍ မြို့နယ်သံဃနာယကအဖွဲ့ဝင်များနှင့် ကျေးရွာအတွင်းရှိ အလှူရှင် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို ကျင်းပကြောင်း သိရသည်။ **(က–ပ)**

ဇန်နဝါရီ၂၄ ရက်က တာမွေမြို့နယ် အမက (၁၇)၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးရင်က တတိယတန်းမှ ဘက်စုံထူးချွန် ပထမဆုရ မောင်အောင်ကျော်မျိုးအား ဆုချီးမြှင့်စဉ်။(က–ပ)



ဈေးကွက်ဂျာနယ် အမှတ် (၃၅၅)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၈

ရွှေနွယ်၏ ချယ်ရီပင်အောက်က ခေတ်ပြိုင်အချစ်၊ မောင်စူးစမ်း၏ ပူဖောင်း ဒုက္ခအပါအဝင် အောင်သင်း၊ မင်းရွှေမောင်၊ သုတကျော်၊ စမ်းရိပ်ညို(ကလေး၀)တို့၏ ဆောင်းပါးများ၊ နယ်သတင်းစုံ၊ ကာတွန်းလက်ရာစုံဖြင့် အမှတ် ၁၃၁၊ ၂၈လမ်း (အလယ်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁–၇၀၇၁၈၃ က ထုတ်ဝေဖြန့်ချိလိုက်သည်။**(ဝဲပုံ)**

(က–ပ)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) တွဲဖက်အတွင်းရေးမှူး ဦးအေးလွင် (M.D၊ ရွှေပြည်စံကုမ္ပဏီ)အား ၂၀၀၄ ခုနှစ် လွတ်လပ်ရေးနေ့ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၄)ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော် အပ်နှင်းချီးမြှင့်ခြင်းခံရသဖြင့် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် တိုင်းပြည်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။

အမှုဆောင်အဖွဲ့
ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)



ရွှေဖြူရောင်၊ ရွှေရောင်

ရတနာအရောင်တင်ဆေးရည် ရရှိနိုင်ပါသည်။

လိပ်စာ-အမှတ် ၆၄၁၊ အခန်း (၂၀၃)၊ ရွှေဘုံသာလမ်းနှင့် ၂၉ လမ်းကြား ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၂၅၃၇၃၄၊ ၂၅၄၅၂၃

အမည်ပြောင်း

ဦးတည်ကြည်စိုး-ဒေါ်စန်းစန်းဝင်းတို့၏သမီး ဘားအံမြို့ အထက(၁) ပထမတန်းမှ မဂန္ဓမာသင်းအား မခိုင်မြဖူးစင်ဟု ခေါ်ဆိုပါရန်။ **မခိုင်မြဖူးစင်။**

ဒိုင်းမွန်းစတားကုမ္ပဏီ၏ ဂျုံသုံးစွဲသူ မုန့်ပညာရှင်များနှင့် လုပ်ငန်းရှင်အသီးသီးတို့အတွက် ထူးထူးခြားခြားကျေးဇူးတုံ့ပြန်သောကျပ်သိန်း (၈၀၀)ကံစမ်းမဲ ပထမအကြိမ်ဆုမဲပေါက်သူများကြေညာခြင်း

ဆု	အမည်	Cupon No	မှတ်ပုံတင်	လိပ်စာ
ပထမဆု သိန်း ၅၀	ဦးတင်ရီ(ကောင်းစံခေါက်ဆွဲစက်)	090094	၁၂/တမန(နိုင်)၀၇၆၅၉၃	သမ္မစိတ္တ(၂)လမ်း၊ဒေါပုံ ကြည်စုရပ်ကွက်၊ ရန်ကုန်
ဒုတိယဆု သိန်း ၂၀	ဦးနိုင်	182231	၈/ပခက(နိုင်)၁၇၂၇၉၀	အမှတ် (၂၁)၊ ၈၅ (၂၈×၂၉)လမ်းကြား၊ မန္တလေး။
တတိယဆု ၁၀ သိန်း	ဒေါ်အေးရွှေ	078448	၉/မနမ(နိုင်)၀၁၈၁၉၀	အမှတ်(၁၂)၊ (၈၁X၈၆)လမ်းကြား၊ မန္တလေး။
အထူးဆု	ဦးကျော်ရင်(ခေါက်ဆွဲ)	018462	PME-01467	တရုတ်တန်းလမ်း၊ပြည်မြို့။
အထူးဆု	ဒေါ်တင်တင်မိုး(ဒေါ်လာမုန့်တိုက်)	069104	၉/ပမန(နိုင်)၀၀၈၀၉၄	အရှေ့မစိုးရိမ်လမ်း၊ရွှေကြည်ရပ်ကွက်၊ပျဉ်းမနားမြို့။
အထူးဆု	ဦးတင်လွင်(ရွှေလာစားသောက်ဆိုင်)	130082	၉/မရတ(နိုင်)၁၁၂၆၃၉	ဘုရားကြီးအနောက်ဘက်၊မန္တလေးမြို့။
နှစ်သိမ့်ဆု	ဦးတင်ရွှေ(ပဒေသာမုန့်တိုက်)	092129	BW-020632	ပျော်ဘွယ်မြို့။
နှစ်သိမ့်ဆု	ကိုအောင်ဇော်မြင့်(Best Bakery)	014617	၁၂/ဥကမ(နိုင်)၀၂၂၇၀၉	
နှစ်သိမ့်ဆု	Myanmar Li Way Way Food Industries Co.,Ltd	127094		အမှတ်(၄၇၄)၊ရန်ကုန်လမ်းနှင့်ယောက်ကော်လမ်းထောင့်၊ တောင်ဒဂုံ။
နှစ်သိမ့်ဆု	Mamee Double Decker	021883		အမှတ်(၃)လမ်းမကြီး၊ထောက်ကြန့် ပျဉ်းမပင်၊ မင်္ဂလာဒုံစက်မှုဇုန်။
နှစ်သိမ့်ဆု	ကိုအောင်နိုင်(လူထုမေတ္တာမုန့်တိုက်)	286025	၇/ပမန(နိုင်)၁၀၅၉၇၆	အမှတ်(၃၆၅)၊ဆွေမဒ္ဒဘုရားလမ်း၊အောင်မင်္ဂလာဈေးအနီး၊ပြည်မြို့။
နှစ်သိမ့်ဆု	ဦးခင်ဇော်(စွန်ညီနောင်ခေါက်ဆွဲ)	020525	LTA-003570	အမှတ်(၅၆)၊၁၇-လမ်း၊လမ်းမတော်။
နှစ်သိမ့်ဆု	Yum Yum (ရသာချိုစက်မှုလုပ်ငန်းလီမိတက်)	070704		ထောက်ကြန့်၊ မင်္ဂလာဒုံ။
နှစ်သိမ့်ဆု	Mamee Double Decker	028839		အမှတ်(၃)လမ်းမကြီး၊ ထောက်ကြန့် ပျဉ်းမပင် မင်္ဂလာဒုံစက်မှုဇုန်။
နှစ်သိမ့်ဆု	ဒေါ်ယဉ်ယဉ်လှ(ရီရှင်းမုန့်တိုက်)	138701	BMO-134473	၈၅(၂၈ X ၂၉)လမ်းကြား၊မန္တလေးမြို့။
နှစ်သိမ့်ဆု	ကျော်မြင့်	039811	၅/ကလတ(ပြ)၀၀၀၀၁၂	ပါရမီရပ်၊ စစ်ကိုင်း။
နှစ်သိမ့်ဆု	ဦးဟောင်စိန်(ငြိမ်းချမ်းရေးကဖီး)	000474	၁၂/လမန(နိုင်)၁၁၂၈၂၇	၃၆၁၊သုမင်္ဂလာလမ်း၊၉ရပ်ကွက်၊တောင်ဥက္ကလာ။
နှစ်သိမ့်ဆု	ဦးအောင်ခင်	030826	၁၄/သပန(ဧည့်)၀၀၀၀၁၇	အမှတ်-၆၄၊ ဥမ္မာဒန္တီလမ်း၊ ပုသိမ်။
နှစ်သိမ့်ဆု	ဦးမျိုးဝင်း	190285	၁၄/လပတ(နိုင်)၁၁၅၈၈၅	ဆိုင်အမှတ်(H-1)စိန်ပန်းလမ်းနှင့်ကံ့ကော်လမ်းထောင့်၊ဘုရင့်နောင်။
နှစ်သိမ့်ဆု	ဦးဆုံ	015534	HZA-242558	အမှတ်(၆၂)ဆေးရုံဟောင်းလမ်း၊ဟသ်ာတ။
နှစ်သိမ့်ဆု	ဒေါ်နုနု(မိသားစုမုန့်တီဖို)	046638	WKA-096296	၂၇လမ်း၊ (၈၆ X၈၇) လမ်းကြား၊မန္တလေးမြို့။
နှစ်သိမ့်ဆု	ဦးစိန်ဝင်း	021702	၁၂/လမန(နိုင်)၀၁၈၀၆၀	အမှတ်(၆၅)၊လှည်းတန်းလမ်း၊လမ်းမတော်။
နှစ်သိမ့်ဆု	ဦးချစ်ပြား	015631	၉/ညဥန(နိုင်)၁၂၄၉၅၉	၁၉လမ်း၊ ဈေးပိုင်းရပ်၊ ပဲခူး။
နှစ်သိမ့်ဆု	ဦးချစ်ပြား	015630	၉/ညဥန(နိုင်)၁၂၄၉၅၉	၁၉လမ်း၊ ဈေးပိုင်းရပ်၊ ပဲခူး။
နှစ်သိမ့်ဆု	ဦးကိုကိုနိုင်(555 မုန့်တိုက်)	252011	၉/ဝတန(နိုင်)၁၀၇၂၈၀	ဝမ်းတွင်း၊ သဲတောမြို့။
နှစ်သိမ့်ဆု	မဖြူမွန်သိန်း(Golden Anna)	000475	၁၂/သကတ(နိုင်)၁၅၈၃၄၁	အမှတ်-၁၈၊နဝဒေးလမ်း၊ဒဂုံမြို့နယ်။

ဆုမဲများကို လက်ခံထားရှိရန်ကူပွန်နှင့်အရောင်းဆိုင်လက်ခံကူပွန်များနှင့်အတူ ဒိုင်းမွန်းစတားကုမ္ပဏီ(ရုံးချုပ်)အမှတ် ၂၅၆၊၂၆၀ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ (၁၀-၂-၂၀၀၄) နောက်ဆုံးထား၍ လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဆုမဲများကို ထုတ်ပေးမည်မဟုတ်ပါ။ ကျပ် သိန်း(၈၀၀) ကံစမ်းမဲ ပထမအကြိမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အနယ်နယ်အရပ်ရပ်ရှိ ပြန်ရောင်းဆိုင်ကြီးများနှင့် လုပ်ငန်းရှင်များအားလုံးကို ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်မှ ကျေးဇူးတင် ဂုဏ်ပြုအပ်ပါသည်။

နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူးလွှင်မေ့အော်မြို့

ယဉ်ကျေးမှုအကအဖွဲ့ ဖျော်ဖြေတင်ဆက်မှု

နေ့ရက် - ၂၁-၁-၂၀၀၄၊ ၁-၂-၂၀၀၄

နေရာ - အမျိုးသားကဇာတ်ရုံ

ဝင်ကြေး - ၁၀၀၀၊ ၅၀၀ ကျပ်

လက်မှတ်များကို အမျိုးသားဇာတ်ရုံ၌ တစ်ရက်ကြိုတင်ရောင်းချပေးနေပါသည်။

လူပျောက်ကြော်ငြာ

ဦးမြင့်သိန်း(၅၀)ခန့် အမြန်ပြန်လာပါ၊ သား စိတ်ပူနေသည်။ တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၅၁၁၃၈၃

၅၄၅၄၄၆

အမည်ပြောင်း

အဖ ဦးမောင်မောင်၏သမီး မသီရိနွယ်ဝတီအား ယနေ့မှစ၍ မရွှေသီရိမော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မရွှေသီရိမော်

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒေပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀

ပန်းတောင်းမြို့နယ်တရားရုံး

၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ်(၃)

မဥမ္မာနွယ်(ဘ)ဦးနွယ်စန်း ကြခတ်ရပ်ကွက်၊ ပန်းတောင်းမြို့ ပဲခူးတိုင်း (အနောက်ပိုင်း)	**နှင့်**	မောင်စိုင်းယုဆွေ (ဘ) ဦးလေးဆွေ နှင်းပုလဲကွက်သစ် (၁) လမ်း၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်
တရားလို		**တရားပြိုင်**

မွန်ပြည်နယ် ဘီးလင်းမြို့၊ နှင်းပုလဲကွက်သစ် (၁) လမ်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက် (၁၃၆၅ ခုနှစ် တပို့တွဲလပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်နုတ်၍ တစ်ဖက်သတ်စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းလိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်၌ ဤမြို့နယ် တရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မျိုးသန်းထိုက်
ဒုတိယမြို့နယ်တရားသူကြီး
ပန်းတောင်းမြို့နယ်တရားရုံး

အများသိစေအပ်ပါသည်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မူမူစန်း ၁၂/အစန (နိုင်) ၀၃၄၅၂၉ (ဘ)ဦးစံတင်၊ အမှတ်(၉၃) သဟာရလမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်မူမူစန်းနှင့်(ဘ) ဦးမောင်ထူး၏သား ဦးမြင့်နိုင်ဦး(ခ)ကိုဘလုံး ၁၂/ကမတ(နိုင်) ၀၀၀၆၅၆ တို့သည် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် သက်သေလူကြီးများရှေ့မှောက်တွင် ၁၃-၁-၂၀၀၄ရက်၌ နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်ပြုလုပ်၍ လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။

ယခင်နှစ်ဦးပိုင်အဖြစ် တည်ရှိခဲ့သော ဒေါ်မူမူစန်း ယခုလက်ရှိနေထိုင်ရာ ဖော်ပြပါနေအိမ် အကျိုးခံစားခွင့် အရပ်ရပ်ကိုလည်း ကာလတန်ဖိုး နှစ်ဦးသဘောတူသတ်မှတ်ပြီး အညီအမျှ(ထက်ဝက်)အကျိုးခံစားခွင့်များကို ဦးမြင့်နိုင်ဦးက လက်ခံရယူသွားပြီးလည်း ဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါနေအိမ်အကျိုးခံစားခွင့်အရပ်ရပ်သည် ဒေါ်မူမူစန်းမှ တစ်ဦးတည်းပိုင် လက်ရှိနေထိုင်သည့် ပစ္စည်းဖြစ်ပါကြောင်း ဦးမြင့်နိုင်ဦးနှင့် လုံးဝ(အလျဉ်း)သက်ဆိုင်မှုမရှိတော့ပါကြောင်း။

နောက်နောင်တွင်လည်း ဒေါ်မူမူစန်းနှင့် ဦးမြင့်နိုင်ဦးတို့သည် မည်သည့်အကြောင်းကိစ္စနှင့်မျှ မပတ်သက်ပါကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မြင့်
H.G.P.,LL.B, D.B.L,D.M.L
တရားရုံးချုပ်ရှေ့နေ(စဉ်-၄၁၄၇)
၂၁၃၊ မဟာဗောဓိ(၁)လမ်း၊ (၃)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ရွှေထည်စက်ဖြတ် ကျွမ်းကျင်သူများ အလိုရှိသည်။ အလုပ်သမားမှတ်ပုံတင် မိတ္တူပါရှိရမည်။

အမှတ် ၇၇၊ မြေညီထပ်၊ ၄၄ လမ်း (လမ်းတို)
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်
(ရုံးချိန်အတွင်း)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးသန်းရွှေ- ဒေါ်ရင်လှိုင်တို့၏သမီး မစိုးစိုးမြင့် ၁၂/တမန(နိုင်) ၀၇၇၃၈၅သည် မိဘများခွင့်မလွှတ်နိုင်သောကိစ္စအား ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဦးသန်းရွှေ
၁၂/တမန(နိုင်) ၀၃၁၄၂၈
မာန်အောင်ရပ်ကွက်၊တာမွေ

ဝမ်းနည်းကြေကွဲခြင်း

စာရေးဆရာ မောင်လှမျိုး (ချင်းချောင်းခြံ)၏ ဖခင် ဦးဆိတ်ညွန့် အသက်(၆၇)နှစ်သည် ၂၇-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

စိန်သရဖူစာပေ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းရှင်
မုံရွာမြို့
အသက်(၇၀)

ဗိုလ်ကြီးစောထွန်းအောင်-ဒေါ်ညွန့်ညွန့်တင် (တ-ခာတုဗေဒအရာရှိ) အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)၏ မိခင် ဒေါ်သန်းရှင် အသက်(၇၀) (မုံရွာ)သည် ၂၅-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

ဦးသက်ထွန်း၊ ဦးဝင်းဗိုလ်၊ ဦးဝင်းမြင့်အောင်၊ ဒေါ်မဥ္စူ၊ ဒေါ်လှလှမြင့်၊ ဒေါ်ခိုင်ဆင့်ဝင်း၊ ဒေါ်နီလာအောင်၊ ဒေါ်သီတာထွန်း၊ ဒေါ်ဆွေလင်းမြင့်၊ ဒေါ်ခင်ဥမ္မာရှိန်

ဦးကျော်မြင့် (သာစည်)
(ယခင် အထက–၅၊ ဗိုလ်တထောင်) အထက(၁)၊ဒဂုံ ဆရာဟောင်း
အသက်(၇၀)

သာစည်မြို့နေ အထွေထွေအထူးကု ဆရာဝန်ကြီး ဒေါက်တာ S.K ဒတ္တား–ဒေါ်S.R ဒတ္တားတို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၁၀၅၊ ၅၂ လမ်းနေ ဒေါ်ခင်လေးမြင့်၏ခင်ပွန်း၊ ဒေါ်မာလာမြင့်–ဦးအောင်ဖေသန်း (Calcorn Co.,Ltd.)၊ ကိုကျော်မြင့်ဦး၊ ဦးကျော်ကျော်မြင့်၊ ကိုကျော်ကျော်ထွေးတို့၏ဖခင်၊ မောင်မြတ်ကောင်း (အထက–၅၊ ဗိုလ်တထောင်)၏ ဘိုးဘိုးကြီး၊ ဦးကျော်မင်း၊ (ဦးကျော်ဝင်း)၊ (ဦးရာမူ)၊ ဦးမင်းလွင်၊ ဦးအောင်လွင်၊ ဒေါ်နီနီ၊ ဒေါ်မာယာတို့၏အစ်ကိုကြီးသည် ၂၈–၁–၂၀၀၄ရက်တွင် ကန်သာယာအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ကိုလှမျိုးအောင် (မောင်လှမျိုး၊ ချင်းချောင်းခြံ)၏ဖခင် ဦးဆိတ်ညွှန့် (၆၇)နှစ်သည် ၂၇–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စမ်းရေပြာစာပေ။

ဦးအေးချို (ပြင်ဦးလွင်မြို့)
အသက်(၇၆)နှစ်

ပြင်ဦးလွင်မြို့နေ ဒေါ်ချစ်စိန်၏ခင်ပွန်း၊ ဦးဝင်းမြင့်၊ ဒေါ်ခင်မာဝင်း၊ ဦးတင်နွဲ့–ဒေါ်ခင်အေးဝင်း၊ ဦးစန်းထွန်း–ဒေါ်ခင်ချို၊ ဦးသောင်းကျော်၊ မခင်နှင်းဖြူ၊ မောင်တင်ထွန်းဇော်၊ မခင်နှင်းမူ၊ ဗိုလ်ကြီးသန်းထွေးဇော်–မဇာနည်လွင်တို့၏ဖခင်သည် ၂၇–၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါ၍ ၃၁–၁–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမ ဂလိုရီယာအေးကျော်
အငြိမ်းစားကျောင်းဆရာမ (တောင်ငူ)
အသက်(၆၈)နှစ်

တောင်ငူမြို့၊ ဒယ်စုလမ်း၊ အမှတ်၂၀/၂၈၂ နေ (ဦးအေးကျော်–ဒေါ်စေးဒင်)တို့၏စတုတ္ထသမီး၊ (ဦးအမိန်)၏ဇနီး၊ ဒေါက်တာနော်ရှားဂိုဖော၊ ဆရာမ နော်ရူဖော၊ ဆရာစောအယ်ဒီ–မမိမိခင်တို့၏မိခင်၊ မောင်ငြိမ်းချမ်း၊ မနှင်းယွန်းအိမ်တို့၏အဘွားသည် ၂၇–၁–၂၀၀၄ရက် ည ၈း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် တြိနတီဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး တောင်ငူမြို့အနောက်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျောက်ဖြူအသင်း(ရန်ကုန်မြို့)
ဦးမြင့်ချို
ကြီးကြပ်ရေးမှူး (မြန်မာ့အသေးစားချေးငွေလုပ်ငန်း) (အသင်းဝင်အမှတ်–၁၀၈၂)
အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ တိုက်အမှတ် ၂၈၉/၂၇၊ မဟာဗန္ဓုလလမ်းနေ (ဦးဘကြိုင်၊ ရဲမှူး၊ ငြိမ်း–ဒေါ်ကြည်)တို့၏သား၊ ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဒေါ်တင်ရီ၊ ဒေါ်တင်အေး၊ ဦးတင်ထွန်း(အမှုဆောင်)တို့၏မောင်/ညီ၊ အသင်းဝင် ဒေါ်မြင့်မြင့်ရီ၏အစ်ကိုသည် ၂၇–၁–၂၀၀၄ရက် နံနက် ၀၀း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ အသင်းကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဦးအောင်နိုင်
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၇၄ရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ် ၁၀၀ နေ ဦးမောင်မောင်–ဒေါ်ရင်နုတို့၏သား၊ (ဦးသိန်းနိုင်)၏ညီ၊ ဦးခင်နိုင်၊ ဦးသက်ဇော်ဦး–ဒေါ်အေးအေးနိုင်တို့၏အစ်ကို၊ မောင်ပြည့်ဖြိုးအောင်၊ မောင်တိုးနေကျော်၊ ဖူးဖူးတို့၏ဘကြီးသည် ၂၇–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈–၁–၂၀၀၄ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ငြိမ်းလှ
(ကျုံပျော်၊အင်းရဲ)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၃၊ ဗိုလ်ချုပ်လမ်းနေ (ဦးဖေ–ဒေါ်မှိန်)တို့၏သမီး၊ (ဦးဘခင်)၊ (ဦးဘထွန်း–ဒေါ်မမကြီး)၊ (ဦးဘကွန်း)၊ (ဦးစိန်လှ)–ဒေါ်တင်လှ၊ (ဒေါ်ခင်သိန်း)၊(ဒေါ်ခင်သန်း)၊(ဦးစိန်ခ)၊ (ဦးစိန်မြ)တို့၏ညီမ၊ (ဒေါ်သိန်းမြ)၊ ဒေါ်တင်နု၊ (ဒေါ်ခင်ဥ)တို့၏အစ်မ၊ ဦးသိန်းဇံ၊ ဦးတင့်ဆွေ–ဒေါ်ခင်လှဝင်း၊ ဒေါ်ပြုံးပြုံး၊ မောင်ခင်ထွန်း၊ ဒေါ်ရီရီ၊ ဦးဌေးလွင်၊ ဦးအေးကြိုင်(ခ)ဦးအေးသွင်တို့၏အဒေါ်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၁–၂၀၀၄ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
တပ်ကြပ်ကြီးမန်ကြုံး
(Sgt.Mang Cung)
အသက်(၅၉)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့၊ Ti Kir ကျေးရွာနေ (Pu Lian Dum) (Pi Thluai Tang)တို့၏သား၊ Pi Renh Cin (ဒေါ်ရင်ကြည်)၏ခင်ပွန်း၊ David Van Ling – Nu.Ca Tin Par, Elviss Cung Lian (ထွန်းထွန်းဦး)–မအေးအေးသန်း၊ Joseph Cung Bik (ဇော်မြင့်ဦး)၊ Samual Van Biak Liab (ထွန်းလင်းအောင်)၊ Anna Mang Chin Tial (မဝါဝါလင်းနွယ်)–ကိုစိန်မြသောင်းထွန်းတို့၏ဖခင်၊ Daw Tial Thai ၏မောင်၊ U Tial Ling, Nu Tin Cer Mang, Nu Tin Par (USA) နှင့် U Tial Bik တို့၏ဦးလေး၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၆–၁–၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀–၁–၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)အအေးတိုက်ခန်းမ၌ဝတ်ပြုပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကားများ မြောက်ဒဂုံ (မန္တလေးမှတ်တိုင်)၊ ယုဇနဥယျာဉ်မြို့တော်လိုင်သီရီအိမ်ရာ (လှိုင်မြို့နယ်)၊ L.B.C Centre (ခဲဝဲခြံ)နှင့် နေအိမ် (ဝါယာလက်၊ မင်္ဂလာဒုံ)တို့မှ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

တပ်ကြပ် တင်ထွဋ်(ခ) တွတ်ပီ(ခ)လူပု
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊အမှတ် ၃၆–ဘီ၊ အောင်တော်မူလမ်းနေ ဦးညီညီ(စိုက်ပျိုးရေး၊ ငြိမ်း)–ဒေါ်သိန်းမြ(လှိုင်လင်)တို့၏သားထွေး၊ ဒေါ်စိန်စိန် (အမက–၂၂၊ ဗဟန်း)၏ခင်ပွန်း၊ မောင်အောင်မျိုးထွဋ်(ခ)အာရာဖတ် (အထက–၃၊ ဒဂုံ)၏ဖခင်၊ ဦးမြင့်ဝေ–ဒေါ်အေးအေးကြူ၊ ဦးမြင့်ထွန်း–ဒေါ်အေးအေးမူ၊ ဦးအောင်ညီညီ–ဒေါ်သန်းသန်းအေးတို့၏ ညီ/မောင်၊ တူ တူမ လေးယောက်တို့၏ဦးလေးသည် ၂၇–၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၉–၁–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးမှ မင်္ဂလာဒုံ စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

တန်ယုကြင်
တန်စင်ယူ(ဓာတ်ပြားဆိုင်) ကုန်သည်လမ်း(တောင်ငူ)
အသက်(၈၀)

တောင်ငူမြို့၊ (၁၈)ရပ်ကွက်၊ ၃/၃ ပြည်တော်သာနေ (ဦးတန်ဆင်ယူ–ဒေါ်လုရင်)ဒေါ်ရှုတီတို့၏သား၊ဒေါ်ခင်နု၏ခင်ပွန်း၊ (ဦးကျော်စိုး)–ဒေါ်ချိုချို၊ (ဦးသန်းညွန့်)–ဒေါ်ချောချော၊ (ဦးမောင်မောင်ခင်)–ဒေါ်စန်းစန်းဝင်း၊ ဒေါ်စုစုဝင်း (အလက–၁၊ တောင်ငူ)၊ ကိုမြင့်စိုး–မအေးစိုး၊ကိုမြင့်အောင်–မအေးမူ၊ကိုကျင်လုံ–မခင်မေသန်း၊ ကိုမောင်မောင်ဝင်း၊ မစန္ဒာ(ဒု–ဦးစီး၊ ပျဉ်းမနား စည်ပင်)၊ ကိုကျော်ကျော်ထွန်းတို့၏ဖခင်၊ မြေး ၁၅ ယောက်၊ မြစ် သုံးယောက်တို့၏ အဘိုးသည် ၂၈–၁–၂၀၀၄ရက် နံနက်၂ နာရီတွင် တောင်ငူမြို့ ကေတုအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၃၀–၁–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ အနောက်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစောအောင်
(ဟသ်ာတ၊ဒေါင့်ကြီး)
ပညာရေးတက္ကသိုလ်မော်ကွန်းထိန်း(ငြိမ်း) လားရှိုးဒေသကောလိပ်ကျောင်းအုပ်ကြီး(ငြိမ်း) ပုသိမ်ဒီဂရီကောလိပ်မော်ကွန်းထိန်း(ငြိမ်း)
အသက်(၇၂)နှစ်

ဟသ်ာတမြို့နေ (ဦးပန်းမှုံ–ဒေါ်ရွှေသစ်)တို့၏သား၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ တိုက် ၂၆/၄၊ အခန်း ၂၀၄ နေ (ဒေါ်တင်တင်ရီ)၏ခင်ပွန်း၊ ဦးအောင်ငြိမ်း–ဒေါ်ညွန့်ရီ (ကျောက်တန်း)၊ ဦးသန်းဝင်း – ဒေါ်အုံးမြင့် (ဟသ်ာတ)၊ ဦးကျော်ဝင်း–ဒေါ်မြတ်လေးတင်(စက်မှု–၁)တို့၏ အစ်ကိုကြီး၊ ဒေါ်သက်သက်မာ (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မန္တလေး အဝေးသင်တက္ကသိုလ်)၊ဒေါ်နီလာအောင်(အလက–၅၊ ရန်ကင်း)၊ ဗိုလ်မှူးကျော်သန့်ဇင်–ဒေါ်ကြည်ကြည်ခ(ပညာရေးသုတေသနအဖွဲ့)၊ ဦးမင်းမင်း–ဒေါ်နွဲ့နွဲ့အောင် (မြစ်ကြီးနားဆက်သွယ်ရေး)၊ ဒေါ်ခိုင်ခိုင်အောင်(ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ ဒေါ်ဥမ္မာအောင်(ဘားအံတက္ကသိုလ်)တို့၏ဖခင်၊ မောင်သန့်ဇော်ဝင့် (VIII-H)၊ မောင်မင်းခန့်ကျော် (III-B, TTC)၊ မောင်မင်းမောင်မောင်တို့၏အဘိုးသည် ၂၅–၁–၂၀၀၄ရက် ည ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကုကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်
အသက်(၆၇)နှစ်

မန္တလေးမြို့နေ(ဦးဆောင်–ဒေါ်သွေ့)တို့၏သား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ဗိုလ်ချုပ်လမ်း၊အမှတ် ၂၈နေ ဒေါ်သိန်းရှင်၏ခင်ပွန်း၊ ဦးလှရွှေ–ဒေါ်စန်း၊ မသီသီအေး၊ မစန်းစန်းလွင် (လဝက)၊ မောင်စိုးလင်းထွန်း၊ မောင်စိုးဝင်းထွန်း(MPPE)–မလေးလေးနွယ်၊ မောင်နေမျိုးကျော်(မြန်မာမေဖလားဝါးဘဏ်)–မစန်းရီ(ဗဟိုဘဏ်)၊ မောင်သာစိန်ဝင်း–မခင်ဇာဇာသိန်းတို့၏ ဖခင်၊ မောင်စုပိုင်စိုး(အထက–၁၊ သာကေတ)၊ မကေခိုင်မိုး၊ မောင်ကျော်စိန်ဆန်း (အထက–၁၊ ဗိုလ်တထောင်)၊မြေး ၁၁ ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၆–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မယဉ်ယဉ်ဝင်း
(B.A, Oriental Studies)
အသက်(၃၆)နှစ်

လပွတ္တာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်နေ ဦးဝင်းရွှေ–ဒေါ်ရီသန်းတို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ စော်ရန်ပိုင်တောင်ရပ်ကွက်၊ တိုက် ၁၊ အခန်း ၂၆၊ ၄၀ဝ လမ်းနေ ဦးစိုးတင့် (IWT)၏ ဇနီး၊ မောင်သီလစိုးတင့်(အထက–၄၊ အလုံ၊ သူငယ်တန်း–ဂ)၏မိခင်၊ မချိုချိုဝင်း၊ ဗိုလ်ကြီးစောထွန်း–မနီနီဝင်း၊ ကိုသိန်းဇော်ဦး–မစန်းစန်းဝင်း၊ မောင်အောင်ကိုဝင်း–မဇာခြည်ဦးတို့၏ အစ်မကြီးသည် ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀–၁–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ရီ (ပြည်မြို့)
ဆက်သွယ်ရေး(ငြိမ်း)
အသက်(၈၁)နှစ်

ပြည်မြို့၊ အမှတ် ၄၀၃ ၊ ရုံးလမ်း၊ ဆေးရေးရပ်ကွက်နေ ရှေ့နေ(ဦးဝိုင်း–ဒေါ်ဖွား)တို့၏သမီး၊ (ဦးဖေသန်း) ထောင်ပိုင်ကြီးအဆင့်(၁) [ငြိမ်း]၏ဇနီး၊ ဦးကျော်ကျော်သန်း–ဒေါ်တင်တင်ဝင်း၊ ဦးညီညီသန်း–ဒေါ်ညိုညို၊ ဦးကျော်မြင့်–ဒေါ်ညွန့်ညွန့်သန်း၊ ဦးချိုသန်း၊ ဦးမင်းသူအောင်–ဒေါ်နွဲ့နွဲ့စန်းတို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၂၆–၁–၂၀၀၄ရက် ည ၉း၃၀ နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဝင်း
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
အသက်(၆၁)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ် ၈၄၀ နေ (အိမ်မဲမြို့ ဦးအေးရွှေ–ဒေါ်သန်းကြည်)တို့၏သားကြီး၊ ဒေါ်သန်းစိုး၏ခင်ပွန်း၊ မောင်သန်းထိုက်(ရွှေသံလွင်ကုမ္ပဏီ)၊ မောင်ဝင်းမြတ်ကျော်(CB- Bank)၊ မအိအိဖြူ (ဒုတိယနှစ်၊ ဆေးဘက်ပညာ)တို့၏ဖခင်၊ ဦးခင်မောင်ဦး–ဒေါ်ခင်အေးနု၊ ဒေါ်ခင်စိုးမြင့် (အထက–၃၊ မြောက်ဥက္ကလာ)တို့၏အစ်ကိုကြီးသည် ၂၅–၁–၂၀၀၄ရက် ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၁–၂၀၀၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၁–၁–၂၀၀၄ရက် (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးကြည်ဝင်း (ပခုက္ကူ)
B.A, H.G.P, R.L
တရားရုံးချုပ်ရှေ့နေ
အသက်(၆၁)နှစ်

ပခုက္ကူမြို့၊ မုံညင်းစုရပ်နေ [(ဦးရာစိုး)–ဒေါ်စန်းရင်(ကျားကြီး ဆေးရိုးစက်)]တို့၏သားကြီး၊ ဦးအောင်သန်း(သချာ)–ဒေါ်မြမြသိန်း (အထက–၁၊ စမ်းချောင်း)၊ ဦးကြည်ဆွေ–ဒေါ်ခင်ဝင်း (နေသူရိန်ရောင်းဝယ်ရေး)၊ ဦးမင်းဆွေ (First Engineer)၊ ဒေါ်ခင်ဆွေဝင်း (ဂန့်ဂေါ)၊ဦးခင်မောင်ဝင်း၊ ဦးခင်မောင်ဆွေ (ကထိက၊ သမိုင်းဌာန၊ ပခုက္ကူတက္ကသိုလ်)–ဒေါ်ဆွေဆွေဝင်း(ရုံးအုပ်၊ နှစ်ရှည်ပင်လုပ်ငန်း)၊ ဦးကျော်ဝင်း၊ ဦးမျိုးဝင်း(ကျားကြီးဆေးရိုးစက်၊ပခုက္ကူ)တို့၏ အစ်ကိုကြီးသည် ၂၇–၁–၂၀၀၄ ရက် နံနက်၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူညီ၊ညီမများ။

ဦးမြင့်ချို
ကြီးကြပ်ရေးမှူး(မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ ရုံးချုပ်)
ကျောက်ဖြူရာသက်ပန်အသင်းဝင် အမှတ်–၁၀၈၂
အသက်(၄၈)နှစ်

တိုက်အမှတ် ၂၈၉/၂၇၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင် (၈)ရပ်ကွက်၊ ရန်ကုန်မြို့နေ (ဦးဘကြိုင်၊ ရဲမှူး၊ငြိမ်း–ဒေါ်ကြည်)တို့၏သား၊ (ဒေါ်ဖြူ၊ ဒေါ်မယ်၊ ဒေါ်ဗေ)နှင့် (ဦးဘကြည် ဒုအထွေထွေမန်နေဂျာ၊အသေးစား ချေးငွေဌာန)တို့၏တူ၊ (ဦးတင်ဦး)–ဒေါ်မသိန်း၊ဒေါ်တင်မေ–ဦးစံကျော်၊ဒေါ်တင်ရီ၊ဒေါ်တင်အေး(ကျောက်တံတားသ/မ)၊ ဦးတင်ထွန်း (အမှတ်–၁၊ သတ္တုတွင်းလုပ်ငန်း)၊ (ဦးမြင့်ကြည်)–ဒေါ်အုံးတို့၏ညီ/မောင်၊ ဒေါ်မြင့်မြင့်ရီ(အထက–၂၊ လသာ)၏အစ်ကို၊ တူ တူမ ကိုးယောက်တို့၏ဦးလေး၊ မြေး ငါးယောက်တို့၏အဘိုးချေသည် ၂၇–၁–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၀၀း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။ ကျောက်ဖြူအသင်းမှကားများ အထက်ပါနေအိမ်မှ ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးအေးကျော် (ငြိမ်း)
ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈)
အသက်(၈၃)နှစ်

မန္တလေးမြို့နေ (ဦးမှတ်–ဒေါ်ရီ)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မြင်သာ၊ အမှတ် ၈၂/၂၊ဟသ်ာလမ်းနေ ဒေါ်ငယ်ငယ်၏ခင်ပွန်း၊ ဦးစံလှဦး–ဒေါ်ခင်မြင့်အေး(စက်မှု–၂)၊ ဦးဇော်ဝင်း၊ (ဦးအောင်သင်း)၊ ဦးအောင်မြင်–ဒေါ်ခင်ခင်စန်း၊ ဒေါ်ဝင်းမာအေး (သံမဏိစက်ရုံ)တို့၏ဖခင်၊ မောင်ဝင်းကျော်မြင့်(အထက–၂၊ ဗဟန်း)၊ မဆွေဆွေစံ (T.T.C)၊ မောင်ညီညီအောင်မြင် (အမက–၃၊ ဗဟန်း)တို့၏အဘိုးသည် ၂၇–၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးစောအောင် (ဟသ်ာတ)
ရန်ကုန်ပညာရေးတက္ကသိုလ် မော်ကွန်းထိန်း(ငြိမ်း)
အသက်(၇၂)နှစ်

ကျေးဇူးရှင်ဆရာကြီး ဦးစောအောင်သည် ၂၅–၁–၂၀၀၄ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ လိုက်ပါပို့ဆောင်ကြမည့် လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမကြီးများ၊ မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဝင်များ၊ ပညာရေးဘွဲ့ရကျောင်းသား ကျောင်းသူ တပည့်အပေါင်းအား ပညာရေးတက္ကသိုလ်ရှေ့မှ မွန်းတည့် ၁၂ နာရီတွင် ကားများထွက်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ ပညာရေးဘွဲ့ရကျောင်းသားကျောင်းသူများ။

ဦးဆိတ်ညွန့် (ပိုးကုန်း)
(ထီးတန်းဆိပ်ကမ်း၊ကတ္တူဌာန၊ အလုပ်သမားမှူး၊ငြိမ်း)
အသက်(၆၇)နှစ်

မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ပိုးကုန်းရွာ (ဦးစံရ–ဒေါ်ငွေရှိန်)တို့၏ သား၊ (ဦးကောင်းညွန့်)၊ (ဒေါ်ငွေကြည်)တို့၏ညီ/မောင်၊ (ဦးမောင်အုန်း)၊ ဦးအောင်ညွန့်တို့၏အစ်ကို၊ (ဦးအေး)–ဒေါ်အေးရီတို့၏သားသမက်၊ ဒေါ်မြရွှေ၏ခင်ပွန်း၊ ကိုလှမျိုးအောင်(မောင်လှမျိုး၊ချင်းချောင်းခြံ)၊ မရင်ရင်ဌေး၊ မအေးအေးနွဲ့၊ မောင်သန်းဝင်းအောင်၊ မောင်အောင်ကျော်လင်း၊ မောင်ကောင်းမြတ်စံတို့၏ဖခင်သည် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ပန်းလှိုင်အိမ်ရာ၊တိုက် ၁၊ အခန်း ၂၂ နေအိမ်၌ ၂၇–၁–၂၀၀၄ ရက် နံနက် ၁၂း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

နာမကျန်းဖြစ်စဉ်အတွင်း ပြုစုကုသပေးခဲ့ကြသော ဆရာဝန်များနှင့် မိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်ကျော်ပိုင်ထွန်း(ခ)ပိုင်ပိုင်
အဋ္ဌမတန်း(ဃ)၊အလက–၁၊ဒဂုံ
အသက်(၁၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၂၊ သန္တာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဦးထွန်းဝင်း–ဒေါ်ကြူကြူခင်၊ (ဦးလဆီးတန်ဂွန်း)–ဒေါ်အားယမ်တို့၏မြေး၊ ဦးထွန်းထွန်း–ဒေါ်လဆီးဒွဲဘူတို့၏သားဦး၊ မသာယာမြတ်နိုးထွန်း[စတုတ္ထတန်း(ဃ)၊အလက (၁)ဒဂုံ]၏အစ်ကို၊ဒေါက်တာဦးဇော်လွင်၊ ဦးလှဝင်း–ဒေါ်မိမိခင်၊ ဦးသက်ထွန်း–ဒေါ်ခင်စုစုမင်း၊ ဦးထွန်းထွန်းလှိုင်–ဒေါ်လဆီးကော့မိုင်၊ ဦးအောင်မြင့်–ဒေါ်လဆီထွယ်ရာတို့၏တူ၊မအေးသီရိသက်ထွန်း၊ မအေးမြတ်ကြည်ဖြူ၊ မရိကဝင်း၊ မအေးအိန္ဒြာ၊ မောင်ဇော်လင်းနောင်၊ မောင်အောင်ဗလတို့၏အစ်ကို၊ မောင်ဒူတွဲ၊ မောင်ဒူနော်တို့၏ညီသည် ၂၇–၁–၂၀၀၄ ရက် မွန်းလွဲ ၁၂း၁၅ နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သီပေါမြို့နယ် နမ့်လန်မြို့ မဇ္ဈိမာရာမ အလယ်ကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ သက်တော်ရှည်ဆရာတော်
ဘဒ္ဒန္တ ဝိစိတ္တသာရ
သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ

သီပေါမြို့နယ်၊ နမ့်လန်မြို့၊ မဇ္ဈိမာရာမအလယ်ကျောင်း၊ ပရိယတ္တိစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ သီပေါမြို့နယ် သြဝါဒါစရိယ နမ့်လန် ရပ်/ကျေး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရသည် ၁၃၆၅ခုနှစ် ဦးတန်ခူးလပြည့်ကျော်၃ ရက် (၁၉–၄–၂၀၀၃ရက်) စနေနေ့ ည ၁၀း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို (၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်)အထိ ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်မှ ၆ ရက်အထိ ခြောက်ရက်တိုင်တိုင် ခမ်းနားစွာ ပူဇော်မည်ဖြစ်ပါသည်။ ရေစက်ချ အရိုးကောက်ပြီး အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကို စည်ကား သိုက်မြိုက်စွာ ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ အန္တိမစျာပနကျင်းပရေးကော်မတီ၊နမ့်လန်မြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဍဝ
နိုင်ငံတော်သြဝါဒါစရိယ(ကျောက်ဖြူမြို့) သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အင်းတောင်၊ ဘဟန်းတောင်နှင့် ဓမ္မဟိတပဝါရဏာဂိုဏ်းတို့၏ဂဏာဓိပတိ(ဂိုဏ်းချုပ်) ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော်
သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ဘုရားကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယက သာသနဓဇသိရီပဝရဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တပဏ္ဍဝ မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၄ ရက် (၂၅–၁–၂၀၀၄ရက်) တနင်္ဂနွေနေ့ ည ၉း၁၅ နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၅၀)ရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အောင်မြေရတနာကျောင်းတိုက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကျောက်ဖြူမြို့ ဘုရားကြီးကျောင်းတိုက်သို့ ပင့်ဆောင်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (စျာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။) ကမ်းထောင်ကြီး အုတ်ကျောင်းဆရာတော်နှင့် ဘုရားကြီးတိုက်အုပ်ဆရာတော်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မြို့နယ်သြဝါဒါစရိယ၊ သုဓမ္မာနိကာယ နာယက သစ်တိုကျွန်းကျောင်းတိုက် ပဓာနနာယက
ဘဒ္ဒန္တ ကောဏ္ဍည မဟာထေရ်
သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၅)ဝါ

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ သစ်တိုကျွန်းကျေးရွာ၊ သစ်တိုကျွန်းကျောင်းတိုက် ပဓာနနာယက၊ မြို့နယ်သြဝါဒါစရိယ၊ သုဓမ္မာနိကာယ နာယကဖြစ်တော်မူသော ဘဒ္ဒန္တကောဏ္ဍည မဟာထေရ်သည် ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၄ ရက် (၂၅–၁–၂၀၀၄ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်(၂–၂–၂၀၀၄ရက်) တနင်္လာနေ့ မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အားအကြောင်းကြားသိစေအပ်ပါသည်။ စျာပနကျင်းပရေးကော်မတီ၊သစ်တိုကျွန်းကျေးရွာ၊ဘီးလင်းမြို့နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပညာဓဇ မဟာထေရ်
ကျောက်တံခါးမြို့နယ်၊ ရွှေဝါစိတ္တသုခကျောင်းဆရာတော်
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၇)ဝါ

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သံပုရာကိုင်းရွာနေ ဦးစံလှရွှေ–ဒေါ်မစိန်ခိုင်တို့၏သား၊ ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ ရွှေဝါရွာ၊ စိတ္တသုခကျောင်းဆရာတော် ဘဒ္ဒန္တပညာဓဇ မဟာထေရ်သည် ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၄ ရက် (၂၅–၁–၂၀၀၄ရက်) တနင်္ဂနွေနေ့ ညနေ ၅း၂၀ နာရီတွင် စိတ္တသုခကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် (၂–၂–၂၀၀၄ရက်) တနင်္လာနေ့ နေ့လယ်တွင် ရွှေဝါရွာ စိတ္တသုခကျောင်းတိုက်၌ အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ အောင်ဆန်းတောရဆရာတော်နှင့်ဒါယကာ၊ဒါယိကာမများ။

ဦးကျော်ဇံဦး
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ဗိုလ်ထွန်းလင်းလမ်း၊အမှတ် ၁၀ နေ ဦးဘငြိမ်း–ဒေါ်ဝင်းတို့၏သား၊ ဒေါ်တင်နု၏ခင်ပွန်း၊ ဒေါ်ခင်စောဦး၊ ဦးမောင်မောင်ဘုန်းမြင့်–ဒေါ်ခင်ဦးမေ၊ ဦးအေးကြိုင်–ဒေါ်ခင်ဦးအောင်၊ ဦးနေထွန်း–ဒေါ်လှလှဝင်း၊ ဒေါ်ခင်ဦးကြီး၊ ဦးကြီးမောင်တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၂၈–၁–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၁–၂၀၀၄ ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ပိုင်လွင်မိုး(ခ) ဖိုးဝ(ခ)ရမ်းဂမ်း
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ သုခလမ်း၊ အိမ်အမှတ် ၂၅၇ နေ ဦးချစ်မြ(အထက–၄၊ အလုံ)–ဒေါ်ချိုနွယ်သန်း(အထက–၄၊ အလုံ)တို့၏သား၊ (နှစ်ထူးအောင်)၊ သစ်ဆန်းအောင်တို့၏ညီ၊ နိုင်တင်ကောင်း၊ ယဉ်မွန်မွန်(GTC မော်ဘီ)တို့၏အစ်ကိုသည် ၂၈–၁–၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၀–၁–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာ၍ သင်္ဃန်းကျွန်း စံပြဆေးရုံကြီးမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

ဇန်နဝါရီ ၂၈ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်မြို့တွင် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌဒေါက်တာထောင်လန်ဆီဆူလစ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမတွင် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်း–ရွှေ့ဖုံး)(သတင်းစဉ်)

သွားဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်မွေးထုတ်ရေး ရန်ကုန်နှင့်မန္တလေး သွားဘက်ဆိုင်ရာတက္ကသိုလ်နှစ်ခုရှိလာ သွားဘက်ဆိုင်ရာဆရာဝန်များယခင်ကထက်နှစ်ဆကျော်မွေးထုတ်နိုင် တိုးတက်ပြောင်းလဲနေသောသွားဘက်ဆိုင်ရာကုထုံးများအချိန်နှင့်တစ်ပြေးညီအသုံးပြု

ရန်ကုန် ဇန်နဝါရီ ၂၈

(၂၄)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်ညီလာခံနှင့် ပဉ္စမအကြိမ် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်း (World Dental Federation-FDI)နှင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ပူးတွဲအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်း(FDI)မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဦးဘမြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်(၂၄)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့်ပဉ္စမအကြိမ်အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်း (FDI)နှင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန် အသင်း ပူးတွဲအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် သွားဘက်ဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းကိရိယာများထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီများ၏ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

ဒို့ဥယျာဉ် အစဉ်တင့်စေဖို့

★ အရှေ့တောင် အာရှ
ဒီဒေသတစ်ခွင်၊
ပန်းရာကျော်စုံညီ အလှနဲ့
သဘာဝ စုကာစည်း
တစ်ခုတည်း မြန်မာဥယျာဉ်။
★ ပန်းအကုန် ဖူးငုံပွင့်
လန်းခွင့်လို့ မွှေးကြိုင်ခွာ
ဥယျာဉ်သာ ဖြစ်ရေး၊
ဒီဥယျာဉ် မြေလွှာခာတ်နဲ့
ဆီလျော်ရာ ဖော်ကာစပ်ပါတဲ့
မြေသြဇာ ခုနစ်ရပ်ကိုလ
သင့်မြတ်ရာ အချိန်ရွေး
ကျွေးသွားစို့လေး။ ။

ပျံလွှား

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်။

ယနေ့ထုတ်စောင်ရေ

၁၉၉၇၈၁

စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

"နိုင်ငံခြားသားများ မြန်မာနိုင်ငံအတွင်း နယ်ချဲ့ရခြင်း၏အဓိကအကြောင်းရင်းမှာ ပေါကြွယ်ဝလှသော မြန်မာ့သယံဇာတပစ္စည်းများကို မက်မက်မောမော ရယူလိုခြင်းကြောင့်ဖြစ်သည်။"

စိုးသိန်း (မြန်မာ့အလင်း)၏(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး "ကုန်းဘောင်ခေတ်မြန်မာနိုင်ငံအတွင်း နယ်ချဲ့တို့၏ ဝင်ရောက် ခြေရှုပ်စွက်ဖက်မှုများ"ကို စာမျက်နှာ (၈) နှင့် (၉)တွင် ဖော်ပြထားပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ရှမ်းပြည်နယ် (တောင်ပိုင်း) ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကို စာမျက်နှာ (၇)တွင် ဝေဝေဆာဆာ ဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**